

မြေးသူကြီး
ညီပုလေး
MOAT THONE 2018

ကျွန်တော် ပါလီမန်ခေတ်မှာ အတွင်းဝန်ဖြစ်ခဲ့ဖူးတယ်။ ပါလီမန်အတွင်းဝန်ဖြစ်ခဲ့ဖူးတာတော့ လူမသိသူမသိ၊ ခေတ္တခဏဖြစ်ခဲ့ဖူးတာ။ ၁၉၆၂ ခု ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းခါနီး လပိုင်းလောက်အလိုမှာ တာဝန်ယူခဲ့ရတာပါ။ တချို့ပုဂ္ဂိုလ်တွေဆိုရင်။ တောက် အာဏာသိမ်းသွားလို့ကွာ နို့မိုရင် နောက်တစ်ကြိမ်ဆို ငါ ဝန်ကြီးဖြစ်ချင်ဖြစ်နေမှာဆိုတဲ့ စိတ်ဝင်ချင် ဝင်ကြမှာပဲ။ ကျွန်တော်ကတော့ အဲဒီလိုစိတ်မဝင်မိဘူး။

ကျွန်တော့်ဘဝမှာ အောင်မြင်မှုသရုပ်ဆောင်းပြီး ဆေးစက်ကျရာ အရုပ်ထင်ခဲ့တာတွေ၊ ခြောက်လုံးပြူးခါးချိတ်၊ စီးကရက် ၅၀ ဝင် သံဘူးလိုက် ဖွင့်သောက်ခဲ့သူလေ။ ကျီတွေလည်း တစ်ကျီပြီး တစ်ကျီ ဆောက်ခဲ့တယ်။ ကားလည်း ထည်လဲစီးခဲ့တယ်။ ငယ်ငယ်က ရွှေထီးဆောင်းခဲ့တာကို . . . .




NPL0001

5,000.00 KS

မြေးသူကြီး၊ ညီပုလေး
မျက်နှာဖုံးပန်းချီ - မှတ်သုန်
စာမျက်နှာ ၃၀၈++ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇/၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇူလိုင်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
(ပထမအကြိမ် - ၂၀၀၂၊ ဒုတိယအကြိမ် - ၂၀၀၆/ စိတ်ကူးချိုချိုမှမှများ)

ရောင်းဈေး ၅၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြေးသူကြီး
# ညီပုလေး

တတိယအကြိမ် ၂၀၁၇

mgyoe.com

mgyoe.com

## ရွှေကြက်ယက်အလွမ်းနဲ့ ညီပုလေးရဲ့ ဆိဆေးပန်းချီ

ညီပုလေးက သူ၏ 'မြေးသူကြီး'ကို အမှာစာရေးပေးရန် ပြောလာပါသည်။ ကျွန်တော့်မှာ အံ့အားလည်း သင့်ရ၊ ဂုဏ်လည်း ယူရပါသည်။ သူ့လို ဝါရင့်ကလောင်တစ်ချောင်းက ကျွန်တော့်လို ခပ်ပါးပါး၊ ခပ်ဖျော့ဖျော့ စာရေးသူတစ်ဦးကို ယုံကြည်စွာ အပ်နှင်းခြင်း။ သူ့ကိုခင်၍ အားနာ၍ တစ်ကြောင်း၊ သူ့စာဖတ်ကြည့်တော့ နှစ်သက်စိတ်ဝင်စား၍တစ်ကြောင်း အမှာစာ ရေးရန် ဆုံးဖြတ်လိုက်ပါသည်။ သူ့ကို ခင်သည်ဆိုသော်လည်း လူချင်း အထိအတွေ့ သိပ်များများ ရှိလှသည် မဟုတ်ပါ။ သူနှင့်စသိရစဉ်က ကျွန်တော် မေးသောမေးခွန်းကို ကြည့်ပါဦး။ "ကိုညိုရေ၊ ကိုညိုနဲ့ ညီပုလေးနဲ့ ငြိမ်းချမ်းနဲ့က တစ်ဦးတည်းလား၊ ဘယ်နှယောက်ရှိတာတုံး"ဟု မေးဖူးသည်။ သူကတော့ သူ့ထုံးစံအတိုင်း ခပ်အေးအေး၊ ခပ်ပြုံးပြုံးပဲ။ "အဲဒီ အားလုံးက ကျွန်တော်တစ်ယောက်တည်းပဲဗျ"ဟု ဖြေသည်။ အဲဒီလောက် သူ့ကို ကျွန်တော် ထဲထဲဝင်ဝင်သိခဲ့တာ။ နောင် သူ့ယောက္ခမ နေမကောင်း၍ ကျွန်တော် လိုက်ကြည့်ဖြစ်တော့မှ သူနှင့်ထိစပ်မှု ပိုလာပါသည်။ သူက စကားပြောလျှင် လည်း ဖြည်းဖြည်းညင်ညင်သာသာ၊ ကားမောင်းလျှင်လည်း ဖြည်းဖြည်း ညင်ညင်သာသာ။ လုပ်ယူမထားသည့် ပင်ကိုသိမ်မွေ့မှုက သူ့ကိုယ်မှ စိမ့် ထွက်နေသည်။ ဆိတ်ဖလူးနံ့ကပင သူ၏သိမ်မွေ့မှုကို ဖျက်ဆီးနိုင်စွမ်းမရှိ။

mgyoe.com

mgyoe.com



သူ့စာတွေကို "မိးသွေးခဲမို့ မည်းသကို"မှစ၍ ဂရုတစိုက် ဖတ်ဖြစ်ခဲ့သည်။ ဆရာတစ်ဦး ထောက်ပြသလို သူက ပျောက်ဆုံးခါနီး၊ ပျက်သုဉ်းခါနီး ဘဝလေးတွေ၊ ရိုးရာလုပ်ငန်းတွေ၊ လူ့ဘဝနေဟန်တွေကို စွဲစွဲလမ်းလမ်း၊ မြတ်မြတ်နိုးနိုး၊ ရှိရှိသေသေဖွဲ့တတ်သည်။ သည့်ပြင် အကြောင်းတွေလည်း သူ ရေးပါသည်၊ ရေးတတ်ပါသည်။ သို့ပေမဲ့ အတိတ် ပုံရိပ်မှုန်မှိတ်မှိတ်တွေ ရေးတော့ သူ့လက်က ကြွနေ၊ တက်နေလေသည်။ ယခုကော? "မြေးသူကြီး" တဲ့။

ကိုလိုနီခေတ်။ ဂျပန်ခေတ်။ လွတ်လပ်ရေးရပြီးစ မြန်မာပြည်။ ပြည်တွင်းစစ်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး လှိုင်းတံပိုးများနှင့် ဆောင်ဘင်ခတ်နေသော မန္တလေး။ ယင်းတို့ကို ဖြတ်သန်းကြီးပြင်း လွန်မြောက်ခဲ့သူ တစ်ဦးအကြောင်း။ ဖွဲ့ရာတွင် အဆင်တန်ဆာ သိပ်သုံးထားခြင်းမရှိ။ သူ့လေအတိုင်း ခပ်ရိုးရိုး၊ ခပ်အေးအေးပဲ။ သို့သော် သူ့လက်ရာတွင် တွေ့ရမြဲ အနုစိတ်ခြယ်မှုန်းမှုကို တွေ့ရသည်။ ခပ်ထူထူ ခပ်ပျစ်ပျစ်ရေးထားသည့် ဆီဆေးကားတစ်ချပ်လို မြင်ရသည်။ ခေတ်ကာလတွေကို မြင်သာထင်သာအောင် အကိုးအကား၊ အထောက်အထား များများရယူဟန် ထည့်ဟန်တူသည်။ ဖခင်သူကြီးလက်ထက်က အကြီးအကျယ် တခမ်းတနားလုပ်ခဲ့သော လှေပြိုင်ပွဲတွေအကြောင်း ရေးရာတွင် စေ့စပ်အကွက်ကျလှသည်။ လှေသမားစကားထဲမှ 'ပတော့ပတင်'ဆိုတာ မှတ်မှတ်ရရဖြစ်စရာ။ တက်ထောင်လျှင်၊ တက်မြှောက်လျှင် လှေပြိုင်ပွဲ ရှုံးတတ်သည်ဆိုတာကို ကြားဖူးသော်လည်း လှေထိုးသားထဲမှ တက်တစ်ချောင်းထောင်လျှင်ပဲ ရှုံးနိမ့်နိုင်ပုံကို ညီပုလေးရေးပြမှ ပို၍သဘောပေါက်ခံစားမိသည်။ ကိုလိုနီခေတ် အင်းလေလံပွဲတွေအကြောင်း၊ အင်းဒိုင်တွေအကြောင်း၊ ရွှေကြက်ယက်တစ်ဝိုက်နေ ကသည်းလူမျိုး၊ ဟိန္ဒူလူမျိုးအကြောင်းတွေကိုလည်း စိတ်ဝင်စားဖွယ်တွေ့ရသည်။ မန္တလေး အာဇာနည် (၁၇)ဦးအကြောင်း ပြန်ပြောင်းတသရာတွင် စွန့်လွှတ်သူကျောင်းသားမိဘ၊ ရဟန်းပြည်သူများသာမက ဆန္ဒပြပွဲမှ ထွက်ပြေးလွတ်မြောက်လာသူကျောင်းသူ/သားငယ်ကလေးတွေကို ပူပန်ကြီးစွာ ဝှက်ပေးသော၊ ရေတိုက်၍ အမောပြေစေသော သာမန်ပြည်သူများအကြောင်းကိုလည်း၊ ကြည်နူးဖွယ် ဂုဏ်တင်သည်။ (စာ ၉၂) အနက်ရောင်လက်ပတ်များ (စာ ၉၇)တွင် မျိုးချစ်

mgyoe.com

mgyoe.com



စိတ်နှင့် ထက်သန်နေသော တောက်ပဝင်းလက်နေသော လူငယ်တစ်စု၏ ရဲရဲတောက်စိတ်ဓာတ်ကို ဖျတ်ခနဲမြင်လိုက်ရသည်။ ဆရာဝန်တစ်ဦးအနေဖြင့် မန္တလေးတစ်ဝိုက် ဖြစ်ပွားခဲ့သော ကပ်ရောဂါ (ပလိပ်ရောဂါ) အကြောင်း ဖတ်ရတာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ကျွန်တော်တို့ခေတ်လူတွေ ဘယ်လိုမှမသိနိုင် မမီနိုင်တော့သည့် ရောဂါတွေ။ မန္တလေးသင်္ကေတဖြစ်သည့် မောင်တာရဲ၊ မရာထို၊ ဆရာကြီး ဦးရာဇာတ်၊ သူရိယဦးသန်းမောင်၊ ဗိုလ်ခင်မောင်လေး၊ ကျားဘညိမ်း၊ မြို့မငြိမ်း၊ ဒါးတန်းဦးသန့်၊ ဒေါက်တာ ထွန်းရွှေ၊ နဂါးဒေါ်ဦး၊ ဦးကုသလ၊ ဦးကျော်လှ (အသားစားရှောင်ကြဉ်ရေး)၊ ဦးထွန်းလှ၊ ဦးကြည်မြတို့ အကြောင်းကလည်း ဖြိုးခနဲ ဖြောက်ခနဲ ရောင်စုံ တောက်ပနေသည်။

အတ္ထုပ္ပတ္တိကောင်းတို့တွင် တွေ့ရမြဲ စိတ်ကူးထက် ဆန်းကြယ်သော ရင်ထဲလှုပ်ခတ်စရာတွေ တစ်ပုံတစ်ပင်ကြား အချို့ကို ကောက်နုတ်တင်ပြချင်သည်။ ဆိုက်ကားဆရာ ကိုဖေတင်နှင့် ကားပြာသင်းဥက္ကဋ္ဌ ရင်ဆိုင်ခန်း (ခပ်ကြမ်းကြမ်းလှုပ်နှိုးသူ စာ ၂၂၂) မှာ ရုဒ္ဒရသနှင့်စ၍ သိင်္ဂါရရသနှင့် အနားသတ်သည့်ပွဲ။ အကြမ်းပတမ်းမှုက မည်သူ့အကျိုးစီးပွားကိုမှဦးမတည်။ နှစ်ဦးနှစ်ဖက် ပျက်သုဉ်းရေးကိုသာ ဦးတည်သည်။ ခွင့်လွှတ်ခြင်း၊ သည်းခံထိန်းသိမ်းခြင်း၊ အပြန်အလှန် တလေးတစား ကူညီထောက်ပံ့ခြင်းတို့ကသာ လောကကို စောင့်ရှောက်နေသောတရားဆိုသည်ကို လင်းလက်စေသည်။ ဘိုးကြန်နဲ့ ဒေါ်မန္တလာမြင့် (စာ ၂၆၉–၂၈၁) ကတော့ ကရုဏာ၊ မေတ္တာတို့နှင့် ထုံသင်းမွေးပျံ့နေသော ဆွတ်ပျံ့ဖွယ် ပန်းချီကားတစ်ချပ်။ ကြေကွဲစရာလည်း ကောင်း။ အသက်ကြီးကာမှ ချို့ချို့တဲ့တဲ့၊ ဆင်းဆင်းရဲရဲ၊ နွမ်းနွမ်းပါးပါး နေရရှာသူ အနုပညာရှင်ကြီးနှစ်ဦးအကြောင်း။ အနှီ အနုပညာသည်ကြီးတွေကို နေရာပေးတတ်သော၊ လေးမြတ်တတ်သော၊ ထောက်ပံ့ကူညီပူဇော်တတ်သော မြေးသူကြီးကို အကြိမ်ကြိမ် သာဓုခေါ်မိသည်။ ဝင်းပ ကရုဏာပုံရိပ်။ တည့်တည့်ပြောမှ ရိပ်မိတဲ့သူကြီး (စာ ၆၇)၊ ပေါင်လုံးကြောင်ကုပ် (စာ ၈၈) တို့ကတော့ စက်ဆုပ်စရာ၊ မသတီ အော်ဂလီဆန်ချင်စရာ ကောင်းလှ၍ ရင်ထဲစွဲရပုံမျိုး။ အထက်က အဖွဲ့အနွဲ့တွေနှင့် တစ်ဘာသာစီ။

mgyoe.com

mgyoe.com



လူ့စည်း ဘီလူးစည်း ခွဲမသိသူတွေ၏ လုပ်ရပ်။ ရှိက်ကုန်းနှင့် ကြီးလေးသော အပြစ် (စာ ၁၅၇)ကလည်း ထို့အတူ။ လူဆိုတာ ဒေါက်တာဂျက်ကီးဖြစ်လိုက်၊ မစ္စတာဟိုက်(ဒ)ဖြစ်လိုက်။ မြင့်မြတ်ချင်လျှင်လည်း မိုးထိမြင့်မား၍ အောက်ကျချင်လျှင်လည်း အဝီစိဆိုတာ သိပ်စောက်မနက်ပါဘူးဟု ထင်ချင်သူတွေ။

မြေးသူကြီး မှတ်မှတ်ရရဖြစ်ရတဲ့ ပုဂ္ဂိုလ်တွေထဲမှ ပုဂ္ဂိုလ် ၄ ဦးအဖွဲ့က ပြုံးပြက်နေသည်။ တစ်ဦးက မြေးသူကြီးရဲ့အဖေ သားသူကြီးပေါ့။ သူကြီးသားအတွက် သင်ခန်းစာ (စာ ၆၃)တွင် ငှက်ပစ်နည်းကိုပြော၍ လူ့ကျင့်ဝတ်တစ်ခုကို အလေးထားသင်ပေးသော အဖေ့ကို သတိရသည်။ မိမိအားကြီးနေလျှင် တစ်ပန်းသာနေလျှင် တစ်ဖက်က အားငယ်သော၊ နိမ့်ကျသောသူကို တန်းတူအခွင့်အရေးပေးပြီးမှ ယှဉ်ပြိုင်ရင်ဆိုင်သင့်ကြောင်း ပြောပြသည်။ ဖခင်သူကြီးကျေးဇူး (စာ ၂၃၈) တွင်လည်း ဖခင်၏အဆုံးအမနှင့် လေ့ကျင့်သင်ကြားပေးမှုကြောင့် လူထဲသူထဲ ဝံ့ဝံ့စားစားနေနိုင်ကြောင်း၊ နေတတ်သည့် ဓလေ့ ရခဲ့ကြောင်းပြောသည်။ ဖခင်ကျေးဇူးကို အမှတ်ရခြင်း။ သူ့အစ်ကို ရဲဘော်ကိုအောင်ခကို တခုတ်တရစာဖွဲ့သည်။ ချစ်ခင်စွာ၊ ညွတ်နူးစွာ၊ ဂုဏ်ယူစွာ။ သူ့ကို နိုင်ငံရေးအရ၊ စိတ်ဓာတ်ရေးအရ အလွှမ်းမိုးဆုံးသူတစ်ဦးဖြစ်သည့် ကိုထွန်းတင် (ခ) ကိုချစ်ခင် (ခ) ကိုကိုကြီးအကြောင်း ဖတ်ရတာ အလွမ်းဝတ္ထုတစ်ပုဒ် ဖတ်ရသလိုပင်။ အမိတိုင်းပြည်အတွက် လွမ်းတေးတစ်ပုဒ်။ ကိုထွန်းတင်က ထက်မြက်ခြင်းကို ကိုယ်စားပြုသည်။ ကိုယ်ကျိုးစွန့်ခြင်းကို ကိုယ်စားပြုသည်။ အမြော်အမြင်နှင့်ပြည့်စုံခြင်းကို ကိုယ်စားပြုသည်။ အတ္ထုပ္ပတ္တိ တစ်စောင်တစ်ဖွဲ့ရေးထိုက်သည့် ပုဂ္ဂိုလ်တစ်ဦးပေတကား။ နောက်တစ်ဦးက ဘွိုင်းစကောက် ဦးလှကြီး (စာ ၈၄)။ 'သူလိုလူ'ထဲက ဆရာဝန်မြင့်မောင်လို အနစ်နာခံသည့်လူ။ ဆရာတစ်ဦးအနေနှင့် ပညာရပ်ဆိုင်ရာ ပြည့်စုံကုံလုံသူ။

ကျွန်တော်တို့ ဆေးကျောင်းရောက်တော့ ကျောင်းရှေ့ လမ်း ၃၀ ပေါ် တအိအိဖြတ်မောင်းသွားသည့် ကားပြာကြီးတွေကို ရှုဖန်ရှုခါ သတိရမိ၊ လွမ်းမိသည်။ ကျွန်တော်တို့ မစိုးရိမ်ရပ်ရှင်ရုံ၊ ဈေးချို၊ ရဲရင့်စာအုပ်ဆိုင်၊

mgyoe.com

mgyoe.com



ဝင်းလိုက်ရုပ်ရှင်ရုံ၊ ဘုရားကြီးတို့ကို သွားရင် စီးရတာ။ ဘုရားကြီးက ဂိတ်ဆုံး။ ကျွန်တော်တို့တစ်တွေ ကျောင်းထဲကနေပြေးထွက်ပြီး လက်ပြတားလျှင် ရပ်ပေးတတ်သည်။ ဒီကားပြာကြီးတွေနဲ့ပဲ ပြင်ဦးလွင်သွားလည်ကြရင်း ပြန်အဆင်း ပြင်စာအလွန်မှာ ကားမှောက်ကြတာ။ ဒီကားပြာကြီးတွေ၏ ခေတ်ဦးသမိုင်းကို ယခုစာအုပ်ဖတ်မှ ဂဃနဏသိရသည်။ ကားပြာအသင်းကြီးမှာ ပါဝင်လှုပ်ရှားခဲ့သော၊ အသင်းကို ပုံသွင်းထုဆစ်ခဲ့သော မြေးသူကြီး၏ ကဏ္ဍကို တွေ့ရမြင်ရသည်။ သူ၏ ပါးနပ်ကျွမ်းကျင်မှု၊ ကိုင်တွယ်တတ်မှု (Mánipulation) ကို မြင်ရသည်။ စည်းရုံးရေးအတွေ့အကြုံ အသားကျသူတစ်ဦး၊ ဩဇာအာဏာကို ကျင်လည်စွာကိုင်တွယ်ဖူးသူတစ်ဦးက သူ့လောက်အတွေ့အကြုံမစုံလင် မထွေပြားသည့်လူတွေကို သူလိုရာလမ်းကြောင်းပေါ် အတင်းတွန်းပို့ ဆွဲခေါ်သွားတာ မြင်ရသည်။ ဒါကလည်း ခေတ်တိုင်းမှာ ကြုံရမြဲ။ ထူးသော်လည်း မဆန်းလှသည့် ဖြစ်စဉ်တစ်ခုသာ။ သူကြီးသွေးနှင့် တိုက်တိုက်ခိုက်ခိုက် ဖွံ့ဖွံ့စားစား လုပ်တတ်သည့်စိတ်က ကားပြာအသင်း ဥက္ကဋ္ဌဘဝမှာ ခေါင်းပြုအကျိုးပေးသည်ထင့်။

ညီပုလေးက အဖွဲ့အနွဲ့ကောင်းသူ။ အတ္တုပ္ပတ္တိဆန်ဆန် ရေးရတော့ ဖွဲ့နွဲ့စရာ သိပ်မရသည့်ကြားက ရသရွှေ့ ကြိုးစားဖွဲ့နွဲ့သူ။ အချို့သော ဆိုရိုးစကားတွေ၊ အသုံးအနှုန်းတွေက သာမန်လူထုပါးစပ်ဖျားက ခုန်ဆင်းလာသော်လည်း လှပသပ်ရပ်နေသည်။ ဒါတွေကို ညီပုလေးက ဂရုတစိုက်မှတ်တမ်းတင်သည်။

"မောင်သာမြဆိုင်တော့ဗျာ မစားကြလေနဲ့။ သူ့ဆိုင်သွားရင် မင်းတို့ကြက်သွန်ချဉ်တောင် စားရမှာမဟုတ်ဘူး" (စာ ၃၂)

"ဘနောက အကောင်တွေ လုပ်ချသွားတာ။ ဒီအကောင်တွေ နွားစားသလိုပဲ ကြက်သွန်တွေချည်း စားသွားတာ" (စာ ၃၂)

"ရွှေကြက်ယက် မိကျောင်းပေါ် မရာကျော်ကိုက်တဲ့မိကျောင်း" (စာ ၃၇)

"ဒီလိုကိစ္စတွေအတွက် လက်အလွန် အင်မတန်ယဉ်တဲ့လူတွေ ရှိတယ်" (စာ ၁၅၇)

mgyoe.com

mgyoe.com


"အဲဒီလိုဆိုးလိုက်ရင် ချည်တွေက ယောဂီရောင်၊ ရသေ့ရောင် ဖြစ်သွားရော။ ပြီးတော့မှ ပါဏာတိပါတာ အလုပ်လုပ်ကြတာ" (စာ ၁၆၂)

"လိမ်တာကိုတော့ ရွှေကြက်ယက်အရပ်ကလူတွေက ထူးထူးဆန်းဆန်းကိစ္စ မလုပ်သင့်မလုပ်အပ်တဲ့ကိစ္စလို့ သိထား၊ သတ်မှတ်ထားကြတာ" (စာ ၁၇၂)

"ကျွန်တော် သတ္တိရှိတယ်၊ မိုက်တယ်။ ဒါပေမဲ့ ကိုယ် အရေးနိမ့်နေတဲ့အခါမှာ ကိုယ့်သေနတ်သံကိုယ် ပြန်လန့်မိတာပေါ့" (စာ ၁၈၈)

"ဟော့ ခြူးပိုက်ဆံနဲ့ ဒင်္ဂါး လဲလိုက်ရအောင်လာလေ" (စာ ၂၂၄)

"မင်းက ဝက်သားဟင်း၊ ငါက ချဉ်ပေါင်ဟင်းနော်" (စာ ၂၂၄)

"အခြေနေလေးပေးရင် ရွှေကြက်ယက်ကို ခဏခဏပြန်တယ်။ ဘာလို့ ပြန်တာလဲဆိုတော့ အဆဲခံချင်လို့ပြန်တာ" (စာ ၂၂၈)

"ရန်ကုန်မှာ သော်တာဆွေ၊ မန္တလေးမှာ တော်ရာပွေပေါ့" (စာ ၂၅၉)

"အကြောင်းမသင့်တော့ ကိုယ်ပေါက်တဲ့သေးစီးကြောင်းတောင်မှ မြွေမှတ်ပြီး လန့်ခုန်မိတဲ့ဘဝလေ" (စာ ၃၀၇)

"ငွေမျော ငွေနဲ့လိုက်ဆိုပေမယ့် အရှိန်နဲ့အဟုန်နဲ့မျောတော့ ဘယ်လိုမှ လိုက်မမိဘူး" (စာ ၃၀၇)

(စာ ၂၉၅) တွင် ပစ်ကနစ်ထွက်ခြင်းကို ဖွဲ့ထားတာ လှပတဲ့ သက်ငြိမ်ပန်းချီကားတစ်ချပ်လို။

ညီပုလေး၏ အားထုတ်မှုက သာဓုခေါ်လောက်သည်။ ဤစာကို ရေးရန် လူနှင့် အချိန်များစွာ စိုက်ထုတ်ခဲ့ရသည်။ နှစ်ချို၍ ကြာမြင့်သည်ဟု ဆိုသည်။ အထောက်အထားတွေ၊ ခေတ်ပြိုင် မှတ်တမ်းတွေ ရှာရဖွေရ ကောက်နုတ်ရပါလိမ့်မည်။ ခေတ်က ကျွန်တော်တို့မမီလိုက်သည့်ခေတ် ဖြစ်ပေသကိုး။ တိကျချင်လွန်း၍ အသေးစိတ် မှန်းချင်လွန်း၍ တချို့နေရာတွေမှာ အရေးအသားက စာနယ်ဇင်းဆန်ဆန် ဖြစ်သွားသည်လည်းရှိသည်။ ရသထက် သုတဘက် ယိုင်သွားခြင်း။ သတင်းစာဆရာဗိဇသွေးက သား စာရေးဆရာမှာ ပြန်ထွန်းလာခြင်းပေလား။ တချို့အချက်အလက်တွေက ကျွန်တော်ဖတ်မှတ်ဖူးတာနှင့် ကွဲလွဲနေသည်လည်း ရှိသည်။ ဥပမာ ဗိုလ်ချုပ်မောင်မောင်

mgyoe.com

mgyoe.com

အဖမ်းခံရခြင်း (စာ ၁၇၅)။ အနီးစခန်း လေယာဉ်ကွင်းအဆင်းမှာ ကရင်အဖမ်းခံရသည်ဟု ပါရှိနေသည်။ ကျွန်တော် သိသရွေ့က အထက်မြန်မာပြည် တပ်တွေလာစစ်ရင်း မိတ္ထီလာ ရှေ့တန်းတစ်နေရာမှာ အဖမ်းခံရခြင်း။ ရန်ကုန်ဘဆွေ၏ "တိုက်ယူရသည့် မျက်ရည်တစ်ပေါက်" ပြန်ဖတ်ကြည့်တော့လည်း မည်သည့်နေရာတွင် အဖမ်းခံရသည်ဆိုတာ မပါချေ။

လူတစ်ဦးတည်း၏ အတိတ် ပြန်ပြောင်းတသချက်တွေကို ရေးရတာ ဟန်ချက်မပျက်ဖို့၊ အမြင်မှျတဖို့က ခက်လှသည်။ ဒါကို ညီပုလေးက ကျွမ်းကျင်စွာ ကိုင်တွယ်သွားနိုင်သည်ဟု ထင်ပါသည်။ အချို့ တစ်နေရာနှစ်နေရာမှာတော့ စာရေးဆရာက သူကိုင်တွယ်ရသော အတ္ထုပ္ပတ္တိရှင်ကို ချစ်ခင်ကျွမ်းဝင်မှုကြောင့်ထင့်၊ မြေးသူကြီးဘက်မှ တစ်ဖက်သတ်လျှောက်လဲသံကိုကြားရသည်။ အခြားတစ်ဖက်က လျှောက်လဲချက်ကလည်း ကာယကံရှင်က ပြောမှ၊ ဖွင့်ဟမှ သိနိုင်ပေမည်ကိုး။ "မြေးသူကြီး"တွင် တစ်လျှောက်လုံးကျည်ကျည်လောင်လောင် မြည်ဟိန်းနေတာက မြေးသူကြီးရဲ့ ရှင်သန်လိုစိတ် (Survival spirit) ပဲ။ လှုပ်ရှားရသည့် ရုန်းကန်ရသည့် ခေတ်အဆက်ဆက်မှာ မလွင့်မစဉ် တင်ကျန်ရစ်အောင် သူနေခဲ့သည်။ အပွန်းအပဲ့ အရှအနာနည်းနည်းတော့ ရှိသည်ပေါ့။ သို့ပေမဲ့ မကျိုးမကန်း မသေမပျောက်။ တတိယအရွယ် ဘဝဆည်းဆာမှာ ဇရာနှင့်ဗျာဓိနှင့် တိုးတော့ ဝင်ဆောင့်တော့ရော။ သည်လိုအခြေအနေမှာပင် ဘဝကို ဆက်လက်ရှင်သန်လိုစိတ်၊ ရန်းကြွတုံ့ပြန်လိုစိတ်၊ မထီတရီစိတ်က ပြက်ပြက်ထင်ထင်။ ကျွန်တော်ဆီးရိုးတွေနှင့် စာပေတာဝန် ကျေပွန်ခဲ့သည့် ဖခင်စာရေးဆရာ၏ ခြေရာကိုသားငယ်က စနင်းနေပြီ။ ညီပုလေး၏ စမ်းသပ်ကြိုးပမ်းမှုကို ကြိုဆိုပါသည်။ ဝိစ်ခုပဲ မေးစရာရှိသည်။ သည်လိုစာမျိုးရေးလျှင် ရသနှင့် သုတကို မည်သို့အချိုးချ၍ ရေးမည်လဲ? အချိုးအစားမှန်လျှင် မြေးသူကြီးလိုပဲ ခေတ်အဆက်ဆက် တင်ကျန်ရစ် (Survive) ဖြစ်ပါလိမ့်မည်။

ဒေါက်တာအောင်ကြီး

စာပြီးရက် ၉-၁၀-၂၀၀၄

❑

mgyoe.com

mgyoe.com



ဦးလေးဦးစောမောင်ဟာ ကမ္ဘာသိ မြန်မာသိ ပုဂ္ဂိုလ်ကျော်တစ်ဦးလည်း မဟုတ်သလို စံပြုစရာပုဂ္ဂိုလ်လို့လည်း မဆိုနိုင်ဘူး။ တောခို လက်နက်ချ တစ်ယောက်အကြောင်း လျှော့မွေးဇာရာဇာသီချဲ့တယ်လို့ စကားတင်းဆိုချင် သူတွေ ဆိုကြပါလိမ့်မယ်။

ဦးလေးဦးစောမောင်ဟာ စံပြုစရာပုဂ္ဂိုလ် မဟုတ်ပေမဲ့ သူ့ဆီက သင်ခန်းစာယူစရာတွေကတော့ အများသား။

ရှေးယခင်ရာဇဝင်တွေထဲမှာ ပဒေသရာဇ်မင်းဧကရာဇ်တွေအကြောင်း မှတ်တမ်းတင်ခဲ့ကြတာမို့ သာမန်ပြည်သူတွေရဲ့ဘဝကို တိတိပပ မသိခဲ့ကြရ ဘူး။ ကဗျာတချို့ စာတချို့ကသာ ခြေရာပိုးတဝါး ကောက်နိုင်ခဲ့ကြတာ ကလား။

"မြေးသူကြီး"ဟာ သူ့ဘဝအကြောင်းနဲ့အတူ သူ သိမီလိုက်တဲ့ သူ့ ဖခင်၊ သူကြားဖူးတဲ့ သူ့အဘိုး စံရွှေးသူကြီးအကြောင်းတွေ ပါဝင်တယ်။ မျိုးဆက်သုံးဆက်မှာ နှစ်ဆက်က ခပ်ကျဉ်းကျဉ်း ခပ်ဝါးဝါး။ ပြီးတော့ ရွှေကြက်ယက်၊ မန္တလေး၊ ပြင်ဦးလွင်နောက်ခံနဲ့ အဖြစ်အပျက်တွေကို ရေး ထားတာ စာမူကိုကြုံဖတ်ရတဲ့ သူငယ်ချင်းသန်းဒန်ကတော့ ဒေသကွက်ကွက် လေးတစ်ခုကိုလည်း အခြေခံတာမို့ ဒီစာအုပ်ကို ဈေးကွက်မှာ ရောင်းမစွံမှာ တွေးပူတယ်တဲ့။ ကျွန်တော်ကတော့ စာအုပ် ရောင်းစွံဖို့ထက် ဒီစာအုပ် ရေးဖြစ်တာကိုပဲ လုပ်သင့်တဲ့အလုပ်တစ်ခု လုပ်လို့ပြီးစီးသွားတယ်လို့ ခံစားမိ ပါတယ်။

ညီပုလေး

❑

mgyoe.com

mgyoe.com

# မြေးသူကြီး

ညီပုလေး




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မျိုးရိုး

ကျွန်တော့်အဘိုး ဦးအောင်ကြီးကသူကြီးပါ။ ရှေးတုန်းကပဒေသရာဇ် ခေတ်ဆိုတော့ သူကြီးကွယ်လွန်ရင် သူကြီးသားက သူကြီး ဆက်လုပ်ရ တယ်။ အများက ရွေးကောက်တင်မြှောက်တာ မရှိသေးဘူး။ သူကြီးမှာ သားမရှိရင် ညီတို့၊ တူတို့ အဆက်အနွယ်ထဲကပဲ သူကြီးတင်လေ့ရှိတယ်။ အများက ရွေးကောက်တင်မြှောက်တဲ့ သူကြီးကိုတော့ ဖဆပလခေတ်မှာ ကြုံခဲ့ရတယ်။

အဘိုးဦးအောင်ကြီးက မြန်မာရှင်ဘုရင်လက်ထက်မှာ ဘုရင့်ရေတပ် မှာ အမှုထမ်းခဲ့သူပါ။ စစ်ကိုင်းတောင်ရိုး မြောက်ဘက်အခြေက ဝါးချက်ရွာ အဆက်အနွယ်တွေပေါ့။ ဝတ်ချက်လို့လည်း ရေးထုံးရှိတယ်။ ဝါးချက်တို့ စံရွေးတို့ဆိုတာ မြန်မာရှင်ဘုရင်ရဲ့ ရေတပ်အတွက် အရေးပါခဲ့တဲ့အရပ်တွေ ပေါ့။ ရှင်ဘုရင်မှာ စံရွေးလှေတော်၊ ရွှေလောင်းလှေတော်၊ စိန်တုံးလှေတော် စတဲ့ လှေကော်ကြီးတွေ ရှိတယ်။

ကျွန်တော့်အဘိုးဦးအောင်ကြီးက စံရွေးလှေတော်ကို အုပ်ချုပ်ရတယ်။ နောင်တော့မှ အဘိုးကို သူကြီးခန့်လိုက်တာ။ စံရွေးတိုက်နယ်သူကြီးအဖြစ် ခန့်လိုက်တာလေ။ ဦးအောင်ကြီးက ရခိုင်စပ်တယ်။ အဘိုးဦးအောင်ကြီးရဲ့ အဖေ ဦးမြတ်သာဦးကတော့ ရခိုင်လူမျိုးအစစ်တဲ့။

ရှေးမြန်မာဘုရင်လက်ထက်တုန်းကတော့ နန်းတွင်းမှာ ခစားကြတဲ့

mgyoe.com

သူ အချင်းချင်း အကြီးအကဲတွေက ထိမ်းမြားလက်ဆက်ပေးသတဲ့။ စုဖုရားလတ်မှာ အကြီးတော် မရွှေဆိုတာ ရှိတယ်။ အကြီးတော်ဆိုတာ နာမည်ကသာ အကြီးတော်လို့ ခေါ်ကြတာ တကယ်တော့ ကလေးထိန်းရတာဆိုပဲ။ စုဖုရားလတ်ဆီမှာ မရွှေ ခစားရင်း စံရွှေးလှေတော်က မောင်အောင်ကြီးကို သဘောကျကြတာနဲ့ မောင်အောင်ကြီးနဲ့ မရွှေကို စုလျားရစ်ပတ်ပေးလိုက်တာတဲ့။ ဘုရင်နဲ့ မိဖုရားက ပေးစားတဲ့ လင်မယားပေါ့။

စုဖုရားလတ်ရဲ့ အကြီးတော်မရွှေက ပါတော်မူတုန်းက တောင်းကြီးတစ်တောင်းရွက်ပြီး နန်းတော်ထဲက ထွက်ခွာသွားသူပဲလို့ ပြောစမှတ်ရှိတယ်။ ဒေါ်ရွှေတို့ သူကြီးဦးအောင်ကြီးတို့က ချမ်းသာကြတော့ သူတို့က ချမ်းသာမှာပေါ့၊ သီပေါဘုရင်ရဲ့မိဖုရား စုဖုရားလတ်က မိရွှေ လာ ဒါ... ဒါ... ဒါ... တွေ ယူပြီး နန်းအပြင်မှာ လုံအောင်သိမ်းထားချေလို့ ခိုင်းလို့ မြန်မာရှင်ဘုရင်ရဲ့ နန်းစဉ် လက်ဝတ်ရတနာပစ္စည်းတွေ တောင်းနဲ့ရွက်သယ်ပြီး ထွက်လာခဲ့သူမို့ ချမ်းသာတာ။ အရှင်နှစ်ပါး ပြန်မလာတော့ နန်းစဉ်ရတနာတွေ သူတို့ချည်း ရလိုက်တာ။ ဒါကြောင့် အခုလို ချမ်းသာနေကြတာလို့ သမုတ်ကြတယ်။

လှေသင်းဝန်ကလည်း ဝါးချက်ရွာသားပဲ။ မင်းကျောင်းဆိုတာ လှေသင်းဝန် လှူတဲ့ကျောင်း။ မင်းကျောင်းဆရာတော်ဆိုတာ နာမည်အလွန်ကြီးခဲ့တယ်။ ကျွန်တော့်အဘိုး ဦးအောင်ကြီးက လှေသင်းဝန်ရဲ့ လက်ရုံးပေါ့။

ကျွန်တော့်အဖေ ဦးဘဂျမ်းမှာ အရီးတစ်ယောက်ရှိတယ်။ ဝမ်းကွဲတော်စပ်တဲ့ အရီးပါ။ ဒေါ်ဖိတဲ့။ သူက အရပ်ပုပု၊ စိတ်သိပ်မနှံ့ရှာဘူး။ စိတ်လိုလက်ရရှိရင်တော့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောပြတတ်တယ်။ သူက ပြောင်းဖူးဖက်ဆေးလိပ်ကြီး ဖွာရင်း ပြောနေတာ။ စိတ်မနှံ့သူဆိုတော့ အရီးဒေါ်ဖိ ပြောတာတွေကို အတည်ယူလို့မဖြစ်ပြန်ဘူး။ အဲဒီအထဲမှာ မရွှေက ဘုရင့်နန်းစဉ်ရတနာတွေ တောင်းနဲ့ရွက် ထွက်သွားတယ်ဆိုတာ ခဏခဏ ပါတတ်တယ်။

စိတ်ကောင်းနှလုံးကောင်း ဝင်နေရင်တော့ သနပ်ခါးမထူမပါး အကျအန ခြေဆုံးခေါင်းဆုံးလူးတယ်။ အဝတ်အစားလည်း သန့်သန့်ပြန့်ပြန့်ဝတ်

mgyoe.com

ပြီး ငါးသေတ္တာခွက်ဟောင်းထဲက သောက်လက်စ ပြောင်းဖူးဖက်ဆေးလိပ်ကို မီးညှိတော့တာပါပဲ။

“မင်းသမီးမထွေးလေးဆိုတာ နာမည်ကြီးပေါ့။ သူက မင်းမျိုးမင်းနွယ်ပဲ။ ဘိုးတော်ဘုရားရဲ့မြေး ကသည်းမင်းသား မင်းသီဟနဲ့ ဒေါ်မမကြီးတို့က မွေးတာ။ သူ့နာမည်ရင်းက ခင်ထွေးလို့ခေါ်တယ်။ မထွေးလေး ငယ်ငယ်တုန်းက သီပေါမင်းရဲ့မိဖုရား အစ်မတော် စုဖုရားကြီးနဲ့ ညီမတော် စုဖုရားလတ်တို့ဆီမှာ ခစားရတဲ့ အပျိုတော်လေး။ အပျိုတော်တွေထဲမှာ ခင်ထွေးက အငယ်ဆုံးမို့ သူ့ကို ချစ်စနိုး ‘ထွေးလေး’လို့ ခေါ်ကြတာ”

အရီးဒေါ်ဖီက ပြောနေရင်းနဲ့ ခံတွင်းချဉ်တဲ့အခါ ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို အားရပါးရ နှစ်ဖွာသုံးဖွာ ဖွာလိုက်ပြန်ရော။ ခံတွင်းချဉ်ပြေသွားရင် ဆက်ပြောပြန်ရော။

“မထွေးလေးရဲ့ ညာဘက်ချိုစောင်းမှာ အမာရွတ်ကြီးတစ်ခု ရှိတယ်။ အဲဒီအမာရွတ်ဟာ မထွေးလေးငယ်ငယ်တုန်းက အတွင်းတော်မှာ ခစားရင်း စုဖုရားလတ်က သူ့လက်မှာဝတ်ထားတဲ့ လက်ကောက်တွေနဲ့ ခေါင်းကို ခေါက်လိုက်လို့ ရတဲ့ဒဏ်ရာတဲ့။ စုဖုရားလတ်က စတီလက်ကောက်တွေ ဝတ်တာလေ”

ဒီလိုအဖြစ်အပျက်တွေ အရီးဒေါ်ဖီက ပြောပြတတ်တယ်။

တစ်ခါတလေ ရာသီဥတု သိပ်ပူပြင်းရင် အရီးဒေါ်ဖီခမျာ စိတ်ရောဂါကို တော်တော်ခံစားရရှာတယ်။ အဲဒီအခါ အရီးက နည်းနည်းကြမ်းတတ်တယ်။ အိမ်က ရက်ကန်းစင်တွေပေါ် တက်အိပ်ချင် အိပ်ကရော။

အဲဒီလို တက်အိပ်ရင် ပိုးချည်တွေ ရက်ပင်က အောက်အိကျကုန်ရော။ ဒါဆိုရင် ရက်ကန်းတန်းကိုပြန်ပြီး ရက်ကန်းရှယ်ကြရတယ်လေ။ ရက်ကန်းပြန်ရှယ်ရတယ်ဆိုတာ နှပ်ပြန်ကောက်ရ ပြန်ပြင်ရတာ။ အရီးဒေါ်ဖီက ပိန်ပိန်ပါးပါးပေမယ့် ရက်ပင်က မခံနိုင်ဘူး။

ရက်ကန်းရက်တဲ့သူတွေက အဲဒီအချိန်ဆို သူ့ကို ဆူကြပူကြ အော်ကြတာပေါ့။ အလုပ်တွေပိုကုန်တာကိုး။ ဒါပေမဲ့ အရီးဒေါ်ဖီကတော့ မဖြုံပါဘူး။ မမှုပါဘူး။ သူ မလုပ်သလို သူနဲ့ မဆိုင်သလိုဘဲ သူလုပ်ချင်ရာ လျှောက်လုပ်

mgyoe.com

mgyoe.com

တော့တာ။

အဲဒီခေတ်က စက်ရက်ကန်းမပေါ်သေးတော့ ရက်ကန်းတန်းလေးပေါ့။ နှစ်နံ့စပ်ပဲ ရက်နိုင်တဲ့ စင်ကလေး။ တချို့တောအရပ်တွေမှာ အခုထိရှိသေးတယ်။ နှစ်နံ့စပ်လုံချည်တွေ၊ ငါးစပ်စောင်တွေ ရက်ကြတုန်းပါ။ ပုဆိုးတစ်ထည်ကို ဖင်မြဲမြဲကြိုးစားခတ်မှ နှစ်ရက်လောက် ခတ်ရတယ်။ အဲဒီပုဆိုးကို ရက်ကန်းခတ်ခ ငါးမူးရတယ်။ လက်လျှို့နည်းတဲ့။ လက်လျှိုခတ်ရုံပဲ။ ရက်ကန်းထောင်က ချည်ဆိုးရတယ်။ ချားပုတ်ရတယ်။ ချားပုတ်တယ်ဆိုတာ ဆန်ကောဝိုင်းလောက်ရှိတဲ့ ချားကြီးထဲမှာ ရက်ပင်တွေ သူ့အဆင်နဲ့သူ။ ဘယ်စင်မှာ ဘာရောင် ဘာဒီဇိုင်း ဆင်မယ်ဆိုတာ အဲဒီချားကြီးထဲမှာ အရောင်တွေ စဉ်ထားရတာ။

ဟိုးတုန်းက ဘုရင့်လှေတော်သားတွေဟာ ညနေဆိုရင် ဧရာဝတီမြစ်ထဲမှာ လှေလှော်လေ့ကျင့်ရတယ်တဲ့။ ဘုရင့်လှေကြီးကို ယူပြီးကျင့်ရတာ မဟုတ်ဘူး။ ရွာမှာရှိတဲ့ လောင်းလှေကြီးတွေနဲ့ ကျင့်ကြရတာ။ ဒီလောင်းလှေတွေက မကျင့်တဲ့အချိန်တွေမှာ ဘုန်းကြီးကျောင်းတွေရဲ့အောက်မှာ စင်နဲ့တင်ထားပြီး ကျကျနနသိမ်းထားကြတယ်။ မြစ်ရေတိုးတဲ့အခါ ရေဝင်တဲ့အရပ်ဖြစ်တာကြောင့် ဘုန်းကြီးကျောင်းတွေကလည်း ခြေတံရှည်ကျောင်းတွေလေ။

အဘွားဖြစ်သူ ဒေါ်ရွှေက အရင်ကွယ်လွန်တယ်။ ပြီးမှ အဘိုးဦးအောင်ကြီးကွယ်လွန်တာ။ ဦးအောင်ကြီး အနိစ္စရောက်တော့ ကျွန်တော့်အဖေကို သူကြီးလုပ်ဖို့ ခေါ်ကြရတယ်။ ဦးအောင်ကြီးရဲ့ ဒုတိယဇနီး ဒေါ်မြို့ဆိုတာ ကျန်ရစ်တယ်။ အဖေ ဦးဘဂျမ်းက အဘိုးဦးအောင်ကြီးနဲ့ အတူတူမနေဘူး။ မန္တလေး ပိုက်ကျုံးရပ်က သစ်စက်တစ်စက်မှာ သစ်စက်ဂံဒယ်သွားလုပ်နေတယ်။ ဂံဒယ်ဆိုတာ သစ်လုံးတွေခွဲစိတ်ဖို့ စက်ပေါ်တင်တော့ ပကာသားတွေ ပုတ်ပစ်ပြီး ကျန်တဲ့သစ်လုံးကြီးကိုမှ ပေပျဉ်က ဘယ်နှချပ်၊ သုံးတစ်က ဘယ်နှချပ်စတဲ့ သစ်စက်မှာ စီမံခန့်ခွဲရတဲ့သူ။ အဘိုးဦးအောင်ကြီးရဲ့ သူကြီးတာဝန်ကို အဖေဦးဘဂျမ်းက ဆက်ခံရတယ်။ ဦးဘဂျမ်းက ပထမကမ္ဘာစစ်ကြီးဖြစ်တော့ မက်ဆိုပိုတေးမီးယား စစ်မြေပြင်ကို လိုက်သွားရတယ်။

mgyoe.com

mgyoe.com


အဲဒါ ၁၉၁၄ ခုနှစ်ဆီက ဖြစ်လိမ့်မယ်။ ကျွန်တော် မမီလိုက်ဘူး။ ကျွန်တော်က ၁၉၂၅ ခုမှ မွေးတာ။ အဖေ ဒီစစ်ပွဲကို လိုက်သွားရဖူးတဲ့အကြောင်း နောက်မှ အဖေကိုယ်တိုင် ပြောပြတာတွေရယ် အစ်မတို့၊ ဦးကြီး၊ ဦးလေးတို့ ပြောပြလို့ သိရတာတွေပါ။ ကျွန်တော်တို့က အမေကို အစ်မလို့ ခေါ်ကြတယ်။ ဦးကြီးတွေ ဦးလေးတွေက အဖေ့ကို ကိုဘဂျမ်းလို့ ခေါ်ကြတယ်။

"ကိုဘဂျမ်းကွာ စစ်ထဲမလိုက်ချင်ဘဲ လိုက်သွားရတာ။ သူက စစ်ပွဲအတွက် နယ်လှည့်ပြီးတော့ တရားဟော လူစုရတယ်။ ကိုဘဂျမ်း အပြောအဟောကောင်းလို့ စစ်သားတော်တော်များများ ရသွားတယ်လေ။ အဲဒီတော့ အရေးပိုင်က သူ့ကို သဘောကျတော့တာပေါ့။ မောင်မင်း မောင်ဘဂျမ်း မင်းပါ စစ်ထဲလိုက်ပါလို့ အရေးပိုင်က ခေါ်တော့တာ" သူကြီးကလည်း မြို့ပိုင်နယ်ပိုင်ကို ဘုရားထူးရတဲ့ခေတ်၊ ပုလိပ်ရဲသား ရိုးရိုး ဘာအရစ် ဘာအဖတ်မှ မရှိတာတောင် တောရွာကလူတွေက ပုလိပ်တော်မင်းဘုရားလို့ ခေါ်ဝေါ်ကြရတဲ့အချိန်လေ။ အဲဒီတုန်းကတော့ မြို့ပိုင်တို့ နယ်ပိုင်တို့အထဲမှာ မြန်မာက မရှိသလောက်ရှားသေးတယ်။ အင်္ဂလိပ်နဲ့ အင်ဂလိုကပြားချည်းပဲ။ နောက်ပိုင်းကျမှ မြန်မာအိုင်စီအက်စ်တွေ ရှိလာခဲ့တယ်။

ကျွန်တော်ငယ်ငယ်က လက်ရေးလက်သားကောင်းတယ်။ ဘုန်းကြီးကျောင်းသားလက်ရေးမျိုး၊ တော်တော်လေး ဝိုင်းစက်တယ်။ အဖေခိုင်းလို့ အမှုတွဲတွေ၊ လျှောက်လွှာတွေ ရေးပေးရဖူးတယ်။ လျှောက်လွှာအစမှာ "ရှိသေစွာ ရှိခိုးလျှောက်ထားအပ်ပါသည်ဘုရား"တဲ့။ အဲဒီလိုရေးရတဲ့အခါ စိတ်ထဲမှာ တော်တော်ခံစားရတယ်။ ကျွန်တော် သိတော့သိတယ်။ ဒါပေမဲ့ အဘကို သက်သက်မဲ့ ခွတိုက်မေးဖူးတယ်။ 'အဘ ဘယ်ဘုန်းကြီးဆီ ပို့မှာတုံး'ဆိုလို့ ဒီအခါ အဖေသူကြီးက "ဟဲ့ ခွေးမသား၊ အသာနေစမ်း၊ ငါပြောတာ ရေးမှာ ရေးစမ်း"တဲ့။

အရေးပိုင်က အဝင်ခိုင်းလို့ စစ်ထဲလိုက်သွားခဲ့ရတော့ ယုံကြည်ချက်တော့ သိပ်ရှိမယ်မထင်ဘူး။ အကြောင်းအားလျော်စွာ ပါသွားတယ်ထင်ပါရဲ့။ လိုက်သွားတော့လည်း ဦးဘဂျမ်း သျှောင်ကေသာကြီးနဲ့ လိုက်သွားတာ။ သျှောင်ကိုမပယ်တော့ သူ့ရဲ့ကုမ္ပဏီကွန်မင်ဒါတွေက ချင်းအမျိုးသားလို့

mgyoe.com

mgyoe.com


ထင်နေကြတယ်။ ဒါကြောင့် ချင်းအမျိုးသားတွေအများစုပါတဲ့ ချင်းတပ်စုမှာ ဦးဘဂျမ်း အုပ်ချုပ်ခဲ့ရသတဲ့။ အဲဒီမှာ တာဝန်အဆင့်ဆင့်ယူခဲ့ရင်း NCO လို့ခေါ်တဲ့ Non Commission Officer ဖြစ်လာတယ်။ မြန်မာလိုတော့ အမိန့်တော်မဲ့ အရာရှိလေးခေါ်မလား ပြန်တမ်းမဝင် ဗိုလ်လေးခေါ်မလားပဲ။

ဒီရာထူးမျိုးက မြန်မာထဲက ရဖို့မလွယ်ဘူးတဲ့။ အင်္ဂလိပ်နဲ့ အင်္ဂလိပ်ကပြားတွေပဲ အရများတယ်။ မြန်မာထဲက အမြင့်ဆုံးရနိုင်တဲ့ ရာထူးလို့ မှတ်ထားမိတယ်။ စစ်ထဲစပါတော့ စစ်သားစုဆောင်းရေးအရာရှိ Recruiting Officer အဖြစ် စလိုက်ရတာလို့ ကြားဖူးတယ်။

ဦးဘဂျမ်း စစ်မြေပြင်မှာ ရှုပ်ရှုပ်ချုံချုံ တိုက်ခဲ့ရသလား၊ ဘယ်လို တိုက်ခဲ့ရသလဲ ဆိုတာတော့ ဂဃနဏ မသိကြဘူး။ စစ်ကပြန်လာပြီးမှ ဦးဘဂျမ်း အခွင့်အရေးတွေ အများကြီးရတယ်။ သူကြီးစား မြေတွေရတယ်။ အဲဒီမြေတွေဟာ အစိုးရမင်းပေးတဲ့မြေမို့ အခွန်လွတ်တယ် ထင်တယ်။ နောက်ပိုင်း သူကြီးလုပ်ရင်း သူကောင်းပြုခြင်း ခံရတာတွေလည်း ရှိတယ်။ အဲဒါ မက်ဆိုပိုတေးမီးယားစစ်ပွဲကို ဦးဘဂျမ်းလိုက်သွားလို့ ကိုလိုနီအစိုးရက စွန့်ကြဲလိုက်တဲ့ အကျိုးရလဒ်တွေလို့ ကျွန်တော်ထင်တာပဲ။

အဖေ ဦးဘဂျမ်းက အရပ်ထောင်ထောင်မောင်းမောင်းနဲ့ နှုတ်ခမ်းမွေး ထားတယ်လေ။ ကေအက်စ်အမ်တံဆိပ် ကျက်သရေဆောင် ရွှေစလွယ်ရ မင်း၊ ပြီးတော့ ဝေလမင်းသားပေးတဲ့ တံဆိပ်လား၊ ဘုရင်ခံပေးတဲ့ တံဆိပ် လား မမှတ်မိဘူး၊ ရခဲ့ဖူးတယ်၊ ရွှေလေးရွှာ စားပြမှုမှာ တရားခံတွေ ဖော်ထုတ် နိုင်လို့ ခြောက်လုံးပြူးတစ်လက် ဆုရဖူးတယ်။ သေနတ်ပြောင်းအလယ်မှာ ဦးဘဂျမ်းဆိုပြီး အင်္ဂလိပ်ဘာသာနဲ့ ရေးထားတာ။ အဘိုးဦးအောင်ကြီးမှာ သားဆိုလို့ ဦးဘဂျမ်းတစ်ယောက်တည်းရှိတာ။ သမီးတွေကတော့ ဒေါ်စုတို့၊ ဒေါ်တင့်တို့ မန္တလေးမရမ်းခြံမှာ နေခဲ့တယ်။ ဒေါ်စုရဲ့ အဆက်အနွယ်တွေက မန္တလေးအကြော်စုရပ်ကွက်ထဲမှာ အခုထိရှိကြသေးတယ်။

အဘိုးဦးအောင်ကြီးက သူ့ဇာတိ စံရွှေးမှာနေပြီး စံရွှေးတိုက်နယ် စံရွှေးသူကြီးလို့ပဲ ခေါ်ကြရတာပါ။ ပထမကမ္ဘာစစ်က ပြန်လာလို့ ဦးဘဂျမ်း သူကြီးစလုပ်တော့လည်း စံရွှေးတိုက်နယ်သူကြီးပါပဲ။

mgyoe.com

mgyoe.com

အင်္ဂလိပ်အစိုးရက စစ်ကိုင်းတံတားကြီး ဆောက်ခါနီးမှာ လမ်းပန်းဆက်သွယ်ရေးအတွက် အင်္ဂလိပ်အရာရှိတွေ သွားရလာရ လွယ်ကူအောင် စံရွှေးတိုက်နယ်သူကြီးကနေ ရွှေကြက်ယက်တိုက်နယ်သူကြီးအဖြစ် ပြောင်းရတာပါ။ စံရွှေးဆိုတာ မီးရထားဘူတာနဲ့ကပ်လျက် မီးရထားတစ်မျိုးတည်းပဲ ပေါက်တဲ့ ရောက်တဲ့အရပ်။ အဲဒီအချိန်က စံရွှေးကို ကားမပေါက်သေးဘူး။ စံရွှေးဘက် ရွှေကြက်ယက်ဘက် လှည်းတွေကူးချင်ရင် တောင်သမန် ရေထွက်ချောင်းရေကျမှ ကူးနိုင်တာ။ အဲဒီတော့ သူကြီးဦးဘဂျမ်း စံရွှေးကနေ ရွှေကြက်ယက်ကို ပြောင်းပြီး ရုံးစိုက်တယ်။

ဦးဘဂျမ်း စံရွှေးမှာ သူကြီးဖြစ်ခါစ၊ စံရွှေးမူလတန်းကျောင်းမှာ ကျောင်းဆရာကိုဘသိ ဆိုတာရှိတယ်။ ဆရာက လူပျိုဘဝပဲ ရှိသေးတယ်လေ။ အင်္ဂလိပ်စာပြတယ်။ ဆရာကိုဘသိက နှံမှုတ်တာ ဝါသနာပါတော့ ညပိုင်းမှာ နှံအမှုတ်ကျင့်တယ်။ အဲဒီနှံအမှုတ်ကျင့်တာက သူ့ဘဝကို တစ်မျိုးတစ်မည် ဖြစ်စေလိမ့်မယ်လို့ ကျောင်းဆရာကိုဘသိ ကြိုမသိရှာဘူး။ နှံမှုတ်ကျင့်တာမှာ ဝီရိယလွန်သွားပုံရတယ်။ ရပ်ရွာအိမ်နီးနားချင်းတွေက နားမခံနိုင်ဖြစ်ကြရတယ်။ နှံမှုတ်ကျင့်နေသူကလည်း သူတို့လေးစားချစ်ခင်ရတဲ့ ဆရာလေး ကိုဘသိ ဖြစ်နေလေတော့ သူကြီးဦးဘဂျမ်းကို လာပြောကြရတော့တာပေါ့။

သူကြီးခမျာလည်း ကျောင်းဆရာကို အကျိုးသင့်အကြောင်းသင့် ခေါ်ပြောတော့မှ နှံအမှုတ်ကျင့်တာ ရပ်သွားပြီး သူကြီးနဲ့ အင်္ဂလိပ်စာပြ ကျောင်းဆရာတို့ ပိုပြီးခင်မင်သွားကြတယ်လေ။

နောက်တော့ ဆရာလေးကိုဘသိက စံရွှေးမူလတန်းကျောင်းကနေ တောင်သမန်မူလတန်းကျောင်းကို ပြောင်းသွားတယ်။ အဲဒီမှာ တောင်သမန် သူကြီးသမီးနဲ့ အိမ်ထောင်ကျတယ်။ ၉၁ ဌာန အုပ်ချုပ်ရေးခေတ်မှာ ကျောင်းဆရာဦးဘသိက အမရပူရတောင်ပိုင်း အမတ်အဖြစ်နဲ့ ဝင်အရွေးခံတယ်။ ကင်မယ်ပါရှား၊ ပိုးဦးဘတင်တို့နဲ့ ယှဉ်ပြိုင်အရွေးခံတဲ့ ကျောင်းဆရာပေါ့။

ရွှေကြက်ယက်မှာ ပြောင်းပြီး ရုံးစိုက်နေထိုင်တဲ့ သူကြီးဦးဘဂျမ်းက ရွေးကောက်ပွဲမှာ ဦးဘသိအနိုင်ရဖို့ အများကြီးကူညီခဲ့တယ်။ အနိုင်လည်း

mgyoe.com

mgyoe.com

ရခဲ့တယ်။ ဦးဘသီက ဘဏ္ဍာရေးဝန်ကြီးချုပ် ဖြစ်လာတယ်။ ဟိုခေတ်က ဝန်ကြီးကို ဝန်ကြီးချုပ်လို့ခေါ်တာကိုး။ ဘဏ္ဍာရေးဝန်ကြီးချုပ်က ရွေးကောက်ပွဲမှာ သူအနိုင်ရအောင် ကူညီခဲ့တဲ့ ရွှေကြက်ယက်သူကြီး ဦးဘဂျမ်းကို ဂုဏ်ပြုတဲ့အနေနဲ့ မန္တလေးဂေါဝိန်ဆိပ်ကနေ ရွှေကြက်ယက်ကို အစိုးရပိုင် သင်္ဘောဖြူကြီးစီးပြီး ဘဏ္ဍာရေးဝန်ကြီးချုပ်ရဲ့ တိုင်းခန်းခရီးလှည့်လည်ခဲ့ဖူးတယ်။

ကျွန်တော်တို့မောင်နှမတွေ နေထိုင်ကြီးပြင်းခဲ့ကြတဲ့ ရွှေကြက်ယက်က အိမ်ကြီး အဲဒီတော့မှ ဆောက်ကြတာပါ။ ငါးပင်လေးခန်း အဖီချနဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး ဆောက်လိုက်တယ်။ မြစ်ရေဝင်တဲ့အရပ်ဆိုတော့ ခြေတံမြင့်မြင့် ဆောက်ထားရတယ်။ အောက်ထပ်က အုတ်ခုံအပါဆိုရင် ဆယ်ပေလောက် မြင့်မယ်။ အုတ်ခုံအထက် ၇ ပေလောက်က မြေညီထပ်၊ ပြီးမှ အပေါ်က အသားကြမ်းခင်း တစ်ထပ်ဆောက်ထားတာ။ ဟိုးတုန်းက ဆောက်တဲ့အိမ်မို့ အခုခေတ်လို ကွန်ကရစ်အုတ်မြစ်ချပြီး ကျင်တွယ်တိုင်တွေနဲ့ ဆောက်ကြတာမျိုး မဟုတ်ပါဘူး။ ကျင်းတူးပြီး ကျောက်တွေခံ၊ မြေတွေ သဲတွေ ကျောက်တွေဖို့ ဆောက်ကြတာလေ။ တိုင်တွေကတော့ ကျွန်းတိုင်ကြီးတွေ အလုံးလိုက်စိုက်ထားတာ။ မြစ်နားကမ်းနားဆိုတော့ အထက်အညာ ကသာ၊ ရွှေလီဘက်ကချလာတဲ့ သစ်တွေမို့ ကုန်းတွင်းပိုင်းထက်တော့ ဈေးသက်သာတာပေါ့။ ဒီတော့ ဒီအိမ်ကြီးမှာ ပျဉ်ကောင်း အကာကောင်း တိုင်ကောင်းတွေနဲ့ချည်း ဆောက်ထားတာ။

သူကြီးဦးဘဂျမ်းအိမ်က လမ်းဘက်ကို မျက်နှာမူထားတယ်။ လမ်းက အခုတော့ ရွာလယ် ပင်မလမ်းမကြီးပေါ့။ ဟိုတုန်းက အိမ်ရှေ့မှာ ရာသီအလိုက် သွားလို့ရတဲ့ မီးရထားလမ်းရှိတယ်။ ရေကျတဲ့အခါ ဆောင်းအခါ နွေအခါဆိုရင် စံရွှေးဆိပ်ကမ်း သင်္ဘောမကပ်နိုင်ဘူး။ သင်္ဘောမကပ်နိုင်တော့ ရထားက စံရွှေးဘူတာမှာ မရပ်တော့ဘူး။ မိုးကောင်း (ခေါ်) ထမင်းဆိုင်ဆိုတဲ့ ရွာကချောင်းမှာ သံတံတားဆောက်ထားတယ်။ အဲဒီသံတံတားပေါ်က မီးရထားက ဖြတ်ပြီး သဲဘူတာမှာ လမ်းဆုံးတာပဲ။

ဈေးသင်္ဘောလည်း ရေနည်းချိန်ကျ သဲဘူတာနားက သင်္ဘောဆိပ်မှာ ကပ်တာပဲ။ ဆိပ်ကမ်းက နေရာကောင်းကိုး။ သူကြီးအိမ်က မီးရထားလမ်းကို

mgyoe.com

m.gyoe.com. 

မျက်နှာမူလျက်ဆိုတော့ အင်္ဂလိပ်အရာရှိတွေက ဦးဘဂျမ်းဆီကို မီးရထား လမ်းကရော၊ ကားလမ်းကရော၊ သင်္ဘောရေလမ်းကပါ လာလို့ရသွားတာ ပေါ့။

ကျွန်တော်တို့မှာ သရက်ခြံ၊ သံပရာခြံကြီး ရှိတယ်။ ခြံကြီးက ခြောက် ဧကလောက်ကျယ်တာ။ ခြံထဲမှာ ရေတွင်းလည်းရှိတယ်။ ဒါပေမဲ့ တွင်းမှာ ရေချိုးခဲပါတယ်။ ခြံထဲက ဖြတ်ထွက်လိုက် သံလမ်းကျော်လိုက်ရင် ဆိပ်ကမ်း ရောက်တာလေ။

ကျွန်တော်တို့ငယ်ငယ်က သကြ်န်ဆိုရင် ခြံစည်းရိုးနား အသာကပ်ပြီး ပုန်းနေကြတယ်။ ရထားက တစ်နေ့မှ အသွားတစ်စင်း အပြန်တစ်စင်းရှိတာ။ ခြံစည်းရိုးကပ်ပြီး မီးရထားက ဖြတ်တာဆိုတော့ ခရီးသည်က ခြံစည်းရိုး ရှိတဲ့ဘက်က ရေပက်လိမ့်မယ်လို့ ဘယ်ထင်လိမ့်မလဲ။ ခရီးသည်တွေက လှည်းလမ်းဘက်ကိုပဲ အာရုံစိုက်နေကြတုန်း ဒီဘက်ကနေ ဖြန်းခနဲ လှမ်း ပက်လိုက်လို့ လန့်သွား ရေစိုသွားကြတာကို ပျော်ကြရတာ။

အမရပူရက အနောက်ဘက်ထွက်ရင် 'စကျင်ဝ'ဆိုတာ ရှိတယ်။ စကျင်ဝက ငယ်တိုးတိုက်နယ်ထဲက။ စကျင်ဝနဲ့ဆက်လျက်က 'ရက်ကန်း တော်'။ အဲဒီရွာကစပြီး ရေတွက်ရင် ရွှေကြက်ယက်တိုက်နယ်မှာ ရွာနှစ်ဆယ် ရှိတယ်။ ရက်ကန်းတော်၊ နန်းမတော်၊ အရှေ့အိမ်မြင့်၊ အနောက်အိမ်မြင့်၊ ကတ္တီပါတိုက်စိုး။ ပြီးတော့ စံရွှေး၊ စံရွှေးဘူတာဆိုတာ အမရပူရ ဆိပ်ကမ်း ဘူတာနဲ့ ကပ်နေတာ။ ပြီးတော့ ကန်တော်၊ ပြီးတော့ ခြောက်သွေးသောက်တဲ့။ ခြောက်သွေးသောက်ဆိုတာ ရေတပ်မတော်က ထူးချွန်ပြီး သတ္တိကောင်းလှတဲ့ သွေးသောက်ရဲဘော် ခြောက်ယောက်က စုစည်းတည်ခဲ့လို့ ခြောက်သွေး သောက်လို့ ခေါ်တာလို့ ကြားဖူးတယ်။ သူက ဧရာဝတီမြစ်ကမ်းထိပ်မှာ ရှိ တယ်။

စစ်ကိုင်းတံတားမပေါက်ခင်က ခြောက်သွေးသောက်ရွာဘေး ကပ် လျက် မီးရထားလမ်းရှိခဲ့တယ်။ သဲဘူတာမှာ လမ်းဆုံးတာ။ ခြောက်သွေး သောက်နားမှာ မိုးကောင်းဆိုတာ ရှိသေးတယ်။ ပြီးတော့ တောင်သမန်ရေ ထွက်။ တောင်သမန်အင်းထဲကို မြစ်ရေဝင်ရင်လည်း ဒီချောင်းက ဝင်တယ်။

mgyoe.com

mgyoe.com


အင်းထဲကမြစ်ရေတွေ ပြန်ထွက်ရင်လည်း ဒီချောင်းကပဲထွက်တဲ့ တောင်သမန် ရေထွက်ဆိုတာ ရှိတယ်။ ရွှေလောင်း၊ စိန်တုံး၊ ခဲပေါင် (ခ) ခုတင်၊ ကိုးသင်း။ ကိုးသင်းမှာလည်း လှေတော်ရှိတယ်။ ကိုးသင်းပြီးတော့ ခဝါတော်၊ ခဝါတော် ဆိုတာ ဘုရင့်ဝတ်လဲတော်တွေ နန်းတွင်းက အဝတ်အစားတွေ လျှော်ဖွပ်ကြ တဲ့ ခဝါသည်တွေ နေကြတဲ့အရပ်။ သက်ကယ်တော်ဆိုတာ ရှိသေးတယ်။ ပြီးမှ သပြေတန်း။ သပြေတန်းခံတပ် မဆောက်ခင်က သပြေတန်းရွာဆိုတာ ရှိတယ်။ ခံတပ်ဆောက်တော့ ရွာကို ရွှေ့ပေးလိုက်ရတာ။ နောက်ပြီး ရွှေလေး ဆိုတဲ့ရွာ။ ဒီရွာက စစ်ကိုင်း–မန္တလေးကားလမ်းရဲ့ အရှေ့ဘက် လေးဖာလုံ လောက်အကွာမှာ ရှိတယ်။ ကားလမ်းနဲ့ရွာကြားမှာ သင်္ချိုင်းရှိတယ်။

ရွာသစ်ဆိုတာ ရှိသေးတယ်။ ရွာသစ်က အရင်က စစ်ကိုင်းတံတား ဆောက်မှာ။ စစ်ကိုင်းတံတားဖွင့်ခါနီး အင်္ဂလိပ်အရာရှိတွေ ဒီလိုတည်ဆောက်တဲ့ အခါ မြန်မာတွေ စိတ်ချမ်းသာ စိတ်ကျေနပ်စေဖို့ ထုံးစံရှိတဲ့အတိုင်း ရိုးရာ အတိုင်း လုပ်စရာရှိတာလုပ်ပါလို့ခိုင်းတယ်။ ဒီတော့ ဦးဘဂျမ်းက နတ်ကနား ပေးတယ်။ နတ်ကနားပေးဖို့အတွက် ဘာလိုလဲလို့မေးတော့ စင်ဆောက်ရ မယ်။ အဲဒီတုန်းက တံတားဆောက်နေတုန်းလေ။ အုတ်တွေ၊ ဘိလပ်မြေတွေ ပေါ်နေတော့ နတ်ကနားပေးမယ့်စင်ကို အုတ်နဲ့ဆောက်ကြတယ်။ ဆောက် လိုက်တဲ့စင်က နတ်ကနားတင်မကဘူး။ ဇာတ်ပါကလို့ရတယ်။ တံတားရဲ့ မြောက်ဘက်မှာဆောက်တာ။

စစ်ကိုင်းအစီခံ၊ အင်းဝလက်ဆောင်ဖြူ (လက်ဆောင်ယူလို့လည်း ခေါ်ကြတယ်)က တံငါတွေစုပြီး တံငါလုပ်ငန်းလုပ်တဲ့နေရာကို ရွာသစ်လို့ ခေါ်တာ။ အစကတော့ တဲလေး ၄၊ ၅ လုံးနဲ့ စတဲ့ရွာပါ။ နောက်တော့လည်း အစိတ်သုံးဆယ် ဖြစ်လာရော။

အမရပူရမြို့နယ်မှာ ခြောက်ဆယ့်လေးသူကြီး ရှိတယ်။ အဖေ ဦးဘဂျမ်းက အသက်လည်း အကြီးဆုံး၊ လုပ်သက်လည်း အရင့်ဆုံး၊ စစ်ပြန် တစ်ယောက်လည်းဖြစ်တာကြောင့် သြဇာအာဏာလည်း နည်းနည်းရှိတယ်။ အုပ်စိုးသူနဲ့ အလွမ်းသင့်တာလည်း ပါမှာပေါ့။ သူကြီးအဖွဲ့ ဖွဲ့စည်းပြီး ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တင်မြှောက်ကြတော့ ဦးဘဂျမ်း ဥက္ကဋ္ဌဖြစ်တယ်။

mgyoe.com

mgyoe.com

ဥက္ကဋ္ဌဆိုတာ တစ်ခါရွေးပြီး တစ်သက်လုံး မသေမချင်း သေတဲ့အထိ ဥက္ကဋ္ဌ လုပ်ရတာ။ အဲဒီခေတ်က အမရပူရက ဆပ်ဒီဗစ်ရှင်း sub division လို့ ခေါ်တာကိုး။ အလုပ်သင် အိုင်စီအက်စ်တွေ အမရပူရမှာ အရင်ဆုံး အမှု လာထမ်းရတယ်။ အမရပူရ sub division မှာ ပုသိမ်ကြီးလည်း ပါတယ်။ ပုသိမ်ကြီးမြို့နယ်နဲ့ အမရပူရမြို့နယ် နယ်နိမိတ်ကို မြောင်းမကြီးချောင်းနဲ့ ခြားထားတာ။ ကျွန်တော့်အဖေက ပုသိမ်ကြီးမြို့နယ်အပါအဝင် ၆၄ ရွာ သူကြီးဥက္ကဋ္ဌပေါ့။

အရေးပိုင်က ဆက်သွယ်ချင်ရင် ၆၄ ရွာသူကြီးတွေဆီကို ရုံးပြာတာ က စာ ၆၄ စောင်ထုတ်ပြီး လိုက်ပို့မနေဘူး။ ဦးဘဂျမ်းဆီ ပို့လိုက်ရုံပဲ။ စာ ကလည်း ၆၄ စောင် မဟုတ်ဘူး။ ၂ စောင်တည်း။

အကြောင်းရှိလို့ ဆင့်စာလာရင် သူကြီးဦးဘဂျမ်းဆီ ပို့လိုက်တယ်။ သူကြီးက ချောစာကို လက်မှတ်ထိုးလက်ခံပြီး ဖတ်ကြည့်တယ်။ ပြီးရင် တစ်စောင်ကို သူ့မှာ လက်ခံထားလိုက်ပြီး ကျန်တဲ့တစ်စောင်ကို သူကြီး စာရေး ဦးသျှန်ကို အပို့လွှတ်တယ်။

အမရပူရရုံးကနေ အိုးတော်တို့ သင်ပန်းကုန်းတို့ဆီ ပို့လိုက်ရင် အလွယ်လေး။ သူတို့က အမရပူရနဲ့ ကပ်နေတဲ့ရွာတွေ။ ဒါပေမဲ့ ထုံးစံရှိတဲ့ အတိုင်း သူကြီးဥက္ကဋ္ဌဆီကို ပြာတာက လာပို့ရတယ်။ သူကြီးဥက္ကဋ္ဌက ဖတ်ပြီး သူ့ရဲ့ သူကြီးစာရေးဆီ ပေးလိုက်တယ်။ သူကြီးစာရေးဦးသျှန်က ရွှေကြက်ယက်နဲ့အနီးဆုံး ကုက္ကိုရွာသူကြီးဦးထွန်းဖေဆီ သွားပို့လိုက်ရတယ်။ ကုက္ကိုရွာသူကြီးကလည်း သူ့မင်းဒလင် (မင်းလုလင်)ကို ဘုံးအိုးသူကြီးဆီ လက်ဆင့်ကမ်းလိုက်တယ်။ သူကြီးတွေက ဒီလို ဆင့်စာရတဲ့အခါတိုင်း လက်ခံရရှိကြောင်း ဆင့်စာမှာပါတဲ့ အကြောင်းအရာတွေကို ဖတ်ရှုသိရှိပြီး ကြောင်း လက်မှတ်ထိုးပေးရတယ်။ ဘုံးအိုးသူကြီးက ဦးစူလ်တန်း၊ ကုက္ကို သူကြီးက ဦးထွန်းဖေ၊ သူငယ်တော်သူကြီး ဦးခင်၊ လက်ပန်စဉ်သူကြီး ဦး ဘုန်းလှိုင်တို့ကိုတော့ မှတ်မိနေတယ်။ ကုက္ကိုသူကြီးက သူ့မင်းဒလင်ကို အနီးဆုံး ဘုံးအိုးသူကြီးဆီ အပို့ခိုင်းရတယ်။ အဲဒီကမှ တောင်ကြီးပို့တာ။ တောင်ကြီးဆိုတာ ရတနာ့ဂူအထက်နန်းနဲ့ မဝေးတော့ဘူး။ ဒီလိုနဲ့ လက်ဆင့်

mgyoe.com

ကမ်းလိုက်တာ ဖငှ သူကြီးဆီကို တစ်နေမကုန်ခင်နဲ့ အနံ့ရောက်တယ်။

အရေးပိုင်ထုတ်တဲ့စာက–

နွေအခါရောက်ရင် အရပ်ထဲမှာ မီးကပ်၊ မီးချိတ်ထားကြဖို့ဆိုတာမျိုး လည်းပါသလို ခိုးသေး၊ ခိုးမွား အန္တရာယ်ကကင်းအောင် ကင်းစောင့်ဖို့တို့ ရွာစည်းရိုး လုံအောင်ကာဖို့၊ ညမိုးချုပ် ရွာတံခါးပိတ်ရမယ်ဆိုတာမျိုးတွေ လည်း ပါတယ်။

အဖေ ပထမဆုံးရတာ ကေအက်စ်အမ် KSM ကျက်သရေဆောင် ရွှေစလွယ်ရမင်း ဆိုတာပါ။ ဒီလိုဆုရဖို့ အထူးပြုပြီးထောက်ခံပေးတာ အရေး ပိုင်ဘဝကတည်းက ခင်မင်ရင်းနှီးတဲ့ အိုင်စီအက်စ်ဦးကျော်ပါ။ သူကလည်း ရခိုင်အမျိုးသားပဲ။ အမျိုးသားချင်း ဝံသာနုတာနေမှာပါ။ ဒုတိယအကြိမ်ရတဲ့ ဆုတံဆိပ်က ဝေလမင်းသား မန္တလေးလာတုန်းမှာ သူကြီးဦးဘဂျမ်းက လှေ ပြိုင်ပွဲတွေ ဦးစီးကျင်းပခဲ့ရတယ်။ အဲဒါကြောင့် ရင်ဘတ်မှာချိတ်တဲ့ တံဆိပ် တစ်ခု ရဖူးတယ်။ နောက် ၂ နှစ်လောက်နေမှ တီပီအက်စ် TPS တိုင်းကျိုး ပြည်ကျိုးဆောင် ဘွဲ့တံဆိပ်ရတယ်။ အဖေနဲ့အတူ တီပီအက်စ်ဘွဲ့ရတာ မတ္တရာနယ် မြွေပုန်ကန်ဘက်က ဟင်းရွက်စုသူကြီး ဦးဖေတဲ့။

မန္တလေးတိုင်းက အဲဒီနှစ်က သူတို့နှစ်ယောက်တည်း ရကြတာ။ ဦးဖေ တီပီအက်စ်ရတာတော့ မတ္တရာနယ်ထဲက အင်းတွေအတွက် အင်းခွန် တွေ အများကြီးရှာပေးနိုင်လို့ ရတာလို့ ကြားဖူးတယ်။

တီပီအက်စ်ရပြီးမှ အရေးပိုင်က သူကြီးဦးဘဂျမ်းကို သမာဓိမြို့ဝန် ခန့်တယ်။ သမာဓိမြို့ဝန်ဆိုတော့ တရားစီရင်ရတာပေါ့။ မန္တလေးကျောက်ရုံး ကြီးမှာ ရုံးထိုင်ရတယ်။ ရုံးထိုင်ရတာ ဦးဘဂျမ်းတစ်ယောက်တည်းမဟုတ် ဘူး။ သုံးယောက်တွဲပြီး ရုံးထိုင်ရတယ်။ သူတို့ကို ရှေ့ဖတ်စာရေးနဲ့ ပြာတာ တစ်ယောက် ပေးထားတယ်။ အဖေတို့ကတော့ တစ်ပတ်မှတစ်ခါ ရုံးထိုင် ကြရပြီး ရှေ့ဖတ်စာရေးနဲ့ ပြာတာတို့ကတော့ ရုံး နေ့တိုင်းတက်ရတယ်။ သူကြီးဦးဘဂျမ်း စီရင်ခွင့်ရှိတဲ့အာဏာက အမှုသေးအမှုမွားတွေ စီရင်ရတာ။ ရုံးမင်းတစ်ထိုင် ထောင်ချနိုင်တယ်။ ဒဏ်ရိုက်နိုင်တယ်။ ဥပမာ– မြင်းလှည်း မီးမပါဘဲနဲ့ မောင်းတာတို့၊ ဖော်တီဝမ်းဆိုတဲ့ လမ်းပိတ်ဆို့ရပ်မှုတို့၊ လင်မယား

mgyoe.com

mgyoe.com


ရန်ဖြစ်မှုတို့… စသည်ဖြင့်ပေါ့လေ။

ကျွန်တော် နည်းနည်းသိတတ်လို့ နိုင်ငံရေး စိတ်ဝင်စားလာတော့ အဖေ့ကို ဝေဖန်ခဲ့ဖူးတယ်။ "အဘ… အဘတို့ကို အင်္ဂလိပ်အစိုးရက တစ်ဖက်က မြှောက်စားပြီး တစ်ဖက်က ကောင်းကောင်းခိုင်းတာပဲ"လို့။ သမာဓိ မြို့ဝန် ရုံးထိုင်ရမယ့်နေ့ဆိုရင် ရုံးက ဆင့်စာလာတယ်။ လခတော့ မရဘူး။ ရုံးတက်တဲ့နေ့အတွက်တော့ နေ့တွက်ရတယ်။

သူကြီးဦးဘဂျမ်းက အိမ်ထောင်နှစ်ဆက် ကျခဲ့ဖူးတယ်။ ပထမ အိမ်ထောင် ဒေါ်ကျော့က မန္တလေးပိုက်ကျုံးသူလေ။ ရွှေကြက်ယက်သူကြီးဖြစ်တော့ ဒေါ်ကျော့ရှိသေးတယ်။ ကွယ်လွန်တာတော့ ရွှေကြက်ယက်မှာပဲ ကွယ်လွန်ရှာတယ်။ အဲဒီတော့ သူကြီးဦးဘဂျမ်းနဲ့ ဒေါ်ကျော့တို့က ပေါက်ဖွားတဲ့ ကျွန်တော့်အစ်ကို ကိုဘဝင်းက ၇ နှစ်သားနဲ့ မိတဆိုး ဖြစ်ရစ်ရှာတာ။

ကျွန်တော်တို့အမေ့ဘက်က အဘိုးနာမည်က ဦးဆိုင်တဲ့။ အဘွားက ဒေါ်သန့်တဲ့။ အဘွားဘက်က ချမ်းသာပြည့်စုံကြတယ်။ အရှေ့တောမှာ လယ်မြေတွေရှိသလို တပ်ကြီးကွင်း၊ ချောင်းခွကွင်းဘက်မှာ ယာမြေတွေ ရှိတယ်။

အရှေ့တောဆိုတာ ရွှေစာရံနားက တမုဆိုးနယ်ကို ပြောတာ။ စစ်ကိုင်းတံတားရဲ့ တောင်ဘက်ဆိမှာ တပ်ကြီးရွာဆိုတာ ရှိတယ်။ မဲအိုးချောင်းကနေ ရွှေလေးသချိုင်းနားအထိကို တပ်ကြီးကွင်းလို့ ခေါ်တယ်။

မဲအိုးချောင်း ဒီဘက်ကျတော့ ချောင်းခွကွင်းလို့ ခေါ်တယ်။ ချောင်းခွကွင်းက ဘုံးအိုးအထိ ရောက်ရော။ တောင်သမန်ရေထွက်နဲ့ မဲအိုးချောင်းကြားမှာ လက်ပန်ဇင် သူငယ်တော်အထိအောင် တပ်ကြီးကွင်း/ ချောင်းခွကွင်းလို့ ခေါ်တယ်။

အဘွားအိမ်မှာ ဆန်ဆီရောင်းတော့ ချောင်လည်တာပေါ့။ လယ်သမား၊ ယာသမားတွေ သီးနှံမပေါ်ကြသေးခင်မှာ သူတို့တစ်တွေ အဘွားဆီကပဲ ယူစားကြတယ်။ သီးနှံစိုက်ဖို့ပျိုးဖို့ စရိတ်လိုရင်လည်း အဘွားတို့ အမေတို့ဆီက ယူကြတယ်။ 'မျိုးဖိုးလိုလို့၊ စိုက်စရိတ်လေး မလောက်လို့ပါ အမေကြီးသန့်' ဒီလိုလာပြောကြတာ။ သီးနှံမပေါ်ခင် အမေတို့က ကြိုဝယ်

mgyoe.com

ထားကြတာလေ။ အလှမ်းပေးနဲ့ ဝယ်တယ်လို့ ပြောကြတယ်။

အမေတို့က စပါးကာလပေါက်ဈေး ၁၀၀ိ ဆိုရင် သူတို့ကို ၈၀ိ ပဲ ပေးတာ။ တကယ်လို့ စပါးဈေး ၁၀၀ိ အထက်တက်ရင်လည်း အချိုးကျ တိုးပေးရတယ်လေ။

ဦးဆိုင်–ဒေါ်သန့် အော်ဒီမန်စာချုပ်ဆိုပြီး On demand စက်တင် ပုံနှိပ်ပြီး ဖြတ်ပိုင်းတွေ ရိုက်ထားတာ။ အဘိုးဦးဆိုင်က စာသိပ်မတတ်ရှာဘူး။ ဖြတ်ပိုင်းမှာရှိတဲ့ ကွက်လပ်တွေ ဖြည့်လိုက်ရုံပါပဲ။ ငွေကြိုယူသူ မောင်ဘိုညို ကွင်းနံပါတ်က ဘယ်လောက်ကို အာမခံအဖြစ် ထားရှိပါသည်ပေါ့။ ကြိုတင် ယူဆောင်ထားသည့် ငွေပမာဏက ဘယ်လောက် စသဖြင့်ပေါ့။ လယ်သမား ယာသမားဆိုတာ အင်မတန် ရိုးရှာကြတာကလား။

သီးနှံတွေ ပိုးဖျက်၊ မိုးဖျက်ပြီး အလွန်ပျက်စီးပါမှ သူတို့ယူထားတဲ့ ငွေကို တကယ်မဆပ်နိုင်ကြတာ။ မပျက်သမျှတော့ ဆပ်တယ်။ မဆပ်နိုင် တော့လည်း မြီရှင်ဖြစ်တဲ့ အဘိုးတို့အဘွားတို့က သူတို့ကို တရားစွဲတာတို့ အမှုဖွင့်တာတို့ မလုပ်ကြသေးပါဘူး။ အေးကွာ၊ နောက်တော့ အဆင်ပြေ တော့ ဆပ်တာပေါ့။ နောင်နှစ်ခါမှ ပေါင်းပြီး ဆပ်တာပေါ့လို့ ပြောတယ်။ ဆင်းရဲပြီးရင်း ဆင်းရဲရင်းနဲ့ ပေါင်းဆပ်၊ ပေါင်းဆပ်တွေ ပေါင်းစပ်မိသွားပြီး ယာတွေ၊ လယ်တွေ ထိုးအပ်ကြရရော။

အဲဒီလို ထိုးအပ်ကြရတာလည်း လယ်သမား ယာသမားတွေက မကျေမနပ်မဖြစ်ကြဘူး။ ကျွန်တော်ကသာ နဂါးနီစာအုပ်တွေဖတ်၊ ဒီပြင် လေ့လာသင့်တာတွေ လေ့လာပြီး ကိုယ့်အဘိုးကိုယ့်အဘွားကို ခေါင်းပုံဖြတ် တွေ၊ အရင်းရှင်တွေ ဆိုတာမျိုးတွေ ပြောမိတာ။

အဘိုးတို့မှာ နွားခြံတွေလည်း ရှိသေးတယ်။ နွားတွေကို ကျောင်းတဲ့ ထိန်းတဲ့ နကလယ်(နွားကလယ်)တွေက အင်းဝတို့၊ မြို့သာတို့၊ ဂျိုသောင်ပြင် တို့၊ ထန်းတောတို့က လာလုပ်ကြတာ။ သူတို့က အဘွားကို 'အမေကြီးသန့် ကျွန်တော်တို့ ဒီနှစ် နွားကျောင်းပါရစေ'လို့ လာပြောကြတယ်။ 'မင်းတို့က ဘယ်နကောင်ကျောင်းကြမှာလဲ' လို့မေးရင် သူတို့က အကောင် ၆၀ ဖြင့် ၆၀၊ ၇၀ ဖြင့် ၇၀ ကျောင်းခွင့်တောင်းကြတယ်။ အဘွားတို့မှာ နွားအကောင်

mgyoe.com

mgyoe.com

၆၀၊ ၇၀ အုပ်က ၂ အုပ် ၃ အုပ် ရှိတာ။ အဘွားက သူ့စိတ်ထဲ ယုံကြည်လောက်တဲ့လူဆိုရင် နွားတွေကျောင်းဖို့ ပေးလိုက်တာပါပဲ။ လူရင်းထဲက အခြေအနေရှိတဲ့ လူတစ်ယောက်က ကြားထဲကဝင်ပြီး အာမခံရသေးတယ်။

ဒီနကလယ်တွေက နွားကျောင်းရင်း နို့စားခွင့်ရတယ်။ နွားနို့ကို ရောင်းစားခွင့်ရကြတာ။ ဒီနွားတွေကို သူတို့က နွားစာ ဝယ်ကျွေးကြရတာမဟုတ်ဘူး။ တပ်ကြီးကွင်း ချောင်းခွကွင်းတွေမှာ မြစ်ရေကျသွားပြီး မစိုက်ခင်မပျိုးခင်နဲ့ စိုက်ပျိုးရိတ်သိမ်းပြီးတဲ့ ကွင်းတွေထဲ လွှတ်ကျောင်းကြတာပါ။ နကလယ်တွေမှာ အဖော်တစ်ယောက်နှစ်ယောက် ပါတတ်တယ်။ ရိုးပြတ်တွေကို နွားတွေက စားကြ၊ ပဲငုတ်တွေကို စားကြ၊ နွားမတွေက တခြား၊ နွားကလေးတွေ သီးသန့်ထားတယ်။ နွားနို့ညှစ်ပြီး မန္တလေး၊ အမရပူရ၊ စစ်ကိုင်း သူတို့ပို့စရာရှိတဲ့အရပ်တွေကို စက်ဘီးတွေနဲ့ ပို့ကြတော့တာ။

နွားမက နွားကလေးကျရင် သူတို့နဲ့မဆိုင်ဘူး။ အဘွားတို့နဲ့ဆိုင်တယ်။ တကယ်လို့ နွားသေခဲ့ရင်တော့ ချိုနဲ့သားရေ ပြရတယ်။ နွားကလေးသေရင် သားရေပြရတယ်။ အမေကြီးသန့်ရေ ဒီနှစ်တော့ နွားဘယ်နှကောင်ပျက်စီးတယ်၊ ဟောဒီမှာ သားရေဘယ်နှချပ်လို့ နှစ်ကုန်တော့ လာပြရတယ်။ သေသေချင်း လာပြကြရတာမဟုတ်ဘူး။ ပွားတာတော့ ဘယ်နှကောင်ဗျအမေကြီးသန့်လို့ တင်ပြကြတယ်။ ဟိုတုန်းကတော့ သိပ်ပြီး မဟုတ်တာမလုပ်ကြပါဘူး။ နောက်ပိုင်းတော့ လူတွေရဲ့စိတ်ဓာတ်တွေ ပျက်စီးလာကြတယ်။ သားရေကိုဝယ်ပြီးလာပြတာတွေ လုပ်လာကြရော။ ရိုးရာက ဆန်းပြားလာကြတယ်။ အဲဒီလိုလုပ်တယ်လို့ အဘွားကထင်ရင် အောင့်သက်သက်နဲ့ကိုင်း ဒီလိုဆိုရင် နကလယ် ပြောင်းရလိမ့်မယ်။ မြို့သာ ကိုအောင်လွှန်းတို့ ကိုသိန်းဝင်းတို့က နွားကျောင်းချင်လို့ ခဏခဏလာပြောနေကြတယ်လို့ ပြောလိုက်ရင် အမေကြီးသန့်ရဲ့နွားတွေ တကယ်ကို သေရှာတာပါ။ ကျွန်တော်တို့ မဟုတ်တာမလုပ်ပါဘူး။ ဒိပြင်လည်း ဘာမှ လုပ်ကိုင်စားစရာမရှိပါဘူး။ အမေကြီးသန့်အရိပ် ခိုနေကြရတာတွေ ဖြစ်လာရော။ ကဲ ဒါဆိုရင် မင်းတို့ ရိုးရိုးသားသားလုပ်ကြလို့ မြို့သာကိုအောင်လွှန်းနဲ့ ခြောက်ထားရတယ်။ အဲဒီအခါကျတော့လည်း ကောင်းပါပြီ၊ စိတ်ချပါ၊ ကောင်းကောင်း

mgyoe.com

mgyoe.com

လုပ်ပါ့မယ်တွေ ဖြစ်ကြရရော။

အဘိုးတို့အဘွားတို့ခေတ်က ရှေးလူကြီးတွေ ယာတွေ၊ လယ်တွေ၊ နွားခြံတွေပိုင်ပြီး ချမ်းသာကြတာ။ လျော့သွားတယ်လို့မှ မရှိဘဲ။ တိုးတိုးပြီး ချမ်းသာကြတာ။ ချမ်းသာတော့ ဘာလုပ်လဲဆိုတော့ မြေဝယ်တော့တာပဲ။ သူတို့လက်သုံးစကား ရှိတယ်။ ရွှေငွေဥစ္စာဆိုတာ ရန်သူမျိုးငါးပါး ဖျက်ဆီးတတ်တယ်။ တကယ်လို့ ပိုက်ဆံများရှိခဲ့ရင် မြေသာဝယ်ထားကြ၊ မြေက ရန်သူမျိုးငါးပါး မဖျက်ဆီးဘူးလို့ ပြောလေ့ရှိတယ်။ ဟိုတုန်းကတော့ ဒီအယူအဆက ဟုတ်မှာပါ။

အဘွားသန့်က ဈေးရောင်းတယ်။ စီးပွားရေး လာဘ်မြင်တယ်။ ဆီဆိုလည်း အိမ်မှာရှိတယ်။ သူ့ရဲ့အကျိုးကို ဆောင်တဲ့သူတွေ မြီစားတွေလာရင် ကျွေးဖို့ သစ်သားခွက်ကြီးထဲ ပဲလှော်ကြော်၊ မြေပဲကြော်တွေ၊ ကြက်သွန်ကြော်တွေကို ဆီစိမ်ထားတာ။ အဲဒီလူတွေလာကြရင် ရေနွေးကြမ်း၊ ကွမ်းအစ်၊ ဆေးလိပ်ဗျပ်က အဆင်သင့်ရှိအောင် လုပ်ထားတယ်။ ဆေးလိပ်ကတော့ အလိပ်လိုက်တည်တာ မဟုတ်ဘူး။ ပြောင်းဖူးဖက်နဲ့ စည်းကြိုးနဲ့ ဆေးစပ်ကို ဆေးလိပ်ဗျပ်ထဲမှာ ထည့်ထားပြီး တည်တာ။ ကိုယ့်ဘာသာလိပ်သောက်ကြပေတော့။

သစ်သားကိုထွင်းထားတဲ့ ခွက်ကြီးထဲမှာ ဆီတွေနဲ့စိမ်ထားတဲ့ ပဲကြော်တွေကို ပန်းကန်ပြားထဲထည့်ပြီး ထန်းရွက်ဇွန်းတပ်ပေးလိုက်တာယ်။

အဘွားသန့်က သူတို့လို မြီရှင်တွေထဲမှာတော့ အတော်အဆင်ပြေတဲ့ မြီရှင်တစ်ယောက်ပါပဲ။ သူကြီးဦးဘဂျမ်းရဲ့ ပထမဇနီး ဒေါ်ကျော့ဆုံးသွားပြီး မုဆိုးဖိုဖြစ်နေတော့ အဘွားသန့်က အသက် ၄၀ ရှိနေပြီဖြစ်တဲ့ မုဆိုးဖိုသူကြီးကြီးနဲ့ သူ့သမီးနဲ့ ပေးစားဖို့စီစဉ်တာ။ သမီးမှ အငယ်ဆုံးသမီး ၁၄ နှစ်ပဲရှိသေးတဲ့သမီး။ မယ်ခတဲ့။

သူကြီးမုဆိုးဖိုက အသက် ၄၀ ဆိုတော့ မယ်ခက ဒါကြီးကို မကြိုက်ဘူး။ ဒါပေမဲ့ အဘွားသန့်ပေးစားတော့လည်း မယ်ခခမျာ သူကြီးကတော်ဒေါ်ခဖြစ်လာရပြီး နံပါတ်တစ် မမြညွန့်၊ နံပါတ်သုံး မမြမေ၊ နံပါတ်လေး မမြရွှေတို့ကို မွေးတယ်။ ကျွန်တော် မောင်စောမောင်က နံပါတ်နှစ်ပါ။

mgyoe.com

# အ... အာ... အိ... အီ

ကျွန်တော်တို့ခေတ်က ငါးနှစ်ပြည့်မှ ကျောင်းနေရတာတွေ မရှိသေးဘူး။ အစ်ကို ကိုဘဝင်းနဲ့ အစ်မမမြညွန့်တို့ ကျောင်းသွားကြတော့ ကျောင်းပျော်အောင်လို့ ကျွန်တော့်ကို သူတို့နဲ့အတူ ထည့်လိုက်တာပါပဲ။

ကိုယ့်လက်နဲ့ ခေါင်းပေါ်ကျော်ပြီး တစ်ဖက်က ကိုယ့်နားရွက်ကို ဆွဲလို့မီမှ ကျောင်းလက်ခံမယ်တဲ့။ ခဏခဏစမ်းပြီး ဆွဲကြည့်တာပေါ့။ အစပိုင်းတော့ ကျောင်းကို အပျော်တက်တာဆိုတော့ နားရွက်ကို မီချင်လှပြီ။ နှစ်လယ်လောက်ရောက်တော့ ကျောင်းပျင်းလာပြီ။ လက်ကလည်း နားရွက်ကို ဆွဲလို့သာမရသေးတာ ထိတစ်ချက် မထိတစ်ချက် ဖြစ်လာပြီ။ အဲဒီအချိန်ကစပြီး နားရွက်ကို လက်နဲ့ စမ်းမဆွဲတော့ဘူး။ ဆွဲလို့မီရင် ကျောင်းတကယ်တက်ရတော့မှာ။

ဆရာကြီးဦးအောင်ဘ ကျောင်းက ကျောင်းဆင်းကျောင်းတက်ချိန်ကို ဒီပြင်ကျောင်းတွေလို ခေါင်းလောင်းမတီးဘူး။ မောင်းကြီးထုတယ်။ ကျောင်းမတက်ခင်မှာ ရှိုးဆော်တဲ့ မောင်းသံကြီးတစ်ချက် ကျယ်ကျယ်ထုတတ်တယ်။ အဲဒီမောင်းသံကြားရင် ကျွန်တော်တို့မောင်နှမတွေ အိမ်ကထွက်ခဲ့ကြတာပဲ။ ကျောင်းနဲ့အိမ် သိပ်မဝေးဘူးလေ။

ကျောင်းအုပ်ကြီးရဲ့ လက်ထောက်ဆရာက ဦးထွန်းမြတ်တဲ့။ ကျွန်တော်က ကျောင်းကို အပျော်လိုက်တဲ့ ကျောင်းသားဆိုတော့ ဆော့တာပေါ့။ သိပ်ဆော့လွန်းမက ဆော့ရင်တော့ ဟော့ကောင် သူကြီးသား မဆော့နဲ့ ဒီနားလာဆိုပြီး ဦးထွန်းမြတ်က သူ့အနားခေါ်ပြီး စာတွေလိုက်အအော်ခိုင်းတယ်။ ကျွန်တော်ကလည်း စာသာမဖတ်တတ်သေးတာ ဆရာဦးထွန်းမြတ်သင်တဲ့ သူငယ်တန်းစာ၊ တစ်တန်းနဲ့ နှစ်တန်းစာတွေ အလွတ်ရနေပြီ။ ကျောင်းအုပ်ဆရာကြီးကတော့ သုံးတန်းနဲ့ လေးတန်းမှာ စာသင်တယ်။ လယ်တီဆရာတော်ဘုရားကြီးရဲ့ သုကုမာရဒီပနီနဲ့ လယ်တီမင်္ဂလသုတ္တန် (၇)စောင်တွဲဆိုတာတွေ နားရည်ဝပြီး အလွတ်ရနေတာ။

ကျွန်တော်တို့ခေတ်က ဗလာစာအုပ်နဲ့ ခဲတံ မကိုင်ရဘူး။ ကျောက်တံ၊ ကျောက်သင်ပုန်း ကိုင်ရတဲ့ခေတ်လေ။ သူကြီးသားဆိုတော့ လွယ်အိတ်နဲ့

mgyee.com

mgyoe.com

ဘာနဲ့ပေါ့။ ဒေါင်းဖတ်စာ ပြဋ္ဌာန်းတယ်။ စစချင်း ကကြီး ခခွေး ဂငယ် အက္ခရာတွေ ဖော်ပြထားတယ်။ ပြီးမှ နမော ဗုဒ္ဓါယ သိဒ္ဓံ အ အာ အိ အီ တွေ ရေးထားတယ်။ ဘုန်းကြီးကျောင်းလည်း ကျွန်တော်နေခဲ့ဖူးတယ်။ သူများတွေလို ငယ်ကတည်းက နေခဲ့ရတာမဟုတ်ဘူး။ ၄ တန်းအောင်ပြီး မြို့ပေါ်ကျောင်းတက်ရခါနီးမှ အဘွားကပို့လို့ ဘုန်းကြီးကျောင်းသွားရတာ။ အဘွားက ဘာသာရေးကိုင်းရှိုင်းတယ်။ ညောင်ဇင်ကျောင်းအမလေး။ နွေရာသီ ကျောင်းပိတ်ရက်မှာ ဖွတ်အသွားခိုင်းလို့ သွားရတာ။ ဘုရားစာ၊ တရားစာတွေလည်း သင်ခဲ့ရတယ်။ ဘုန်းကြီးကလည်း အမျိုးဘုန်းကြီးဖြစ်လေတော့ ကျောင်းမှာ အိပ်ရတာတစ်ခုပဲ ဆင်းရဲတယ်။ ဒိပြင် ဘုန်းကြီးကျောင်းသားတွေနဲ့ သပြေသီးခူး၊ မာလကာသီးခူး၊ ငါးဖမ်းတာတွေ လုပ်ကြတာပေါ့။ သူကြီးသား၊ ကျောင်းအမကြီးမြေးလေး။ ဒီတော့ ဗိုလ်ပေါ့။ ထင်တိုင်းကြဲတော့တာ။

လူကြီးမိဘတွေ ဘုန်းကြီးကျောင်းသွားကြရင်၊ ဥပုသ်သီလယူကြရင် ကျွန်တော်ကတော့ တက်တက်ကြွကြွပါပဲ။ ဆရာမင်းသုဝဏ်ရဲ့ ‘ဆွမ်းအုပ်နီနီ အမေရွက်လို့ နက်ဖြန်မနက် ကျောင်းတက်မယ်’ထဲကလို အမေတို့ အဘွားတို့က ဘုန်းကြီးကျောင်းကို ဆွမ်းအုပ်နီကြီးနဲ့ သွားကြတာကိုး။ အဲဒီ ဆွမ်းအုပ်နီကြီးကို ကျွန်တော် အခုထိသိမ်းထားသေးတယ်။

ဒီဆွမ်းအုပ်နီကြီးထဲမှာ ဆရာတော့်ကိုကပ်စရာ ဖွယ်ဖွယ်ရာရာတွေ ပါပြီး ကျွန်တော်စားဖို့ပါ ဒီဆွမ်းအုပ်ထဲမှာ ပါတယ်လေ။ ဝက်သားဟင်း ဆိပြန်၊ ချိုးကြော်၊ စာကလေးကြော်တွေ ပါတတ်တယ်။ အဲဒီတုန်းက ရွှေကြက်ယက်မှာ စာကလေးရောင်းတဲ့သူတွေလည်း အများကြီး။ ကျွန်တော်ကတော့ ဥပုသ်နေ့ကိုပဲ လက်ရေချိုးပြီး မျှော်နေတော့တာ။

အဖေက သူအုပ်ချုပ်ရတဲ့ ရွာတွေအပေါ်မှာ ဩဇာအာဏာလည်း ရှိတယ်။ ဟိတ်လည်းကောင်းတယ်။ မက်ဆိုပိုတေးမီးယားစစ်ပြန်ဆိုတဲ့ ဟိတ်ကလည်း ကြီးတော့ လူဆိုးသူခိုးက သူကြီးဦးဘဂျမ်းကို ရှိန်ကြ၊ ကြောက်ကြတယ်။ ပြီးတော့ သူကြီးဦးဘဂျမ်း သေနတ်ပြီးတယ်၊ ကာယသိဒ္ဓိပြီးတယ်လို့လည်း လူပြောများကြတာကိုး။ သေနတ်တကယ်ပြီးသလားတော့ ဘယ်

mgyoe.com

mgyoe.com

သိမလဲ။ အဖေ့ကို သေနတ်နဲ့ ဘယ်သူကမှ မပစ်ဖူးဘဲကိုး။

နယ်နှင်ခံရတဲ့လူဆိုးတွေကို အက်တူး Act 2 လို့ခေါ်တယ်။ အက်တူးဆိုတာ ပုဒ်မနံပါတ်ပဲ ထင်ပါရဲ့။ မြို့အုပ်တစ်ယောက်က ဒီလိုကျော်စောတဲ့ လူဆိုးတွေကို နယ်နှင်လိုက်ပါလိမ့်မယ်။ မင်းရဲ့ဆွေမျိုးညာတကာ ဘယ်မြို့မှာရှိသလဲလို့ မေးတဲ့အခါ သာစည်မှာရှိတယ်ဆိုရင် သာစည်မှာ တစ်နှစ်သွားနေချေလို့ နှင်လိုက်တာပါ။

တကယ်လို့ ရပ်ဝေးဒေသမှာ ဆွေမျိုးညာတိ မရှိပါဘူး ပို့ချင်ရာသာ ပို့ပါဆိုရင် ဒီလူဆိုးကို အလုပ်ပေးနိုင်မယ့် ဩဇာရှိတဲ့ သူကြီးတစ်ဦးဦးဆီ ပို့လိုက်တာပါပဲ။ လူဆိုးရဲ့ ဌာနေ၊ အရပ်မှာ ရာဇဝတ်မှု မကျူးလွန်နိုင်အောင်လို့။ ကျွန်တော်တို့အိမ်မှာ အဲဒီလို နယ်နှင်ခံထားရတဲ့ လူဆိုး နှစ်ယောက်သုံးယောက်တော့ အမြဲရှိနေတာ။ သူကြီးက သူတို့ကို ကျွေးရတယ်၊ အလုပ်လုပ်ခိုင်းရတယ်။ အိမ်မှာရှိတဲ့ နွားတွေလှည်းတွေ ကိုင်ရတယ်။ ယာထဲသင့်တော်တဲ့လူ ယာထဲ ခိုင်းရတယ်။ သူတို့က ရဲဌာနကို နေ့တိုင်းသွားပြီး လက်မှတ်ထိုးရမှာ။ ဒါပေမဲ့ သူကြီးအိမ်မှာ နေကြသူတွေဆိုတော့ ရဲဌာနကို သွားပြီး လက်မှတ်ထိုးစရာ မလိုတော့ဘူး။ သူကြီးက လက်မှတ်ထိုးတဲ့စာအုပ်ကို အိမ်ယူထားတော့ အိမ်မှာတင် လက်မှတ် နေ့စဉ်ထိုးရတယ်။

နွားစာကျွေးတဲ့လူက ကျွေး၊ ယာထွန်တဲ့လူက ထွန်၊ လျှော်ဖွပ် ချက်ပြုတ်ကြရနဲ့ သူကြီးက အပိုးကျိုးအောင် ပိပိပြားပြားရှိအောင် ထောင့်စေ့စေ့ခိုင်းတတ်ရတယ်။ ပဲခူး၊ သာယာဝတီကတောင်မှ ရွှေကြက်ယက်ကို ရောက်လာကြတယ်။ ကျွန်တော်တို့ကို ထိန်းကြကျောင်းကြတာလည်း သူတို့ပဲ။ ကျွန်တော်ဆိုးတာ တေတာ သိပ်တော့မဆန်းလှဘူး။ ကြီးပြင်းရတာ အက်တူးတွေရဲ့လက်ပေါ် ကြီးပြင်းရတာလေ။

## ကိုချိန်နဲ့ မောင်ဟန်

ကျွန်တော့်ကို တော်တော်ချစ်တဲ့ ကိုချိန်ဆိုတဲ့ လူကတော့ ထူးဆန်းတယ်။ တစ်နှစ်မှာ ဆယ့်တစ်လ ကောင်းတယ်။ တန်ဆောင်မုန်းလဆိုရင်တော့ ကိုချိန်က ဖောက်ပြီ။ တန်ဆောင်မုန်းဆိုရင် ကိုချိန် အိမ်မှာမနေတော့

mgyoe.com

ဘူး။ တိတ်တိတ်ထွက်သွားပြီ။ အဝေးမြို့ ထွက်သွားတာလည်း မဟုတ်ဘူး။ ရွှေကြက်ယက်ထဲတင်ပါပဲ။ ဘုရားကြီး ကျောင်းကြားထဲ သွားနေတော့တာ။ ဘုန်းကြီးကျောင်းပျက်တွေထဲ ပုန်းအိပ်နေတော့တာ။ တစ်နေကုန်မထွက်ဘူး။

ညရောက်ရင်တော့ ကိုချိန်က ထွက်ပြီးခိုးတတ်တယ်။ ခိုးတာက လည်း အိမ်ဖောက်ပြီး ရွှေငွေအဖိုးထိုက်တွေ တက်ခိုးတာမဟုတ်ဘူး။ သူက မီးဖိုချောင်ထဲဝင်ပြီး စားစရာသောက်စရာ ဝင်ခိုးစားတတ်တယ်။ စားသောက် ကုန်တွေကိုပဲ ခိုးတဲ့လူ။

ကျွန်တော်တို့ ရွှေကြက်ယက်အိမ်မှာ ကျီနှစ်လုံးရှိတယ်။ တစ်လုံးက စပါးတွေထားပြီး ကျန်တဲ့တစ်လုံးက ပဲတွေ နှမ်းတွေထားတာ။ တစ်ညမှာ ကိုချိန်က ပဲအိတ်ဝင်ထမ်းတာ။ ကျီက ပျဉ်ချပ်အခြေအနေ ယွင်းနေတာနဲ့ ကျွန်တော့်အစ်ကိုက စောင့်ဖမ်းတာလေ။ ညမိုးချုပ်တော့ မီးအိမ်လေးကို မီးစာလျှော့ထားပြီး အသာမှိန်ထားရင်း စောင့်နေတာ။ ကိုချိန်ကတော့ မီးရောင် မှိန်သွားတော့ အိပ်ပြီထင်ပြီး ပဲအိတ်ဝင်ထမ်းတော့တာပါပဲ။ အစ်ကိုကိုဘဝင်း က စောင့်ဖမ်းတာဆိုတော့ ခိုးထုပ်ခိုးထည်ကြီးနဲ့မိတာ။ ကိုဘဝင်းက ရိုက်တာ ပေါ့။ တံမြက်စည်း ဝါးအရိုးနဲ့ ရိုက်တာ။ "ဟာ ကိုကို မလုပ်ပါနဲ့ကွာ၊ တော်ပြီ ကိုကို တော်ပါတော့" ကျွန်တော်က ဝင်ဆွဲရင်းနဲ့ ငိုမိတာပေါ့။ ဒီလောက်ရိုက်တာ တကယ်ဆိုရင် ကိုချိန်က ပဲအိတ်ချပြီး ထွက်ပြေးပါတော့ လား။ အခုတော့ ကိုချိန်က ရိုက်နေတဲ့ကြားက ပဲအိတ်ကိုထမ်းပြီး ကျီထဲ မူလနေရာ ပြန်ထားတယ်။ အစ်ကိုလည်း သူဟာသူ ရိုက်ပြီးတော့ စိတ် မကောင်းဖြစ်နေရရော။

ကိုချိန်က ပဲအိတ်ကိုပြန်ထားပြီး ငိုနေတဲ့ကျွန်တော့်ကို ကောက်ချီပြီး နှစ်သိမ့်သေး၊ ချော့သေးတယ်။ ပြီးတော့ "မောင်စော တိတ်တော့ နောက် ဘယ်တော့မှ မလုပ်တော့ဘူး။ မောင်ဘဝင်းဆိုးတာ မဟုတ်ဘူး။ ငါဆိုးတာ တိတ်... တိတ်"တဲ့။

ကိုယ့်အိမ်ကပစ္စည်း လာခိုးတာပေမယ့် သံယောဇဉ်ရှိနေတော့ ခြေလွှန် လက်လွန် ဖြစ်မှာစိုးတာပါ။ ကိုဘဝင်းကလည်း ကွဲလောက်ပြဲလောက်တဲ့ နေရာတွေ မရိုက်ပေလို့သာပေါ့။ ဒီပြင်လတွေဆိုရင် ကိုချိန် အိမ်မှာ ထမင်း

mgyoe.com

mgyoe.com


ချက်၊ တံမြက်လှည်း၊ အဝတ်လျှော်နေတာပဲ။ ပဲတစ်ဆုပ်၊ ဒွန်းတစ်ချောင်း မပျောက်ဖူးဘူး။ ကိုချိန်လိုလူတွေက သူတို့မြို့အုပ်က ပြစ်မှုအလိုက် တစ်နှစ်၊ တစ်နှစ်ခွဲ၊ နှစ်နှစ် နယ်နှင်လိုက်တော့ သူတို့လည်း မိသားစုဝင်လို ဖြစ်နေတော့တာ။

ကျွန်တော်တို့အိမ်ဝင်းအဝင်မှာ တဲရှည်ကြီးတစ်လုံး ရှိတယ်။ တဲကြီး အပေါ်မှာ ပဲမှော်တွေ တင်ထားတယ်။ နွားတွေကျွေးဖို့ပါ။ အဲဒီ တဲရှည်ကြီး ထဲမှာ ကိုချိန်တို့လို အကျဉ်းသားတွေနေကြတယ်။ သူတို့က ရွှေကြက်ယက် ရွာထဲကလူတွေနဲ့ သိပ်ပြီး ရောရောနှောနှောမနေကြဘူး။ သူတို့ပေါင်းသင်းတဲ့ လူတချို့တော့ ရှိတယ်။ အရက်ကြိုက်ကြတဲ့သူတွေပေမယ့် ဝယ်သောက်ကြ တာမဟုတ်ဘူး။ စိမ်ရည်ဖောက်သောက်ကြတာ။ ထန်းလျက်၊ ထန်းရည်ချိုး နဲ့ ထနောင်းခေါက်ထည့်ပြီး စိမ်ရည်တည်ကြတာ။ နေပူတဲ့ရက်ဆိုရင် ၂ ရက် ၃ ရက်နဲ့ စိမ်ရည်ပေါက်နေပြီ။ ဒီစိမ်ရည်ကို သူတို့လည်း သောက်ကြ သလို ရွာထဲက စိမ်ရည်ကြိုက်သူတွေကိုလည်း ရောင်းတယ်။ သံပရာ၊ သရက်၊ ငှက်ပျောတွေစိုက်ထားတဲ့ အဖေ့ခြံကြီးထဲမှာ အဖေမသိအောင် သူတို့ စိမ်ရည်အိုးတွေ ဝှက်ထားကြတာ။

သူကြီးက သူတို့ ဒီလိုလုပ်နေတာသိပေမယ့် မပိတ်ပင်ဘူး။ မမူးစေနဲ့၊ မရမ်းကြနဲ့၊ ခိုက်ရန်မဖြစ်ကြနဲ့၊ ဒါပဲမှာတယ်။ ရွာထဲက ငါးဖမ်းတတ်တဲ့လူက ငါးဖမ်းလာပြီး စိမ်ရည်နဲ့မြည်းတယ်။ ပုစွန်ငုပ်တတ်သူကလည်း ပုစွန်ငုပ် လာခဲ့တယ်။ သူတို့မှာ များများစားစားရလာရင်တော့ သူကြီးအတွက်ဆိုပြီး အိမ်လာပေးကြတယ်။

သူကြီးက သူတို့ကို ကျွေးမွေးထောက်ပံ့ရပေမယ့် အိမ်အတွက် တော် တော်အထောက်အပံ့ဖြစ်တယ်။ အလုပ်တော်တော်များများက လူငှားစရာ မလိုဘူး။ အကျဉ်းသားတွေနဲ့ပဲ ပြီးရတာ။ ညရေးညတာလည်း သူတို့ရှိနေတော့ တစ်မျိုးစိတ်ချရပြန်ရော။ တန်ဆောင်မုန်းလက လွဲရင်ပေါ့။

သူတို့အထဲမှာ သျှောင်တစောင်းနဲ့ မောင်ဟန်ဆိုတဲ့လူလည်းပါတယ်။ သူက အသက်ငယ်ငယ်ပဲ၊ နှစ်ဆယ်ကျော်ရုံရှိဦးမှာ။ မြင်းခြံနယ်သားလေ။ သူ့ကိုယ်မှာ အင်းကွက်တွေနဲ့ ဆေးမင်တချို့ရှိတယ်။ စားခွက်နှိုက်တို့၊

mgyoe.com

mgyoe.com


ပယောဂတို့ ကာကွယ်တဲ့ဆေးတွေလေ။ သူ့ကို အဖေတို့ အမေတို့က မောင်ဟန်လို့ ခေါ်လို့ ကျွန်တော်တို့ကလည်း မောင်ဟန်လို့ခေါ်တာ။ ကျွန်တော့်ထက်တော့ အသက်ကြီးတာပေါ့။

သူတို့ နေ့ဘက်အလုပ်သွားရင် ကျွန်တော် မောင်ဟန်အိပ်ရာပေါ် တက်ဆော့တော့တာ။ ဆော့ရင်း လှန်လှောရင်းနဲ့ တစ်နေ့မှာ စာအုပ်သွားတွေ့တယ်။ မဟာပဒုမစာအုပ်ကို သွားတွေ့တာ။ ကျွန်တော် လေးတန်းကျောင်းသားလောက်ပဲ ရှိဦးမှာ။ ဘုန်းကြီးကျောင်းမှာ ပုဒ်ဖြတ်၊ ပုဒ်ရပ်တွေ မှန်အောင် အသံထွက်မှန်အောင် ဖတ်ရတာကိုး။ ကျောင်းမှာလည်း တစ်ယောက်ချင်းထပြီး စာအံရရင် ဒီလိုအော်ခဲ့ရတာလေ။

စာတွေကို အသံထွက်ဖတ်ရင်း ငိုချင်းရောက်တော့လည်း ငိုချင်းတဲ့ဟဆိုပြီး အော်ငိုနေတုန်း မောင်ဟန် ပြန်ရောက်လာတယ်။ မောင်ဟန် စာအုပ်ကို ဖွတ်ဆွဲလုရင်း "မင်း... မင်းကွာ... ပြဿနာပဲ" "ဟ ဘာဖြစ်လို့လဲ စာအုပ်ဖတ်တာပဲ" "သူကြီးသိရင် ငါ့ဆူတော့မှာ" "စာဖတ်တာ ဘာဖြစ်လို့ ဆူရမှာလဲ မောင်ဟန်ရ" "ဒါ ဝတ္ထုစာအုပ်ကွ"။

ကျွန်တော်တို့ခေတ်မှာ တချို့မိဘတွေက ဝတ္ထုဖတ်တာကို မကြိုက်ကြဘူးလေ။ ကျွန်တော့်အဖေတို့ အမေတို့ကတော့ ဘာမှမပြောကြပါဘူး။ ဒီလိုနဲ့ မောင်ဟန်ဝယ်ထားတဲ့ စာအုပ်တွေဖတ်ရင်း မောင်ဟန်ကိုတွေ့တိုင်း "စာအုပ်အသစ် မရောက်သေးဘူးလား"လို့ မေးမိတယ်။ "နေဦးကွ ကိုဘဝင်း မန္တလေးသွားမှ မှာလိုက်ရမှာ"တဲ့။

မောင်ဟန်ရဲ့ကျေးဇူးကြောင့် ရွှင်ပျော်ပျော်၊ တောက်ထွန်း–တက်ထွန်း၊ ပီတောက်ရွှေဝါတို့နဲ့ ရင်းနှီးခဲ့ရတယ်။ ကျောင်းစာရဲ့အပြင်ဘက်က ရသစာပေ စိတ်ဝင်စားအောင် စာပေနဲ့ မိတ်ဆက်ပေးတာ တစ်နယ်တစ်ကျေးမှာ ဆိုးလွန်းမိုက်လွန်းလို့ အက်တူးနဲ့ နယ်နှင်ဒဏ်ပေးလိုက်တဲ့ မောင်ဟန်ဆိကပါ။ ရသစာပေတွေကတစ်ဆင့် နိုင်ငံရေးစာပေတွေပါ ဖတ်ချင်စိတ်ပေါ်လာတယ်။ ဘာပဲဖြစ်ဖြစ် အက်တူး မောင်ဟန်ရဲ့ကျေးဇူး ကျွန်တော့်မှာရှိတယ်။

ကျောင်းပိတ်ရက်တွေမှာ သူငယ်ချင်းတွေ တူတူပုန်းတမ်း၊ ထုပ်ထိုး

mgyoe.com

mgyoe.com

တမ်း၊ စိန်ပြေးတမ်း ကစားနေချိန်မှာ ကျွန်တော်ကတော့ မောင်ဟန်ရဲ့အိပ်ရာမှာ ကျောခင်း၊ သူ့ခေါင်းအုံးပေါ် ဝင်အုံး ခေါင်းတင်ပြီး စာဖတ်တော့တာပါပဲ။ အိပ်ရာနဲ့ ပေါင်တို့ ခြေသလုံးတို့ ထိနေတာကြာလို့ ပူရင် ခြေချိတ်ဖတ်တယ်။ ကျောပူရင် တစ်ဖက်စောင်းဖတ်တယ်။

စာအုပ်အသစ်တွေ ဖတ်ချင်တော့ ကျွန်တော် ဉာဏ်ကူရတယ်။ အဲဒါကတော့ မောင်ဟန်ရဲ့စာအုပ်ကို သူ့အိပ်ရာပေါ်မှာ မဖတ်တော့ဘဲ အိမ်ထဲကို ယူပြီး ဖတ်တဲ့နည်းပါပဲ။ ကျွန်တော်က စာဖတ်တဲ့အခါ အသံထွက်ဖတ်တော့ အစ်မနဲ့ နှမလေးတွေ လာနားထောင်ကြ၊ ကြားကြရတာကိုး။ ဇာတ်လမ်းထဲမှာ ရယ်စရာပါရင် မောင်နှမတစ်တွေ တဝါးဝါးနဲ့ ရယ်ကြ၊ ဇာတ်လမ်းက ဝမ်းနည်းစရာဆိုရင် စုတ်တသပ်သပ်နဲ့ မျက်ရည်မဆည်နိုင် ဖြစ်ကြရနဲ့၊ အစ်မနဲ့ နှမတွေပါ ရသစာပေနဲ့ မိတ်ဆက်ပြီးသား ဖြစ်လာတယ်။

အိမ်မှာ အစ်မကြီး မမြညွန့်က ငွေကိုင်ရတဲ့သူဆိုတော့ "အစ်မ ကျွန်တော် စာအုပ်မှာလိုက်ချင်တယ်။ မြမျိုးလွင် အသစ်ထွက်တယ်။ ရွှေဥဒေါင်း အသစ်ထွက်နေတယ်"လို့ ပြောလိုက်ရင် အစ်မကလည်း "မှာလိုက်လေ မောင်လေး– ရော့ ပိုက်ဆံ" ဖြစ်ကရော။

နယ်ပိုင်တို့ မြို့ပိုင်တို့က နယ်နှင်တဲ့အမိန့် ချတဲ့အခါ အပြင်ကနေ အမိန့်ကို စောင့်နားထောင်နေတဲ့ ကိုချိန်တို့ မောင်ဟန်တို့ရဲ့ မိသားစုက 'ကျွန်မ ဒီလူမမယ်ကလေးနဲ့ ဘယ်လိုလုပ် နေခဲ့ရမှာတုံးတော့' အော်ဟစ်လူးလိမ့်ငိုရစ်တာတွေ မတွေးမိသေးဘူး။ တကယ်တော့ သူတို့ ဘာလို့ခိုးရတယ်၊ ဆိုးရတယ်ဆိုတာ နောက်ပိုင်း စာတွေတော်တော်ဖတ်လာမှ သိလာရတာ။

## မောင်ရို့… မောင်ရို့… လေလှေ့ … လေလှေ့ …

ဧရာဝတီမြစ်ထဲမှာ လှေပြိုင်ပွဲတွေကို ကျင်းပရတာတို့၊ ဝေလမင်းသားလာလို့ မန္တလေးကျုံးထဲမှာ ကျင်းပတဲ့ လှေပြိုင်ပွဲတွေမှာ သူကြီးဦးဘဂျမ်းပဲ ဦးစီးကျင်းပရတာဟာ ဘုရင့်လှေတော်မှာ အမှုထမ်းခဲ့တဲ့ ဦးအောင်ကြီးရဲ့သား ဖြစ်တာကြောင့်ရယ်၊ မြစ်နံ့ဘေးက ရွှေကြက်ယက်သူကြီး ဖြစ်တာကြောင့်

mgyoe.com


ရယ်၊ ပြီးတော့ လှေပိုင်ရှိတာကြောင့်လည်း ဖြစ်နိုင်တယ်။

ရွှေကြက်ယက်ရွာရဲ့ လှေနာမည်က 'အောင်သိန်း'တဲ့။ အောင်ပွဲတွေ အောင်မြင်မှုတွေ သိန်းနဲ့ချီပြီး ရမယ်ဆိုတဲ့ နိမိတ်လေလားမသိဘူး။ တပ်ကြီးရွာမှာ ဇမ္ဗူသိမ်းဆိုတဲ့လှေ ရှိတယ်။ အောင်ပွဲတွေ သိန်းနဲ့ချီဖို့ အောင်သိန်းလို့ လှေကို နာမည်ပေးတာဆိုရင် တပ်ကြီးလှေကလည်း ဇမ္ဗူပေါ်မှာရှိတဲ့ အောင်ဆု၊ ပထမဆုဟူသမျှ သူက သိမ်းယူမှာဆိုတဲ့ နိမိတ်ဖြစ်မှာပေါ့။ သူကြီးဦးဘဂျမ်းနဲ့ တီပီအက်(စ်) တစ်နှစ်တည်းရတဲ့ မတ္တရာနယ် ဟင်းရွက်စုသူကြီးဦးဖေရဲ့လှေနာမည်က "ပြည်ကျော်"တဲ့။ လယ်ပြင်ဘုန်းကြီးရဲ့လှေကတော့ "အောင်ထွန်း"တဲ့။

အဖေက အောင်သိန်းကို ကိုယ်တိုင်ထွင်းခဲ့တာတဲ့။ လူ ၂၅ ယောက်စီးတဲ့လှေကြီး၊ တစ်ဖက်ကို လူ ၁၂ ယောက်စီ လှော်ရတယ်။ လှေပြိုင်ရမယ့်ရာသီနီးရင် ညနေတိုင်း သူတို့ 'တက်ရေး'ဆင်းကြတယ်။ တချို့ကလည်း 'တက်ရေးကျင့်'တယ်လို့ပြောတယ်။ လှေလှော်ကျင့်ကြတာလေ။ အောင်သိန်းကို လှော်ကြသူတွေက တောင်သမန်ရေထွက်နံဘေးက 'မိုးကောင်း'ကလူတွေပါ။ မိုးကောင်းဆိုတာ ရွှေကြက်ယက်နဲ့ ချောင်းပဲခြားတယ်။ သူတို့အများစုက အင်းလုပ်သားတွေ။ ရေကျွမ်းကျင်တယ်။ ရေငုပ်နိုင်တယ်။ သက်လုံကောင်းတယ်။ ပြေငြိမ်းဆိုတဲ့လှေက လက်သစ်ရပ်ကလှေ။ လက်သစ်ရပ်ဆိုတာ အိုးထုတ္တာန်းကူးတို့ တောင်ဘက်နားက အရပ်ပါ။ ဇမ္ဗူသိမ်းကို လှော်ကြတာတော့ တပ်ကြီး၊ ရွှေလေးဘက်က တောင်သူတွေ၊ ယာလုပ်သားတွေပေါ့။ သူတို့ကလည်း ကြံ့ခိုင်တာပဲ၊ ဖွံ့ကြီးတာပဲ။

မန္တလေးတစ်ဝိုက်မှာ လှေပြိုင်ပွဲဟော့ဆိုရင် ဇမ္ဗူသိမ်းနဲ့ အောင်သိန်းတို့ နောက်ဆုံး ထိပ်တိုက်တွေ့ကြ၊ ဗိုလ်လုကြရတာ များတယ်။ လက်မောင်းသားတုတ်တဲ့ ယာသမားတွေနဲ့ လက်မောင်းအိုးကြီးတဲ့ အင်းလုပ်သားတွေရဲ့ အားပြိုင်ပွဲပေါ့။ ဒီနှစ်သင်း တစ်သင်းသင်း ပထမရတာပဲ။ ဒီအသင်းတွေက အပင်ပန်းခံလည်း လှေကျင့်ကြတယ်။ ပြီးတော့ နိုင်ခဲ့ဖူးတဲ့အစဉ်အလာလည်း ရှိကြတာကိုး။ ရွာနားနီးချင်း ပြိုင်ကြရတာလေ။

လှေပြိုင်ပွဲ ဖြစ်မြောက်ရေးကော်မတီရဲ့ ဥက္ကဋ္ဌက သူကြီးဦးဘဂျမ်းပဲ။

mgyoe.com

ပြိုင်ပွဲအတွေ့အကြုံရှိတဲ့ လူကြီးတွေပါဝင်ပြီး ကော်မတီဖွဲ့ထားတာလေ။ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းကလည်း စနစ်တကျရှိတယ်။ ဒိုင်တွေကလည်း သမာသမတ်ရှိကြတယ်။ တရားတဲ့ ယှဉ်ပြိုင်မှုလည်း ဖြစ်ရမယ်တဲ့။

မန္တလေး ကျုံးထဲမှာတော့ အထူးလှေပြိုင်ပွဲတွေ လုပ်ပေးခဲ့ရတယ်။ ဝေလမင်းသား မန္တလေးလာတုန်းက တစ်ခါ၊ ဘုရင်ခံက လှေပြိုင်ပွဲ ကြည့်ချင်တယ်ဆိုလို့ တစ်ခါ။ ဆဋ္ဌမမြောက် ဂျော့ဘုရင်မှတ်တယ်။ ဂျော့ဘုရင် နန်းတက်ပွဲ အထိမ်းအမှတ်နဲ့ ကျုံးထဲမှာ လှေပြိုင်ပွဲ ကျင်းပရတယ်။ မြောက်ဘက်ကျုံးထဲမှာ လုပ်တာပါ။ ဒီလိုပွဲဆိုရင် လှေကြီးတွေကို နွားလှည်း နှစ်စီး သုံးစီးနဲ့တင်ပြီး မန္တလေးကို သယ်ရတာ။ အဖေပဲ ကြီးကြပ်ပြီးသယ်တယ်။

နေတာတော့ မန္တလေး ကျုံးမြောက် သုဓမ္မာဇရပ်တွေအနားမှာ အဖေက သူ့တဲနဲ့သူ သတ်သတ်နေတယ်။ လှေတွေလှည်းတွေလည်း ကိုယ့်အစုနဲ့ ကိုယ် စုစုဝေးဝေး နေကြရတယ်။ လှေတွေကို ရေထဲချမထားကြဘူး။ ထောက်ပေါ်မှာပဲ မလဲအောင်၊ မစောင်းအောင် ဂရုတစိုက် တင်ထားကြတယ်။ ပြီးမှ အပြင်ကနေ ကိုယ့်ရွာကလှည်းတွေက ဝိုင်းပတ်ရံထားကြတာ။ ကြိုးအနီနဲ့ လည်း တားထားတယ်။ ဒိပြင်ရွာကလူ လှေအနား မရပ်ရဘူး။ ကြိုးနီဝိုင်းထဲ မဝင်ရဘူး။ ဝင်ခွင့်မရှိဘူး။ လှေကိုလည်း သနပ်ခါးနံ့သာရည်တွေ ပက်ထားတယ်။ လှေဦးမှာ အောင်သပြေပန်း ထိုးထားတယ်။ ရာသီအလိုက် ပွင့်တဲ့ ပန်း ဒါမှမဟုတ် အခါပေးတဲ့ ဆရာတော် အတင်ခိုင်းတဲ့ပန်းနဲ့ပေါ့။

ဒိပြင်ရွာသား လူစိမ်းအကပ်မခံတာ ကိုယ့်လှေနိုင်ပြီး သူများလှေရှုံး အောင် အောက်လမ်းခေါ်မလား၊ အစီအရင်တွေ အလုပ်ခံရမှာစိုးလို့။ ပြိုင်ဘက်လှေ သနအောင် လုပ်တတ်ကြတယ်လေ။ နည်းတွေကလည်း တော်တော်စုံသတဲ့။ ဒါကြောင့် လှေကို အစောင့်နှစ်ယောက် နေ့ရောညပါ ချထားရတယ်။

ပြိုင်ပွဲမှာ လှေလှော်တဲ့အခါ လင်းကွင်းဆရာက အရေးအကြီးဆုံးပဲ။ တော်ရုံလူ ပြိုင်လှေမှာ လင်းကွင်းတီးချင်လို့ မရဘူး။ သူက အတွေ့အကြုံ များရမယ်။ ပါးရည်နပ်ရည် ရှိရမယ်။ သမာဓိရှိရမယ်။

သူကြီးဦးဘဂျမ်းရဲ့ "အောင်သိန်း"လှေရဲ့ လင်းကွင်းဆရာက ဦးထွန်း

mgyoe.com

mgyoe.com

ဇန်'တဲ့။ အသားဖြူဖြူ၊ ကိုယ်လုံးပြည့်ပြည့်၊ မည်းမှောင်နေတဲ့ နှုတ်ခမ်းမွေးကြီးနဲ့ သျှောင်ကြီးကလည်း ထန်းသီးလုံးလောက် ရှိမလားပဲ။ သူက လှေပေါ်တက်ပြီး လင်းကွင်းခြမ်းနှစ်ချပ်ကို မကိုင်ခင် ပထမ ခါးတောင်းကို ဖင်ကြားမြှောင်နေအောင်ကျိုက်တယ်။ ပြီးမှ လင်းကွင်းကို ပညာနဲ့ တီးတာ။ သူ့လင်းကွင်းသံကိုနားထောင်ရတာ အောင်သိန်းလှေပေါ်က လှေတော်သားတွေ မပြောနဲ့ ကမ်းပေါ်က ကြည့်နေကြတဲ့ပရိသတ်တွေ၊ အထူးသဖြင့် ကျွန်တော်တို့ ရွှေကြက်ယက်သူ ရွှေကြက်ယက်သားတွေကို ပိုပြီး စိတ်ဓာတ်တက်ကြွစေတယ်။ သူ့လင်းကွင်းတီးပုံက အားရပါးရနဲ့ မာန်သိပ်ပါတာ။ သူ့နေရာကလည်း တကယ့်အရေးပါတဲ့ နေရာ။ ဘောလုံးနှစ်သင်း ခြေညီနေရင် စည်းလုံးညီညွတ်မှုရှိ၊ သက်လုံကောင်းမှုရှိ၊ ပါးရည်နပ်ရည်ရှိတဲ့အသင်းက အနိုင်ရသလိုပဲ၊ လှေနှစ်စင်း ပြိုင်နေကြရင် တက်ညီလက်ညီရှိတဲ့အသင်းက နိုင်တယ်လို့ ပြောကြတယ်လေ။ တက်ညီလက်ညီရှိဖို့ လင်းကွင်းဆရာက အရေးကြီးတယ်။ လှေတော်သားတွေ အရေးကြီးသလို ဦးစီးပဲ့ကိုင်နဲ့တန်းတူ လင်းကွင်းဆရာကလည်း အရေးကြီးတာပဲ။ 'အောင်သိန်း'လှေပြိုင်ပွဲဝင်တဲ့နေ့ဆိုရင် ရွှေကြက်ယက်ရွာရဲ့သူကြီးဟာ ဦးဘဂျမ်း မဟုတ်တော့ဘူး။ သူကြီးက လင်းကွင်းတီးတဲ့ ဦးထွန်းဇန် ဖြစ်သွားပြီ။ ရွှေကြက်ယက် တစ်ရွာလုံးရဲ့ အသက်က သူ့လက်ထဲမှာလေ။

လှေပြေးရမယ့်တစ်လားက လေးဖာလုံသတ်မှတ်ရင် သတ်မှတ်တယ်။ တစ်ခါတလေ နှစ်ဖာလုံပြိုင်ရင် ပြိုင်တယ်။ တာလွှတ်တဲ့နေရာကို လွှတ်မုံးလို့ခေါ်တယ်။ ပြိုင်လှေနှစ်စင်း လွှတ်မုံးမှာ တာထွက်ညီနေမှ တာလွှတ်သေနတ် ဖောက်တာ။ မညီရင် တာမလွှတ်ဘူး။

ညနေ တက်ရေးကျင့်တဲ့အခါ တက်ညီလက်ညီရှိအောင်လို့ ဦးထွန်းဇန်က လင်းကွင်းသံနဲ့ တက်အချက်ကို အချက်ပေးရတယ်။ သူ့လင်းကွင်းက "ချမ်း"ဆို အသံပေးမှ တက်ကို ရေထဲချရတယ်။ ပြီးတော့ အားစိုက်ပြီး လှော်ရတယ်။ လ့င်းကွင်းသံ နောက်တစ်ချက် "ချမ်း"ခနဲမြည်မှ တက်ကို နောက်တစ်ချက်နှစ် လှော်ရတယ်။ တက်ကိုင်ပုံကလည်း အရေးကြီးတယ်။ တက်အဖျားကို လက်တစ်ဖက်က မိမိရရဆုပ်ကိုင်ထားရတာ။ နောက် တစ်

mgyoe.com

mgyoe.com

ဖက်က တက်အရွက်ရဲ့ အရင်းနားမှာ မြဲမြဲကိုင်ထားရတယ်။ ဒါမှ အားရပါးရ လှော်နိုင်မှာလေ။ တက်ကို ရေထဲချလိုက်ချိန်မှာ ရေတွေ ဖျန်းခနဲ လွင့်စဉ် မသွားစေရဘူး။ ရေထဲကို တက်အပြားလိုက် မချရဘူး။ အသာစောင်းပြီး "ဇွက်"ဆိုချရတာ။ အဲဒီတော့မှ တက်က "စွေ့"ခနဲ မြုပ်သွားတယ်။ လင်းကွင်း ဆရာဆီက လင်းကွင်းသံ "ချမ်း"ဆိုမြည်ရင် လှေတော်သားတွေကလည်း လင်းကွင်းသံနဲ့အတူ အားစိုက်ပြီး တစ်ချက်လှော်လိုက်ပြီ။

လှေပြေးရမယ့်တစ်လားကို ဘယ်နှဖာလုံပဲ သတ်မှတ်ထား သတ်မှတ် ထား ဦးထွန်းဇန်က ပြိုင်ရမယ့်တစ်လားကို စိတ်ထဲတင် အပိုင်း ၃ ပိုင်း ပိုင်းထားတယ်။ လွှတ်မုံးမှာတော့ သူက ဖြည်းဖြည်းနဲ့ မှန်မှန်ပဲလှော်ကြဖို့ လင်းကွင်းကို တာအထွက်မှာ တစ်ချက်ချင်း 'ချမ်း... ချမ်း... ချမ်း'နဲ့ ပုံမှန် တီးပေးတယ်။ ဒုတိယပိုင်း သတ်မှတ်တဲ့နေရာ ရောက်ရင်တော့ ဦးထွန်းဇန်ရဲ့ လင်းကွင်းသံက နည်းနည်းသွက်လာတယ်။ တတိယအပိုင်းကိုတော့ သုတ်မုံး လို့ ခေါ်တယ်။ ဒီအပိုင်းရောက်ရင် လင်းကွင်းကို အမြန်အသွက်တီးရပြီ။ ဦးထွန်းဇန်ကို ကြည့်နေရတာကိုက ကိုယ့်ရွာကလှေ နိုင်တော့မှာ သေချာနေ သလိုပဲ။

ပြိုင်ပွဲပါးမဝတဲ့ လင်းကွင်းဆရာကတော့ တာက ထွက်ထွက်ချင်း "ချမ်းချမ်းချမ်း"နဲ့ မြန်မြန်အချက်ပေးရော၊ အဲဒီလိုလှေမျိုးက သုတ်မုံးရောက် တဲ့အခါ လက်ပန်းကျနေပြီ။

လှေပြိုင်တယ်ဆိုတာ ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းမှုချင်း ပြိုင်ကြတာ ဖြစ်သလို ဦးနှောက်ဉာဏ်ချင်းလည်း ပြိုင်ကြတာပါ။ ရေထဲမှာ သုံးမုံးစလုံး ခွန်အားချင်း၊ စည်းလုံးမှုချင်း ပြိုင်ကြတာဖြစ်သလို ပန်းဝင်ခါနီး ပန်းဆွဲတဲ့ အခါ ဉာဏ်ကူရတယ်။ လှော်အားချင်းတူရင် လှေအသွားချင်းလည်း တူနေ တတ်တယ်။ အဲဒီအခါ လှေနှစ်စင်းက 'ပတော့ပတင်' သူသာကိုယ်သာလေး မတိမ်းမယိမ်း ဖြစ်နေတတ်တယ်။ သိသိသာသာကြီးမဟုတ်ဘဲ လှေတစ်စင်း နဲ့တစ်စင်း နှာတစ်ဖျားလောက်ပဲ သူ့လှေက သာလိုက်၊ ကိုယ့်လှေက သာ လိုက် ဖြစ်နေတာကို 'ပတော့ပတင်'လို့ ခေါ်တာ။ နှာတစ်ဖျား နောက်ကျတဲ့ လှေက ပန်းဝင်တဲ့အခါ ပထမရချင် ရသွားတတ်တယ်။ လှေဦးက လူက

mgyoe.com

mgyoe.com


တစ်ဖက်လှေထက် အရင်ဦးအောင် ပန်းကို ခုန်ဆွဲရတာ။ ပွဲသမားက လှေဦးကလူ ပန်းကို ခုန်ဆွဲအပြီး ရေထဲမကျဘဲ လှေပေါ်ပြန်ကျဖို့ လှေလှော်ရင်း ပွဲပေးရတယ်။ ပန်းကို ခုန်ဆွဲသူ အောက်အကျ လှေက အခန့်သင့်ဖြစ်နေအောင် လှေကို ထိုးပေးတဲ့သဘောလေ။ မကျွမ်းကျင်ရင်တော့ ပန်းကိုတော့ ရလိုက်ပြီး လူက ရေထဲကျသွားရင် မနိုင်ဘူး၊ ရှုံးရော။

"ပန်းဆွဲရေကျ၊ တက်ထိုးတက်ခုတ် မလုပ်ရ"

ဒါ လှေပြိုင်ပွဲဝင်တိုင်း နားလည်တဲ့ စည်းကမ်းတွေပဲ။ တက်ထိုးတက်ခုတ်ဆိုတာ တစ်ဖက်နဲ့တစ်ဖက် လှော်တက်ကိုသုံးပြီး ရေပန်းတွေစဉ်ကုန်အောင် အနှောင့်အယှက်ဖြစ်အောင် လုပ်ကြတာ။ ဒါမျိုး ခွင့်မပြုဘူး။ ပြီးတော့ ရေတိမ်ရင် တက်ကိုမလှော်ဘဲ တက်ကိုထိုးပြီး လှေမြန်အောင်လုပ်တာမျိုး လုပ်ခွင့်မရှိဘူး။ တက်က လှော်ဖို့သက်သက်ပဲ။

တစ်ခါတလေ မိုး ၃ မိုး သတ်မှတ်ဖို့ ဝါးလုံး ၃ လုံးနဲ့ အမှတ်အသားလုပ်ထားတယ်။ တစ်ခါတလေလည်း ဖော့သုံးခုပေါ့။ အဲဒီမှာ အလံအရောင် ၃ မျိုးနဲ့ တာလွှတ်တဲ့ လွှတ်မိုးက အပြာ၊ အလယ်ကောင်မှာ အဝါရောင်ရှိတယ်။ ပန်းဝင်တဲ့နေရာမှာ သုတ်မိုးအတွက် အနီရောင်အလံ ရှိတယ်။ တာလွှတ်တဲ့အခါ နေရာ ဟိုဘက်ဒီဘက် ကိုယ်နေချင်တဲ့ဘက် နေချင်လို့မရဘူး။ နေရာအတွက် မြောက်ပန်းလှန်ရတယ်။ ရေစုန်ကို လှော်ကြရတာမို့ ရေစီးကလည်း အရေးကြီးတယ်။ ဘယ်ဘက်နေရင် ရေစီးသာတယ်ဆိုတာ လှေသမားတွေက သိပြီးသား။ ဘောလုံးသမားတွေ လေညာလေတင် ရွေးကြသလိုပေါ့။

အဲဒီလို ဘက်ရွေးတာကို ကြည့်ရတာကိုက ရင်တထိတ်ထိတ်နဲ့ ငေးမျှော်ကြည့်နေရတာလေ။ ကိုယ့်လှေက ရေစီးသာတဲ့ဘက်က ကျပြီဆိုရင် ဟေးခနဲအော်ပြီး လှော်တက်တွေ မြှောက်လိုက်ကြတာ။ ဆိုင်ရာရွာကလူတွေလည်း ဟေးခနဲ အော်ကြပြန်ရော။

ပြိုင်ပွဲမှာ ပန်းမဝင်ခင် ကိုယ့်လှေနိုင်ပြီဆိုပြီး တစ်ယောက်က တက်မြှောက်လိုက်ရင် အဲဒီတစ်ယောက် တက်မြှောက်လိုက်တာနဲ့ တစ်ဖွဲ့လုံးရှုံးသွားနိုင်တယ်။ ဒါကြောင့် ပန်းမဝင်ခင်မှာ တက်မမြှောက်ကြနဲ့ ဆိုတဲ့စကား

mgyoe.com

ဖြစ်လာရတာ။

လှေပြိုင်ပွဲ ကျင်းပကတည်းက ပထမဆုက ဆုငွေဘယ်လောက်၊ ဒုတိယဆုက ဆုငွေဘယ်မျှဆိုတာ သတ်မှတ်ပြီးသား။ ဒါပေမဲ့ ပြိုင်ပွဲရဲ့ ပြင်ပမှာ လောင်းကြေးရှိတယ်။ လက်ရင်းဘယ်လောက်၊ လက်ဖျားဘယ်ရွေ့ပေါ့။ တချို့ရွာတွေမှာ တိုးတိုးကြိတ်ကြိတ် လုပ်ကြသလို၊ တချို့ပြိုင်ပွဲတွေကျတော့ ဖြောင်ပဲ ကြေးခေါ်လောင်းကြတာ။

လှည်းထပ်၊ နွားထပ်တွေရှိသလို ခုန်ဆင်းတောင် လောင်းကြသတဲ့။ ခုန်ဆင်းဆိုတာ ကိုယ်နေနေတဲ့အိမ်ပေါ်က အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဘာပစ္စည်းမှမယူဘဲ လူချည်းဆင်းလာရတာ။

အဲဒါကြောင့် နာမည်ကြီးတဲ့လှေ၊ ပြေးတဲ့လှေကို မပြေးအောင်၊ သနအောင် နည်းမျိုးစုံနဲ့ လုပ်ကြမှာ စိုးရိမ်ရသလို အရေးကြီးတဲ့ လင်းကွင်းသမားကို ချဉ်းကပ်ကြတာတွေ ဖြစ်လာတာပေါ့။

လှေသမားတွေဟာ အသောက်အစားနဲ့ ကင်းသူ ရှားပါတယ်။ အသောက်လေးတော့ အနည်းနဲ့အများ ဝါသနာပါကြတယ်။ များသောအားဖြင့်တော့ ချက်အရက် သောက်နိုင်ကြတာပါ။ ဒီအခါမှာ ချဉ်းကပ်သူက ဘရန်ဒီ၊ ဝီစကီနဲ့ ချဉ်းကပ်တာလေ။ လူလစ်တဲ့အချိန်မှာ ညှော်ခံလိုက်တာ။ ဒါမျိုးကလည်း လူသိခံလို့ဖြစ်တဲ့ကိစ္စ မဟုတ်ဘူး။ သိရင် ပြဿနာက အကြီးကြီး။ အိမ်တိုင်ချွတ် အလောင်းအစားလုပ်ကြတာတွေ ရှိတယ်မဟုတ်လား။ ဒီတော့ သူကလည်း ဉာဏ်သုံးရတယ်။ လင်းကွင်းကို တီးတဲ့နေရာမှာ ပုံမှန်တီးခဲ့တာပဲ။ တစ်ခုပဲ သူ ပညာပြတယ်။ အဲဒါ ပန်းဝင်ခါနီးမှာ လင်းကွင်းကို တစ်ချက်ပဲ နှေးပစ်လိုက်တာ။ ယားတဲ့နေရာ အယားဖျောက်သလိုလိုနဲ့၊ အရေးတကြီး သုတ်မုံးမှာ လင်းကွင်းသံ ခပ်သုတ်သုတ်တီးရာက တစ်ချက်မသိမသာလေး နှေးပစ်လိုက်တာ။ အဲဒီတစ်ချက်မှာ ပြိုင်ဘက်လှေက လှစ်ခနဲ ဖြတ်ကျော်သွားရော။

တပ်ကြီးက ဦးယာထင်ဆိုတဲ့ ပုဂ္ဂိုလ်ကလည်း နာမည်ကြီး လင်းကွင်းဆရာပဲ။ သူက သောက်တတ်တယ်။ သူ့ကို အရက်နဲ့ရော ပိုက်ဆံနဲ့ရော ဆွဲထားကြတာ။ သူတို့က နာမည်ကြီးတော့ နှစ်လေးတစ်လေးတောင်

mgyoe.com

mgyoe.com


ကြေးခေါ် လောင်းကြတာ။ ဦးယာထင် လင်းကွင်းသံကြောင့် တပ်ကြီးရွာက ရှုံးရော။ အဲဒီမှာ ပြဿနာတွေ တက်ကြပါလေရော။ လှေလှော်တဲ့သူတွေက လည်း ကျွန်တော်တို့ လင်းကွင်းသံနဲ့အညီ လှော်တာပဲ။ ဗော့အနီရောက်ခါနီး မှာ လင်းကွင်းစည်းချက် ပျက်တယ်။ ပြီးတော့ ဦးယာထင်က ကိုယ့်လှေထက် တစ်ဖက်လှေကို ခဏခဏလှမ်းကြည့်တယ်ပေါ့။ သူကလည်း မဟုတ်ဘူး ငြင်းတာပဲ။ မောင်ယာထင် မင်း မူးနေသလား ပြော။ မမူးပါဘူး သူကြီး။ အဲဒီ မမူးပါဘူး သူကြီးဆိုတဲ့ အသံကိုက ခပ်လေးလေး ခပ်ဝါးဝါးနဲ့။

သူ့ကို ကျွန်တော့်အဖေ သူကြီးတစ်ယောက်တည်းရဲ့ သဘောတစ်ခု တည်းနဲ့ မဆုံးဖြတ်ပါဘူး။ လှေပြိုင်ပွဲကော်မတီ ဒိုင်လူကြီးအဖွဲ့က ကြားနာ တိုင်ပင်ပြီးမှ ဆုံးဖြတ်တာပါ။ မောင်ယာထင်ကို လှေပွဲသုံးပွဲ ပိတ်လိုက်တယ်။ လှေပြိုင်ပွဲက ဟိုတုန်းက ဘောလုံးပွဲလို ဘောလုံးရာသီတစ်လျှောက်လုံး ဒိုင်းတွေ ဖလားတွေ တစ်ခုပြီးတစ်ခု ဆက်နေတာမဟုတ်ဘူး။ တစ်နှစ်မှ တစ်ပွဲ၊ တစ်ခါတလေ ပြိုင်ပွဲနှစ်ပွဲ ရှိတာ။ ဦးယာထင် လှေပြိုင်ပွဲနဲ့ ၃ နှစ် လောက် ဝေးရော။ အဲဒါ ရတနာ့ဂူပြိုင်ပွဲမှာ ဖြစ်ခဲ့တာ။

သူကြီးဦးဘဂျမ်းက မန္တလေး ကျုံးထဲမှာလည်း မင်းပွဲစိုးပွဲ လှေပြိုင်ပွဲ တွေ လုပ်ပေးရတယ်။ ရတနာ့ဂူပွဲမှာလည်း ဦးစီးရတယ်။ ရွှေကြက်ကျဘုရား လှေဦးတိုက်ပွဲဆိုတာကတော့ တော်သလင်းလပြည့်ကျော် ၈ ရက်မှာ လုပ် တယ်။ အဖေက နေ့ခင်းမှာ လှေပြိုင်ပွဲလုပ်၊ အမေက ရွာသူရွာသားတွေနဲ့ ညမှာ မီးဖောင်မျှောပွဲလုပ်တယ်။ ငှက်ပျောဖတ်တွေ ကြက်ခြေခတ်ပြီး ဆီ မီးခွက်နဲ့ မီးဖောင်မျှောကြတာ။ တစ်ဖက်က လှပတဲ့ စစ်ကိုင်းတောင်ရိုး နောက်ခံနဲ့ ဆီမီးဖောင်တွေ ဧရာဝတီမြစ်အတိုင်း တန်းစီပြီး စုန်ဆင်းမျော သွားလိုက်တာ ညမှောင်မှောင်ထဲမှာ ဆီမီးရောင်တွေ တလက်လက်နဲ့ မြစ် ရေအတိုင်း မျက်စိတစ်ဆုံး တငြိမ့်ငြိမ့် စုန်ဆင်းသွားကြတာလေ။ မြစ်ပြင်ထဲ မှာ ရေစီးအတိုင်း ဒီဇိုင်းမျိုးစုံနဲ့ ကြည့်လို့သိပ်လှတယ်။

## အဘွားသန့်

သူကြီးရဲ့ ခြံဝိုင်းကြီးက ပေ ၂၀၀ နဲ့ ပေ ၄၀၀ လောက် ကျယ်တယ်။

mgyoe.com

အနောက်လားသော် ရွာလယ်လမ်း။ ရှေးတုန်းက လမ်းတွေကို အုတ်တွေစီထားတာ။ စီတာမှ ထောင်ပြီးစီထားတာ၊ ရှေးမြန်မာအုတ်ကြီးတွေ။ အခုခေတ်အုတ်တွေထက် ပိုကြီးတယ်။ လမ်းရဲ့ဒီဘက်မှာ သူကြီးစာရေးရဲ့အိမ်။ သူကြီး.က သူ့ခြံဝင်းထဲမှာပဲ ဆောက်ပေးထားတာ။ သူကြီးစာရေးက ဦးသျှန်တဲ့။ သူ့ပါးစပ်က ခပ်ရွဲ့ရွဲ့နဲ့။ လက်ရေးတော့ တော်တော်ကောင်းတယ်။ ဦးသျှန်က အရပ်ထဲက ဖွားသေစာရင်း ရေးရမှတ်ရတယ်။ စာချုပ်တွေ ရေးရတယ်။ အမှုတွဲတွေလည်း ရေးရတယ်။ အဲဒါတွေကို သူကြီးက မြို့အုပ်မင်းဆီ လစဉ်မှန်မှန် အစီရင်ခံရတယ်။ ဘယ်သူ ဘယ်နေ့က သေတယ်၊ ဘာရောဂါနဲ့။ ဘယ်သူနဲ့ ဘယ်သူတို့ ကလေးဖွားမြင်တယ်။ သားယောကျ်ား၊ သမီးမိန်းကလေး ဘယ်နေ့က ဖွားတယ် စသဖြင့် မှတ်တမ်းရေးရတယ်။

သူကြီး စီရင်ပိုင်ခွင့်ရှိတဲ့ အမှုတွေကို အမှုမှတ်တမ်းမှာ သူကြီးစာရေးဦးသျှန်က ရေးရတယ်။ ဘယ်အမှုကို ဘယ်လိုစီရင်တယ်၊ ချမှတ်တဲ့ပြစ်ဒဏ်က ဘယ်လိုအပြစ်ဒဏ်၊ သဲဒဏ်ဖြင့် သဲဒဏ်၊ ရေဒဏ်ဖြင့် ရေဒဏ် ဒါတွေမှတ်တမ်းရေးရတယ်။ ဦးဘဂျမ်းမှာ တတိယတန်း အထူးအာဏာရသူကြီးတာဝန်ပေးထားတယ်။ အမှုဖြစ်လို့ အမှုဖွင့်တယ် တိုင်တယ်ဆိုရင် ဦးသျှန်ကဆင့်စာရေးရတယ်။ တရားခံကိုဖြစ်စေ၊ သက်သေကိုဖြစ်စေ ဆင့်စာကိုဦးသျှန်ကိုယ်တိုင် သွားပေးရတယ်။ အဲဒီအတွက် သူက သမ္မန်စရိတ်ရတယ်။ အင်္ဂလိပ်စကား Summon က လာတာ။ အခုတော့ မွေးစားစကားလုံးဖြစ်နေပြီ။ သမ္မန်စရိတ်က တစ်မတ်လား ငါးမူးလားပဲ ရတာ။ သူကြီးကတော့အမှုတစ်ခုဖြစ်ရင် အစိုးရသတ်မှတ်ထားတဲ့အတိုင်း ကွမ်းဖိုးငွေ ၂ ကျပ်ရတယ်။ အဲဒီရတဲ့ ကွမ်းဖိုးနှစ်ကျပ်ကိုလည်း မှတ်တမ်းမှာ ရေးသွင်းရတယ်။ အမှုသည်ကို ပြေစာပေးရတယ်။ နှစ်ကျပ်ထက် ပိုရတာလည်း ရှိကောင်းရှိနိုင်တယ်။ အမှုသည်က သူ့အကြောင်းနဲ့သူ၊ သူ့အမှုအတွက် ပိုပေးတာမျိုးလည်း ရှိချင်ရှိနိုင်တယ်။ အမှုနိုင်ရင်နိုင်၊ ရှုံးရင်ရှုံး အမှုတိုင်ချက်ဖွင့်ကတည်းက ကွမ်းဖိုးငွေကို ပေးရတာပါ။ အသုံးအနှုန်းကိုက ကွမ်းဖိုးဆိုတော့အဓိပ္ပာယ်က သူကြီးစားဖို့လို့ အဓိပ္ပာယ်ရနေတာပေါ့။

အိမ်မှာ ဆီဆုံရှိတယ်။ နွားနဲ့လှည့်တာ။ အဘွားက ဆီကြိတ်စရာ

mgyoe.com

mgyoe.com

လိုလို့ ခိုင်းသံကြားရင် ကျွန်တော်တို့ အရမ်းပျော်တာပဲ။ ဆီဆုံစီးကြရတာလေ။ ဝိုင်းကြီးပတ်ပတ်ပေါ့။ နှမ်းဆီကြိတ်တဲ့အခါ နှမ်းထဲကဆီတွေ တစ်ဝက်လောက် ထွက်သွားပြီ။ ကျန်တဲ့ ခပ်ထွေးထွေးနှမ်းဖတ်ကို ဆီဆုံဆရာက ဆုပ်ပြီး ကျွန်တော်တို့ ကလေးတွေကို လှမ်းပေးလိုက်တယ်။ အစ်မက အမေကြီးဆီပြေးပြီး ထန်းလျက်သွားတောင်းတယ်။ နှမ်းဆီထွေး ထန်းလျက်နဲ့ ကိုက်စားရတာ၊ သိပ်အရသာရှိတာပေါ့။ တောမှာတော့ ကလေးစားစရာ မုန့်အကောင်းစားလေ။ ရွှေကြက်ယက်ဒိုးနတ်စ်ပေါ့။

အခုခေတ်မှာသာ ရွှေကြက်ယက်နဲ့ မန္တလေးဟာ အိမ်ဦးနဲ့ကြမ်းပြင် ဖြစ်နေတာ။ ဟိုတုန်းကတော့ ရွှေကြက်ယက်နဲ့ မန္တလေးဆိုတာ အဝေးကြီး။ အဘွားက မန္တလေးကို ဈေးသွားဝယ်ရင် လှည်းနဲ့ သွားဝယ်ရတာ။ မနက် ၄ နာရီလောက် အိပ်ရာကထ၊ ၄ နာရီခွဲ ၅ နာရီမတ်တင်းလောက် ရွှေကြက်ယက် အိမ်ကထွက်ရင် ည ၇ နာရီခွဲ ၈ နာရီမှ ပြန်ရောက်ကြတာ။ နေ့လယ်စာကို အဘွားတို့က ဒေါနခြံမှာ စားကြရတယ်။ ဒေါနခြံက အဲဒီတုန်းက အခုလို မစည်ကားသေးဘူး။ အဲဒီမှာ လှည်းတွေနားကြပြီး စားသောက်ဖို့ စားသောက်ဆိုင်တချို့ ရှိတယ်။

'မောင်သာမြဆိုင်တော့ဗျာ မစားကြလေနဲ့။ သူ့ဆိုင်သွားရင် မင်းတို့ ကြက်သွန်ချဉ်တောင် စားရမှာမဟုတ်ဘူး'လို့ ပြောစမှတ်ပြုရတဲ့ ကိုသာမြ ဆိုတဲ့လူရဲ့ ဆိုင်တစ်ဆိုင် ရှိခဲ့ဖူးတယ်။ ကိုသာမြက ခေါက်ဆွဲတို့၊ မုန့်တီတို့၊ ပဲလှော်ကြော်သုပ်တို့ ရောင်းတဲ့လူပါ။ သူ့ဆိုင်ကို စားတဲ့သောက်တဲ့လူလာရင် သူက 'ခဏနော် ခဏ ကြက်သွန်သွားဝယ်တဲ့ကလေးက ပြန်မလာသေးလို့' လို့ ပြောတတ်တယ်။ ခေါက်ဆွဲတို့၊ မုန့်တီတို့ စားတဲ့လူက စားလို့ဖြင့် ကုန်တော့မယ်။ သူ့ခဏနော်ကြောင့် ဘာအချဉ်မှ ရောက်မလာဘူး။ စားလို့ ကုန်သွားပြီး ခေါက်ဆွဲဖိုး၊ မုန့်တီဖိုး ကျသင့်ငွေရှင်းရင် ပြောတဲ့စကားက 'ဘနောက အကောင်တွေ လုပ်ချသွားတာ၊ ဒီအကောင်တွေ နွားစားသလိုပဲ ကြက်သွန်တွေချည်း စားသွားတာ'လို့ ပြောတတ်တယ်။ တကယ်တော့ ဘနောရွာသားတွေကိုလည်း သူ ကြက်သွန်ချဉ်လုပ်ပေးတာ မဟုတ်ပါဘူး။ ကြက်သွန်စားပြန်ရင်လည်း နွားစာရင်း ဝင်ဦးတော့မယ်။ ကြက်သွန်သွားဝယ်

mgyoe.com

mgyee.com

တဲ့လူကလည်း ဘယ်တော့မှပြန်မလာပါဘူး။ ဒါကြောင့် အဘွားက မန္တလေး သွားတဲ့အခါ မောင်သာမြဆိုင်တော့ ဝင်မထိုင်လေနဲ့လို့ မှာတာ။ နောက် တစ်ဦးလာတော့လည်း ရွှေကြက်ယက်ကကောင်တွေ ကြက်သွန်တွေ စား သွားလိုက်တာ၊ နွားစားစားတာလို့ ပြောဦးမှာ။

တချို့လှည်းသမားတွေက ပဲလှော်ကြော်သုပ်တို့ အမဲသားသုပ်တို့ကို ယမကာနဲ့ မြည်းလေ့ရှိကြတာကိုး။ အဲဒီတော့ ဒေါနခြံက ဆိုင်တွေမှာ ဝင် ထိုင်ကြရတာပေါ့။ ဒေါနခြံရောက်တော့ မနက် ၉ နာရီ ၁၀ နာရီ ရှိနေပြီ။ စားသောက်ပြီးရင် ရွာဟိုင်းဈေးမှာ လှည်းကိုရပ်တယ်။ ရွာဟိုင်းဈေးမှာ လှည်း ရပ်ရတာ အဘွားတို့ပါလာတဲ့ ပဲတို့၊ နှမ်းတို့၊ စပါးတို့ကို ရွာဟိုင်းဈေးမှာ ရောင်းခဲ့ရမှာလေ။ အဲဒီမှာ ပွဲစားတွေ၊ ပွဲရုံတွေ ရှိကြတယ်။ အဲဒီလှည်းတွေ မှာပါတဲ့ လယ်ယာထွက်သီးနှံတွေ ရောင်းချပြီးမှ ဈေးချိုကို မြင်းလှည်းငှား စီးပြီး သွားကြရော။ ဈေးချိုမှာ ရွှေကြက်ယက်အိမ်အတွက် လိုအပ်တာတွေ ဝယ်၊ မိတ်ဆွေသင်္ဂဟတွေ မှာလိုက်တဲ့ပစ္စည်းတွေ ဝယ်ပြီး ဈေးချိုကနေ ရွာဟိုင်းဈေးကို မြင်းလှည်းနဲ့ ပြန်လာကြတယ်။ ညနေ ၄ နာရီလောက်မှ ရွာဟိုင်းဈေးက လှည်းပြန်ကောက်ပြီး မောင်းလာလိုက်ကြတာ ရွှေကြက် ယက်ကို ည ၇ နာရီ ၈ နာရီမှ ပြန်ရောက်ကြတော့တယ်။

အဘွား ဈေးသွားတဲ့နေ့ဆိုရင် ကျွန်တော်တို့က အဘွားကို စောင့်နေ ကြတာ။ အဘွားက ပြန်လာရင် မန္တလေးက မုန့်ဝယ်လာမှာလေ။ ပါလာတဲ့ မုန့်ကလည်း အခုခေတ်ကြားရင်တော့ ရယ်စရာဖြစ်နေမှာပါ။ ပေါက်စီကြော် လေ။ ကျွန်တော်က အဲဒါစားချင်လို့ စောင့်နေမိတာ။ အဘွားက ပေါက်စီ ကြော် မဝယ်ခဲ့ရင် ချိဇာကိတ် ဝယ်လာတတ်တယ်။ တရုတ်ရုပ်ဆိုင်တွေမှာ ရောင်းတတ်တယ်။ ချိဇာကိတ်ကလည်း ကျွန်တော့်အကြိုက်ပဲ။ အဲဒါမျိုးတွေ မှ မဝယ်ခဲ့ဘူးဆိုရင် အဘွားက ပဲကြီးလှော်နဲ့ ထန်းလျက် ဝယ်လာခဲ့တယ်။ ကျွန်တော် ပဲကြီးလှော်ကြိုက်မှန်း သိလို့ ဝယ်လာတာ။ ဘယ်လောက်အထိ ပဲကြီးလှော်ကို ကြိုက်သလဲဆိုရင် မုန့်သေတ္တာပုံးထဲ ပဲကြီးလှော်တွေထည့်ထား ပြီး အိပ်ရာနံဘေး ထားစားတာ။ ပဲနဲ့ ကြီးခဲ့ရတဲ့ သူကြီးသားပေါ့။ မုန့် အကောင်းစားတွေလည်း တစ်ခါတလေ စားရတယ်။ အဖေက မျက်နှာဖြူ

mgyee.com

mgyoe.com


တွေနဲ့ အဆက်အဆံရှိတော့ ဘီစကွတ်တွေ၊ ဒိန်ခဲတွေ စားခဲ့ရဖူးတယ်။ ဟန့် ဒလီအင်ပါးလ်မာ Huntley & Palmer တို့ ဂိုးလ်ဒင်းပပ်(ဖ်)တို့ပေါ့။

အဘွားက ချမ်းသာပေမယ့် စည်းစနစ်ကြီးတယ်။ ဒီလို စည်းစနစ်ကြီးလို့လည်း ချမ်းသာတာလို့ တချို့က ပြောကြတယ်။ ငါးဆိုရင် ခေါင်းတစ်ရာသားပဲ စားတယ်။ ခေါင်းတစ်ရာသားဆိုတာ ငါးစင်စပ်ကို အိုးကပ်ချက်စားတာ။ ငါးစင်စပ် နှစ်ပြားဖိုးဆို အဘွားက ညမနက် ချက်နိုင်ပြီ။ ပြီးတော့ ချဉ်ပေါင်ဟင်း၊ ငရုတ်သီးထောင်းလည်း စားလေ့ရှိတယ်။ အဘွားက လှူလည်းလှူတယ်။ ကျောင်းလည်းဆောက်ခဲ့တယ်။ ဒီလို စနစ်ဇယားနဲ့စားသောက်ပြီး လှူဒါန်းနေတာ။ ကျွန်တော်တို့က အဘွားကို အမေလို့ခေါ်ကြတာ။ အမေကိုတော့ အစ်မလို့ ခေါ်ကြတာ။ အမေက ဒီလိုစားတော့ကျွန်တော်လည်း ဒါမျိုးစားပြီး ကြီးခဲ့ရတာ။

အဘွားသန့်ဆိမှာ သစ်သားကို ထွင်းထားတဲ့ စက်ဝိုင်းပုံ ခွက်ကြီးတစ်ခွက်ရှိတယ်။ အောက်ခြေက နည်းနည်းသေးတယ်။ ကလပ်လို အရစ်ရစ်တွေ ဖော်ထားတယ်။ အထက်ပိုင်းကျတော့ တဖြည်းဖြည်း အဝကျယ်သွားရော၊ အဲဒီသစ်သားခွက်ကြီးကို ဟင်္သပဒါးသုတ်ထားတယ်။ အဲဒီအထဲ ဆီတစ်ပုံးလောက် လောင်းထည့်ထားတာ။ အဘွားသန့်က အဲဒီခွက်ကြီးထဲကိုမြေပဲကြော်၊ နှမ်း၊ ပဲကြော်၊ ကြက်သွန်ကြော်တွေကို အချိုးကျရောစပ်ပြီးထည့်ထားတယ်။ အကြော်တွေ လျော့သွားရင် ထပ်ဖြည့်တယ်။ နှစ်ပြန်သုံးပြန် ဖြည့်ပြီးရင်တော့ ဆီဈေးစော်နံတော့မှာမို့ ဆီတွေကို သုံးပစ်လိုက်တယ်။ ခွက်ကြီးကို သန့်ရှင်းပြီး ဆီအသစ်ပြန်ထည့် ပဲကြော်တွေ ပြန်ထည့်တာပဲ။

အဘွားသန့်ရဲ့ ကျီတွေထဲကို စပါးတွေ နှမ်းတွေ ပဲတွေ လာသွင်းကြတဲ့ တောင်သူလယ်သမားတွေကို အဘွားက သစ်သားခွက်ကြီးထဲမှာဆီစိမ်ထားတဲ့ ပဲကြော်တွေနဲ့ ဧည့်ခံတည်ခင်းတယ်။ ဒီပုဂ္ဂိုလ်တွေကလည်းပဲချည်း၊ စပါးချည်း လာတာမဟုတ်ဘူး။ အဘွားသုံးရအောင် ထင်းခွေခဲ့ကြသေးတယ်။ တမာရွက်နုချိန်ဆိုရင် တမာရွက်ခူးလာကြသေးတယ်။ ပုဆိုးနဲ့တစ်ထုပ်ကြီး၊ ဆီးသီးပေါ်ချိန် ဆီးသီး၊ လက်ပံပွင့်ခြောက် စုထားတဲ့သူက

mgyoe.com

mgyoe.com

လည်း လက်ပံပွင့်ခြောက်တွေ ကောက်လာကြတာ။

အဘွားသန့်က သူ့ကျီကြီး ဖောင်းကားလာအောင် လာခြင်းကောင်းကြတဲ့ သူ့လူတွေကို မနက်စာတန်ရင် မနက်စာ၊ ညနေစာတန်ရင် ညနေစာနဲ့ ထမင်းကျွေးမွေးတယ်။ ခုနက ဆိစိမ်ထားတဲ့ ပဲကြော်တွေနဲ့ ဧည့်ခံတယ်။ ကွမ်းအစ်၊ ဆေးလိပ်ဗန်း၊ ထန်းလျက် လိုလေသေးမရှိစေရဘူး။ အဲဒီခေတ်က အလှူအတန်း၊ သာရေးနာရေးမှာ ပဲလှော်ကြော်ကျွေး ဧည့်ခံတယ်ဆိုတာ ထိပ်တန်းအလှူပေါ့။ ပိုက်ဆံဝါလားမှ အဲဒီလိုဧည့်ခံနိုင်တာ။

အဲဒီလူတွေက ရပ်ဝေးက လှည်းနဲ့လာကြရတာမို့ သူတို့ကို ထမင်းကျွေးမယ်ဆိုရင် များများစားစား ပိုပိုလျှံလျှံ ချက်ကြရတယ်လေ။ သူတို့က ယာသမား၊ လယ်သမားတွေ ဟုတ်လား။ စားအား ကောင်းကြတယ်လေ။ အတို့အမြှုပ် ငါးပိရည်ဖျော်နဲ့တင် ထမင်းပွဲမောက်မောက် တစ်ပန်းကန်ကုန်ကြတာ။ အဘွားက သူတို့ယူလာတဲ့ တမာရွက်နုတွေကို ဆီးချဉ်သီးတွေနဲ့ နှပ်ထားတယ်။ ဟိုတုန်းက ငါးသဲခြောက်ဆိုပြီး ငါးသေးသေးလေးတွေ ဂုန်နီအိတ်အပါးတွေထဲထည့်ပြီး ရောင်းတာရှိတယ်။ အဲဒီ ငါးသဲခြောက်ကို ရေစင်စင်ဆေးရတယ်။ သူက ရေစင်အောင် ဆေးမထားရင် သဲတွေပါလာတတ်တယ်။ အဲဒီ ငါးသဲခြောက်တွေကို ဒယ်အိုးကြီးထဲထည့်ပြီး ခရမ်းချဉ်သီး၊ ငရုတ်သီး အကြမ်းခြောက်များများနဲ့ ခပ်စပ်စပ် ခပ်လေးလေး ချက်ကျွေးတတ်တယ်။

တမာရွက်နဲ့ ငါးသဲခြောက်စပ်ချက်နဲ့ဆိုရင် ဧည့်သည်တွေခများ ခေါင်းမဖော်နိုင်ကြဘူး။ အားရပါးရ ပလုတ်ပလောင်း စားကြတာ။ သူတို့စားနေကြတာကို နံဘေးကမြင်ရတဲ့ ကျွန်တော်တို့တောင်မှ သွားရည်ယိုတယ်။ တဝစားပြီးပြီဆိုမှ အဘွားသန့်တည်တဲ့ ဆေးဗန်းထဲက ပြောင်းဖူးဖက်ဆေးလိပ်တွေ ဘာသာလိပ်သောက်ကြတယ်။ ဆေးလိပ်ကတော့ ယောကျ်ားသားတွေရော မိန်းမသားတွေပါ လိပ်သောက်ကြတယ်။ ကွမ်းအစ်ထဲမှာတော့ ကွမ်းရွက်၊ ရှားစေး၊ ထုံး၊ ဆေးရွက်ကြီး၊ ကွမ်းသီးနဲ့ ကွမ်းညှပ်က အဆင်သင့်။

အဘွားရဲ့ကျီတွေ ပုတ်တွေ ဖောင်းပြည့်လာအောင် လာဖြည့်ပေးကြ

mgyoe.com

mgyoe.com

တဲ့သူတွေဆိုတော့ အဘွားက ကောင်းကောင်းမွန်မွန် ဧည့်ခံတာလေ။

ဆရာတော်ရွှေကိုင်းသား ဦးသောဘိတ သီတင်းသုံးသွားခဲ့တဲ့ စစ်ကိုင်းတောင်ရိုးက အနုရုဒ္ဓါချောင်မှာ အဘွားရဲ့ ကုသိုလ်ကောင်းမှုတွေ ရှိတယ်။ အနုရုဒ္ဓါကျောင်းဒကာက ပုလဲသခင်တဲ့။ မန္တလေးမြို့က ဘိလပ်ပြန် ဝတ်လုံကြီးပေါ့။ သူက ကျောင်းကြီးတွေ ဆောက်လှူတော့ အဘွားက ကမ်းပါးယံမှာ ခြေတံရှည်ဇရပ်နဲ့ ရေကန်ကို လှူတယ်။

ဆရာတော်ရွှေကိုင်းသားထက်အရင် သီတင်းသုံးသွားတဲ့ ဆရာတော်ကို အဘွားသန့်က ပဥ္စင်းခံပေးခဲ့တာ။ ဒီဆရာတော်လည်း ဆရာတော် ရွှေကိုင်းသားနဲ့ ဆွေမျိုးတော်ကြတယ်။ ဝါးချက်သားပဲ။ အနုရုဒ္ဓါမှာ သီတင်းသုံးရမယ့် အဘွားရဟန်းခံပေးခဲ့တဲ့ ဆရာတော်က ပထမဆုံး ယွန်းကျောင်းမှာ သီတင်းသုံးတယ်။ သင်္ကြန်ရက်တွေဆိုရင် ကျွန်တော်တို့ ဝါးချက်ဘက်ကူးပြီး စစ်ကိုင်းတောင်ရိုး ယွန်းကျောင်းမှာ သွားနေကြတာပဲ။ အဘွားက သားဦးပဥ္စင်းဆီမှာ သင်္ကြန်အကြိုနေ့ကနေ သင်္ကြန်အတက်နေ့အထိ ဥပုသ်သီလဆောက်တည်နေတာ။

အစ်မမမြညွန့်နဲ့ ကျွန်တော်နဲ့ ဒီမြေးနှစ်ယောက်ကို အဘွားက သိပ်ချစ်တယ်။ အဘွားသွားလေရာ ဒီမြေးနှစ်ယောက် ခေါ်သွားတာပဲ။ တောင်ပေါ်မှာ နေကြတယ်သာဆိုတယ် ဝါးချက်ရွာနဲ့နီးတော့ မြစ်ဆိပ်ဆင်း ရေချိုးကြ၊ မုန့်တီသုပ် ဝယ်စားကြပေါ့။

ရွှေကြက်ယက်ကနေ မလာခင်မှာ အဘွားက မတ်ပဲဗယာကြော်လုံးတွေ အများကြီးကြော်ပြီး မုန့်သေတ္တာပုံးထဲထည့် အလုံပိတ်ယူသွားတယ်။ တောင်ပေါ်မှာ မန်ကျည်းရွက်နုတွေက ပေါတော့ မန်ကျည်းရွက်နုတွေ ခူးပြီး ပဲနဲ့သုပ်စားကြတာ၊ သင်္ကြန်တွင်း စားစရာဟင်းတစ်ခွက်ပေါ့။ ငါးသေတ္တာဘူးတွေလည်း ယူခဲ့ကြတာ။ တရုတ်စကားဖူးတွေ ပြုတ်ပြီး သုပ်စားကြ၊ တစ်ခါတလေလည်း ငံပြာရည်ချက်နဲ့ တရုတ်စကားဖူး တို့မြုပ်စားကြတာ၊ အရသာရှိပြီပေါ့။

သူ့ဦးပဥ္စင်း အနုရုဒ္ဓါမှာ ကျောင်းမထိုင်ရခင် အသက် ၈၈ နှစ်မှာ အဘွားသန့် ဆုံးရှာတယ်။ သန်သန်မာမာကြီး၊ နားလည်းမထိုင်းဘူး။

mgyoe.com

mgyoe.com

ခါးလည်း မကိုင်းဘူး။ ဆုံးခါနီး တစ်လလောက်အလိုမှ အိပ်ရာထဲ လဲတာ။ ဒါကို အိပ်ရာထဲကနေ စီမံခန့်ခွဲသွားသေးတယ်။ အဘိုးဦးဆိုင်ကိုလည်း သူပဲ ထိန်းချုပ်စီမံထားတာ။ သားသမီးတွေကတော့ အများကြီး။ အဲဒီ သားသမီးတွေက ပွားစီးတဲ့ ကျွန်တော့်ဆွေမျိုးတွေလည်း ရွှေကြက်ယက်မှာ အများကြီး။ တစ်ရွာလုံးလိုလို သူ့အနွယ်ကိုယ့်အနွယ် ဆက်နေတာ။ တချို့ ဆိုရင် ကိုယ့်အမျိုးမှန်းတောင် မသိဘူး။ စပ်ကြည့်တော့မှ ဆွေမျိုးမှန်းသိရတာ။

## မရာကျော်ကိုက်တဲ့ မိကျောင်း

စစ်ကိုင်းတံတားလို့လည်း ခေါ်ကြတဲ့ အင်းဝတံတားကို အင်္ဂလိပ်ခေတ်မှာ မြန်မာပြည် မီးရထားက တည်ဆောက်တာပါ။ ဒီတံတားကြီးကို ဆောက်ဖို့ ကန်ထရိုက်ရတာကတော့ အိန္ဒိယက 'တာတာဟာဒ်ဝဲ'ဆိုတဲ့ ကုမ္ပဏီပါပဲ။ စစ်ကိုင်းတံတားအတွက် မြေတိုင်းတာတို့ ချဉ်းကပ်လမ်းဖောက်ဖို့ လမ်းအူကြောင်းရှာတာတွေကို မြန်မာပြည် မီးရထားဌာနက လုပ်ရတယ်။

တာတာကုမ္ပဏီကတော့ တံတားဆောက်ရတာပါ။ ချဉ်းကပ်လမ်းဖောက်ကြရတာပါ။ တာတာကုမ္ပဏီက ဒီတံတားကို ဆောက်ဖို့အတွက် အိန္ဒိယက ကုလားအလုပ်သမားတွေပါ တစ်ပါတည်း ခေါ်လာခဲ့တယ်။ လူမျိုးစုံပါလာတယ်။ မြေတူးကျွမ်းကျင်တာတော့ ဂေါ်ရင်ဂျီကုလားတွေက ကျွမ်းကျင်တယ်။ ကျွန်တော်တို့ မြန်မာတွေကတော့ အဲဒီတုန်းက ဘယ်လောက်ပဲဆင်းရဲပါစေ ကူလီအလုပ်တော့ မလုပ်ကြဘူး၊ မြေမတူးဘူး။ တာတာကုမ္ပဏီကတော့ အင်ဂျင်နီယာတွေ၊ ဖိုမင်တွေ၊ အလုပ်ကြမ်းသမားတွေအားလုံး အိန္ဒိယက ခေါ်လာတာ။

အဲဒီအခါ ကုလားအလုပ်သမားတွေ ရွှေကြက်ယက်တစ်ဝိုက်မှာ အများကြီးရောက်လာတယ်။ စစ်ကိုင်းဘက်ကမ်းမှာလည်း ကုလားတွေ အများကြီးရောက်တာပေါ့။ သူတို့တံတားကြီးရဲ့ ချဉ်းကပ်လမ်းအတွက် မြေတူးကြရတယ်။ အောက်တန်းနောက်တန်းကျတဲ့ ကုလားတွေက အများစုပါ။ သူတို့ကို အလုပ်သမားတန်းလျားတွေ ဆောက်ပေးတာမဟုတ်ဘူး။ ရှိတဲ့

mgyoe.com

mgyoe.com


မြေလွတ်မြေရိုင်းတွေမှာ ဒီကုလားအလုပ်သမားတွေ ယာယီတဲတွေထိုးပြီး ဖြစ်သလိုနေကြရတာ။ အဲဒီကုလားတွေက မိသားစုတွေကို ခေါ်လာကြတာ မဟုတ်ဘူး။ ယောကျ်ားတွေချည်း လာကြတာ။ နောက်ပိုင်းကျတော့ ရွှေကြက်ယက်သူတချို့နဲ့ ဒီကုလားတွေနဲ့ အိမ်ထောင်ကျကုန်ကြရော။

ဒီကုလားတွေက မြေတူးကြတယ်။ မြေဖို့ကြရတယ်။ ၄၊ ၅၊ ၆ ယောက် စုပြီး တဲတစ်လုံးမှာ ပေါင်းပြီးနေကြတာ။ တစ်တဲလုံးမှ ဖိနပ်တစ်ရန်ပဲ ရှိတာ။ စားတော့ စုပေါင်းချက်စားကြတာပါ။ ဆီကလည်း တစ်ပုလင်းပဲ။ ဒီဆီပုလင်းနဲ့ ၅ ကျပ်သားချင်း ဆီဆိုင်ကို သွားဝယ်ကြရတာ။ 'ဒါးလ်ဗာဂျီ' ဟင်းကိုပဲ စားကြတဲ့လူတွေ။ ဒါးလ်ဆိုတာ ကုလားပဲ၊ ဗာဂျီဆိုတာ အသီးအရွက်တွေကို မန်ကျည်းမှည့် ငရုတ်သီးနဲ့ ရောချက်ပြီးစားတဲ့ ကုလားတွေ။ အနေနီးပြီး ရွှေကြက်ယက်သူတွေနဲ့ ဒီကုလားတွေ ညားကုန်တယ်။ အဲဒီတုန်းက ကျွန်တော်က တော်တော်ငယ်ပါသေးတယ်။ ကိုယ့်ရွာသူတွေ ဒီလိုဖြစ်ရတာကို မတားမြစ်နိုင်ခဲ့ဘူး။ စိတ်ထဲကတော့ မကျေနပ်ဘူးလေ။ 'ရွှေကိုယူသည် ငွေကိုယူသည် ပြီးတော့ လူကိုပါယူသည် မျိုးပျောက်မှာ စိုးကြောက်လှပါသည်'ဆိုသလိုဖြစ်နေတော့ တော်တော့်ကို စိတ်မကောင်းဖြစ်ရတာ။ ဒီကုလားတွေက တံတားကြီးဆောက်ပြီးလို့ ပြန်သွားကြတော့ ရွှေကြက်ယက်သူတွေ ရွာမှာပဲကျန်ရစ်ခဲ့ကြတာ။

ရာပေါင်းများစွာရှိတဲ့ ကုလားအလုပ်သမားတွေနဲ့အတူ မြန်မာအလုပ်သမားတချို့လည်း အလုပ်ဝင်လုပ်ကြတယ်။ မြေတူး၊ မြေသယ်၊ မြေဖို့ဆိုတဲ့ အလုပ်တော့ မဟုတ်ဘူး။ တွင်းဆင်းအလုပ်သမားတွေ။ တွင်းဆင်းအလုပ်သမားက တံတားသံကုန်းကြီးတွေတင်ဖို့ တိုင်တွေလိုတယ်။ အဲဒီတိုင်တွေကို အုတ်မြစ်ချဖို့ ဧရာဝတီမြစ်ထဲကို သံကန်ကြီးတွေချ၊ ရေတွေ စုပ်ထုတ်ပစ်လိုက်ရတယ်။ သံကန်ကြီးတွေကို မြေကြီးအနက်ပိုင်းအထိ ချရတာ။ ဧရာဝတီမြစ်ဟိုးအောက်ခြေအထိ ဆင်းတူးရတဲ့အလုပ်ကို အလုပ်သမားတိုင်း မလုပ်ချင်ကြဘူး၊ မလုပ်ရဲကြဘူး။ အိန္ဒိယက ခေါ်လာတဲ့ ကုလားတွေထဲကတောင်မှ ပထန်ဆိုတဲ့ ခပ်ထွားထွားအလုပ်သမားတွေပဲ လုပ်ဝံ့တာ။ အဲဒီအထဲကို ရွှေကြက်ယက်က ရွတ်တွတ်တွတ်၊ မိုက်ကန်းကန်း ရွာသားတချို့ ဝင်လုပ်ကြ

mgyoe.com

တယ်။ ဆိုပါတော့ သာမန်အလုပ်သမားက တစ်နေ့တစ်ကျပ်ရရင် သူက သုံးကျပ်ရတယ်။ သုံးဆ ခံစားခွင့်ရတယ်။ ရေတွေ စုပ်နေတုန်း စက်ပျက်သွားရင်၊ အောက်ခြေမှာ အလုပ်လုပ်နေကြတုန်း လေမှုတ်စက်ပျက်သွားရင် အသက်အန္တရာယ်ရှိတယ်။ အရေးပေါ်လှေကားတွေကနေ အရေးပေါ်ရင် လုယက်တက်ကြရတာ။ အခန့်မသင့်ရင် လူသေနိုင်တယ်။

စစ်ကိုင်းတံတားဆောက်တော့ တဘောင်တစ်ခုပေါ်တယ်။ "ရွှေကြက်ယက် မိကျောင်းပေါ်၊ မရာကျော်ကိုက်တဲ့ မိကျောင်း"တဲ့။ ဒီတဘောင်ကို အဓိပ္ပာယ်အမျိုးမျိုး ကောက်ကြရာမှာ အလုပ်သမားရာကျော် စတေးရမယ်လို့ အဓိပ္ပာယ်ကောက်ကြသူတွေလည်း ရှိတယ်။

တချို့ကုလားတွေက မြေကြီးတူးပြီးသားကျင်းကို အပေါ်က သက်ငယ်မိုး ဝါးကပ်မိုးပြီး နေကြတယ်။ သူတို့တူးထားတဲ့ ကျင်းနံရံတွေက ပလတ်စတာ ကိုင်ထားသလို ညီပြီးချောနေတာပဲ။ ကုလားများတော့ စကားများ ပြဿနာများတာပေါ့။ ပြဿနာတွေထဲမှာ လူမှုရေးပြဿနာတွေလည်း ပါလာတယ်။ တစ်ခါတော့ မိချွေးဆိုတဲ့မိန်းမက ကုလားတစ်ယောက်ကို မုဒိမ်းမှုနဲ့တိုင်တာ။ ကျွန်မခြင်ထောင်ထဲ ဇွတ်ဝင်ပါတယ်ပေါ့။ ကုလားလည်း အတော်ကို ပြူးတူးပျာတာဖြစ်သွားပြီး သူ့ဆရာ အိုဗာစီယာနဲ့ တိုင်ပင်တယ်။ အိုဗာစီယာက ပညာတတ်ဆိုတော့ ရှေ့နေ ငှားပေးတယ်။ အမရပူရ ဆောင်းဒါးရက်ကန်းကျောင်းနဲ့ ကပ်လျက်မှာနေတဲ့ ရှေ့နေဦးကိုကြီးဆိုတဲ့ ပုဂ္ဂိုလ်ကို ငှားတယ်။ ဒီဘက်ခေတ်မှာ ရှေ့နေဦးကိုကြီးရဲ့ တိုက်ဆောက်ထားပုံက လှလို့ခေတ်မီလို့ စိတ်ဝင်စားသူတွေ တကူးတကန့်လာကြည့်ကြရ၊ လာလေ့လာကြရတာပေါ့။

ဦးကိုကြီးက ဘိလပ်ပြန်ပါ။ စစ်မယ့်ရုံးက သူကြီးရုံးမှာစစ်မယ်။ ရှေ့နေဦးကိုကြီးနဲ့ သူကြီးဦးဘဂျမ်းနဲ့လည်း ကျွမ်းဝင်ခင်မင်ကြတယ်။ တရားရုံး တရားခွင်က သူကြီးအိမ်အောက်ထပ်တင်ကုံး။ အမှုသည်တွေက ကွပ်ပျစ်ကြီးတစ်ချပ်ပေါ်မှာ ထိုင်ကြရတယ်။ သူကြီးနဲ့ ကျေးရွာကော်မတီက စားပွဲနဲ့။ ရှေ့နေတွေက ကုလားထိုင်နဲ့ ထိုင်ရမှာ။ ရှေ့နေဦးကိုကြီးက ကုလားထိုင်နဲ့ မထိုင်နိုင်ဘူး။ ဒါနဲ့ အဖေက ခုတင်တစ်ချပ်ပေါ်မှာ ဖျာခင်းပေးတယ်။ ခေါင်း

mgyoe.com

mgyoe.com

အုံးတစ်လုံးလည်း ချပေးထားတော့ ခေါင်းအုံးပေါ် လက်ထောက်ပြီး လှျောက်လဲတယ်။ လူက တော်တော်ဝတယ်လေ။

ကျွန်တော်ကတော့ သူ ဒီလိုလှျောက်လဲတာကို သဘောမကျနိုင်ဘူး။ ကျေးရွာသူကြီးလောက်ကိုတော့ ပမာမခန့်ဘူးဆိုတဲ့ သဘောမျိုး ခံစားရတယ်။ အဖေကတော့ လူခင်လည်း လူခင်မို့၊ ဝတဲ့ပုဂ္ဂိုလ်ဖြစ်တာကြောင့် အခုလို နေရာထိုင်ခင်းပေးတာ ဖြစ်မှာပါ။ မတောက်တခေါက် နားလည်ထားတာကတော့ တရားသူကြီးဆိုတာ နိုင်ငံအုပ်ချုပ်တဲ့မင်း၊ ဘုရင့်ကိုယ်စား တရားစီရင်ရတာ။ ဘယ်လောက် ပညာတတ်တဲ့ရှေ့နေပဲ ဖြစ်ပါစေ တရားသူကြီးနဲ့ တရားခွင်ကို လေးစားရမယ်။ ဒီလိုလေးစားတာဟာ တရားသူကြီးကို လေးစားရုံတင်မကဘူး။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ဘုရင်ကိုလည်း လေးစားရာရောက်တယ်။

ဒီအမှုမှာ ကုလားဘက်က နိုင်သွားတယ်။ မိခွေးက ခပ်လွယ်လွယ် ခပ်ပျက်ပျက်ထဲကပါ။

ကုလားတွေက အမှုတွေဖြစ်၊ သူကြီးဆီရောက်၊ သူကြီးက တရားစီရင်ရတယ်ဆိုတော့ အဖေက ကုလားတွေကို နိုင်အောင် ကောင်းကောင်းအုပ်ချုပ်ရတယ်။ သူတို့လည်း ဒီနယ် ဒီအရပ်မှာ သူကြီးဦးဘဂျမ်း အုပ်ချုပ်တာ၊ ဦးဘဂျမ်း သြဇာကြီးမှန်းသိတော့ ကုလားတွေ ညွတ်သွားကြတယ်။ နောင်ကျတော့ မင်္ဂလာဆောင်ရင် သူကြီးကို လာကန်တော့ကြတယ်။ ဟိုးအရင်ကတည်းက ရှိနှင့်ရောက်နှင့်တဲ့ ဂေါ်ရင်ဂျီကုလားမနဲ့ မင်္ဂလာဆောင်ကြတယ်။ သတို့သားနဲ့ သတို့သမီးတို့ မြင်းတစ်စီးမှာ အတူစီးကြတယ်။ သတို့သားအရန်တွေက ဗုံတွေ၊ လင်းကွင်းတွေ၊ ကြေးနောင်တွေ တီးကြခေါက်ကြပြီး ရွာထဲ လှျောက်လှည့်ကြတယ်။ သူတို့ရိုးရာပွဲရှိလို့ မုန့်လုပ်ကြရင်လည်း သူကြီးဆီလာပြီး မုန့်ပို့ကြတယ်။

ဂေါ်ရင်ဂျီလူမျိုး အလုပ်သမားတွေကို စီမံအုပ်ချုပ်တာတော့ ဘင်္ဂါလီလူမျိုးတွေက အုပ်ချုပ်တယ်။ အဲဒီဘင်္ဂါလီအလုပ်ကြပ်၊ လူကြီးတွေကို အဖေသူကြီးက ခေါ်ပြီးမှာထားတယ်။ မင်းတို့ ပြဿနာမဖြစ်ကြနဲ့၊ ပြဿနာဖြစ်လို့ ကိုယ့်လူမျိုးချင်း နှစ်ယောက်ကျေနပ်ကြရင် ပြီးရော။ ငါ့ဆီ မရောက်ကြစေနဲ့၊

mgyoe.com

အတိုင်အတောမလုပ်ကြနဲ့။ ပစ္စည်းအပေးအယူ မရှုပ်ကြစေနဲ့။ ရှုပ်ကြလို့ ပြဿနာဖြစ်ပြီး ငါ့ဆီရောက်ရင်တော့ သူကြီးအနေနဲ့ အရေးယူမှာပဲတဲ့။

ရာပေါင်းများစွာထဲက ကုလားတွေကြားမှာ ဝင်ငွေကောင်း အလုပ်ဖြစ်တဲ့သူက စာရေးတတ်၊ စာဖတ်တတ်ပြီး လူရည်လည်တဲ့ ကုလားတွေက အလုပ်ဖြစ်ကြတယ်။ သူတို့ကို "ချစ်တီးယား"လို့ ခေါ်ကြတယ်။ ဒိုတီဝတ်ပြီး ထီးကောက် လက်မှာချိတ်ရင် ချိတ်မယ်၊ ပခုံးမှာ ချိတ်ရင်ချိတ်မယ်။ ပြီးတော့ ကုလားတဲတွေ တစ်တဲပြီးတစ်တဲ လျှောက်သွားတော့တာပဲ။ ချစ်တီးယားက စာတိုက်က ကုလားတွေနဲ့ ဆက်သွယ် ဆက်ဆံထားပုံရတယ်။

အိန္ဒိယကနေလာတဲ့ စာတွေကို သူက စာတိုက်ကနေ ယူလာပြီး ရွေကြက်ယက်တစ်ဝိုက် ကုလားတဲတွေထဲ တစ်တဲပြီးတစ်တဲ စာဝေစရာပါရင် လိုက်ဝေတယ်။ စာဖတ်ပြတယ်။ ပြီးရင် ပိုက်ဆံတောင်းတယ်။ စာပြန်ရေးချင်တဲ့သူကို သူက စာပြန်ရေးပေးပြီး စာရေးခယူတယ်။ စာတိုက်ကနေ ထည့်ပေးတယ်။ စာထည့်ခ သူရမယ်။ အဲဒီလို လုပ်စားနေကြတဲ့ ချစ်တီးယားကလည်း ၄၊ ၅၊ ၇ ယောက် ရှိတယ်။ ကိုယ့်လုပ်အားနဲ့ ရှာထားတဲ့ ပိုက်ဆံကို အိန္ဒိယပြည်မှာကျန်ခဲ့တဲ့ မိသားစုဆီ ပို့ချင်သေးသလား။ မန်နီအော်ဒါနဲ့ ပို့ပေးသေးတာ။ ဒီအတွက် ချစ်တီးယားက ဆောင်ရွက်ခရတယ်။

စစ်ကိုင်းတံတားကြီး ဆောက်တဲ့နေရာမှာ ယန္တရားအကူအညီအနေနဲ့ ကျားပါးစပ်လို့ခေါ်တဲ့ မြေကြီးတွေ နှိုက်ယူခြစ်ယူတဲ့ ယန္တရားကြီးလည်း ပါတယ်။ ကျွန်တော်တို့အတွက်တော့ အလွန်ထူးဆန်းတဲ့ ဟာကြီးပဲပေါ့။ အဲဒါကြီးကို အားရင် သွားသွားငေးနေကြည့်နေရတာ။ တစ်နေ့တော့ ကျားပါးစပ်ကြီးနဲ့ မနီးမဝေးမှာရှိတဲ့ ဂေါ်ရင်ဂျီတစ်ယောက်က ထန်းရည်မူးပြီး ဗုံတီးလိုက်၊ ကလိုက်နဲ့ အတော်ကို ပျော်နေတယ်။ ဒီကုလားကြီး ဘာလို့ ဒီလောက်တောင် ပျော်နေတာလဲလို့ မေးကြည့်တော့ အိန္ဒိယကနေ သူ့ဆီကို စာတစ်စောင် ဒီနေ့လာတယ်။ အိန္ဒိယမှာကျန်ခဲ့တဲ့ သူ့မိန်းမ မီးဖွားပြီးပြီ။ သားယောကျ်ားလေးတစ်ယောက် ရတယ်တဲ့။ ဒါကြောင့် သူ သိပ်ပျော်နေတာတဲ့။ ဟ ဟုတ်လား၊ နေပါဦး ခင်ဗျားတို့ ဒီရောက်နေတာ ဘယ်လောက်

mgyoe.com

mgyoe.com


ကြာပြီလဲ။ ငါတို့ရောက်တာ ၂ နှစ်ရှိပြီတဲ့။ ဘုရားကပေးတဲ့ သားရတာတဲ့။ "မူလွတ်ကို ပိုက်ရှင်မန်မန်ပို့မယ်"တဲ့။ ဒါ သူ့မိန်းမဆီ ပိုက်ဆံမှန်မှန်ပို့မယ့် အကြောင်း သူတို့အသံထွက်နဲ့ ပြောပြတာပါ။ စာက အရောက်နောက်ကျ တာလည်း ဖြစ်ချင်ဖြစ်မယ်။

အင်ဂျင်နီယာတွေ အရာရှိတွေအတွက် အဝတ်လျှော်ဖွပ်ပေးရတဲ့ ဒိုဘီ ကုလားတွေလည်း လေးငါးယောက် ပါသေးတယ်။

အဖေသူကြီးလက်ထက်က ကျေးရွာရှေ့နေတွေရှိတယ်။ တစ်ယောက် က ဦးမြိုင်တဲ့၊ နောက်တစ်ယောက်က ဆရာရှိန်တဲ့။ ဦးမြိုင်က စံရွှေးရွာက။ ဝါးကပ်ဝါးထရံ ရက်တယ်။ သူက ဥပဒေလေ့လာထားတယ်။ အာဝဇ္ဇန်းရှင် တယ်။ ထရံရက်ပေမယ့် ရှေ့နေလိုက်လို့ ရွှေကြက်ယက်နဲ့ စံရွှေးက သူ့ကို ဘီအေမြိုင်လို့ခေါ်ကြတယ်။ အမှုသည်ကငှားရင် တိုက်ပုံအင်္ကျီ၊ ခေါင်းပေါင်း နဲ့ တရားရုံးရှိရာ သူကြီးအိမ်ကို လာတော့တာပဲ။ ဘီအေရှိန်ကတော့ ဗိန္ဒော ဆရာပါ။ သူတို့က ဥပဒေကို အလှမ်းမီသလောက် လေ့လာထားပြီး ဖြတ်ထုံး စီရင်ထုံးတွေလည်း ဖတ်မှတ်ထားကြတယ်။ သူတို့ကိုငှားရင် ရှေ့နေခပေးရ တယ်။

ရွာမှာ ရှေ့နေလိုက်ရင်းကနေ အစိုးရအသိအမှတ်ပြု ရှေ့နေစာမေးပွဲ ဝင်လို့ရတယ်။ အရင်က ပထမတန်းရှေ့နေ၊ ဒုတိယတန်းရှေ့နေ၊ တတိယ တန်းရှေ့နေရယ်လို့ အတန်းအစားတွေ ခွဲထားတယ်။ စိတ်ဝင်စားလို့ စာမေးပွဲ ဝင်ဖြေနိုင်ရင် တတိယတန်းရှေ့နေ လုပ်ခွင့်ရတယ်။ ဒါပေမဲ့ သူတို့လိုက်ခွင့် ရတဲ့ အမှုတွေကိုတော့ သတ်မှတ်ထားတာပေါ့။ အရပ်ရှေ့နေတွေထဲမှာ ဦးအောင်ဘဆိုတဲ့ ရှေ့နေက တတိယတန်းရှေ့နေအဖြစ် နာမည်ကျော်တယ်။ မုဒိမ်းမှု အလိုက်တော်လို့ နာမည်ကျော်တာ။ ဦးအောင်ဘက ဥပဒေရေးရာ ထက် လူ့သဘာဝကိုသိပြီး အဲဒီအခွင့်အရေးကို အသုံးချတတ်တာ။ မိန်း ကလေးတစ်ယောက်ကို တရားခွင်မှာ ပက်ပက်စက်စက် တစ်တစ်ခွခွတွေ မေးခွန်းထုတ်ရင် တော်ရုံမိန်းကလေးက ဟုတ်မှန်သည့်တိုင်အောင် မထွက်ဆို ရဲဘူး။ မြန်မာအမျိုးသမီးဆိုတော့ ခေါင်းငုံ့ မျက်ရည်တွေကျ ရှက်ပြီး ဆက် မထွက်ဝံ့ဘူး။

mgyoe.com

mgyoe.com


အမရပူရမှာ နာမည်ကြီးတဲ့ ဦးဟိန်းဆိုတဲ့ တတိယတန်း ရှေ့နေတစ်ယောက်ရှိတယ်။ သူကလည်း ဦးအောင်ဘလိုပဲ တစ်တစ်ခွခွသမားပဲ။ ဦးအောင်ဘနဲ့ ဦးဟိန်းတို့ ဟိုဘက်ဒီဘက် ရှေ့နေလိုက်ကြတယ်ဆိုရင် တရားရုံးမှာ လူစည်တယ်။ ဦးအောင်ဘကို တချို့လူတွေက 'ရှေ့နေ'လို့မခေါ်ဘဲ 'ရှေ့ဆောင်'လို့လည်း အဲဒီခေတ်က ခေါ်ဝေါ်ကြတယ်။ ဦးဟိန်းကတော့ သူ့ရင်ဘတ်မှာ ဆေးမင်နီနဲ့ စာတန်းထိုးထားတယ်။ "အမှုတိုင်းနိုင်သော ရှေ့နေမောင်ဟိန်း"တဲ့။ အဖေနဲ့ခင်လို့ အိမ်ကိုလာပြီး အရက်သောက်တဲ့အခါ သူက အင်္ကျီကိုချွတ်ပြီး သောက်တော့ ဒီစာတန်းကို မြင်နေရတာပေါ့။

## စစ်ပြန်မောင်တာရဲ

ကိုလိုနီနယ်ချဲ့အင်္ဂလိပ်က မြန်မာလူမျိုးတွေအပေါ် အခွန်အတုတ်အမျိုးမျိုးကောက်ခဲ့ရာမှာ အဆိုးဆုံးကတော့ လူခွန်တော်ဆိုတဲ့ လူခွန်ကောက်တာပါပဲ။ ဒီလူခွန်တော်ကို အစိုးရပြေစာထဲမှာတော့ သဿမေဓ အခွန်တော်လို့ ပါတယ်။ လူခွန်စည်းကြပ်ရာမှာ အင်္ဂလိပ်အစိုးရက "ဆူကြဲနိမ့်မြင့်စည်းကြပ်ရမယ်"တဲ့၊ ကျွန်တော်က ဆူကြဲနိမ့်မြင့်ဆိုတာ နားမလည်လို့ အဘကို မေးရတယ်။ ဆူကြဲနိမ့်မြင့်ဆိုတာ ချမ်းသာကြွယ်ဝ ဆူဖြိုးတဲ့လူ၊ လူဆင်းရဲမရှိ နွမ်းပါးကြဲလှီတဲ့လူ၊ လူနေမှုမြင့်တဲ့လူ၊ လူနေမှုအဆင့်အတန်း နိမ့်တဲ့လူ အဲဒါတွေကို အားလုံးပေါင်းရုံးပြီး ဆူကြဲနိမ့်မြင့်လို့ ခေါ်တာလို့ အဘက ရှင်းပြတယ်။

ဒီလူဖြင့် ချောင်လည်တဲ့လူ၊ ဒီမိသားစုကဖြင့် ကျပ်တည်းတဲ့မိသားစုလို့ အစိုးရက ဘယ်လိုသိသလဲ၊ ဘယ်လိုသတ်မှတ်တာလဲ။ ဒီလူရဲ့ လူမှုဘဝ အခြေအနေမှန်ကို အဘက စာရင်းပို့ရတာလားလို့ မေးတော့၊ အေး ပေးရတယ်၊ သူကြီးက စာရင်းပေးရတယ်။ ဒါပေမဲ့ သူကြီးက ဆုံးဖြတ်တာ မဟုတ်ပါဘူး။ ကျေးရွာ ကော်မတီနဲ့ ရွာခေါင်းတွေက စာရင်းတင်ပြတယ်။ ရွာခေါင်းဆိုတာ ရွာအသီးသီးမှာ ရှိပြီးသား ကိုးသင်းရွာမှာဆိုရင် ကိုးသင်းရွာခေါင်း၊ ခဝဲတော်ရွာမှာဆိုရင် ခဝဲတော်ရွာခေါင်းဆိုပြီး သူ့ရွာနဲ့သူ အသီးသီး ရွာခေါင်းတွေ ခန့်ထားတယ်။

mgyoe.com

mgyoe.com


ကျေးရွာကော်မတီနဲ့ ရွာခေါင်းက ဦးသန်းလှမှာ ရက်ကန်း ဘယ်နှစင် ရှိတယ်၊ ဒေါ်ဖြူဖွေးတို့က ယာကွက် ဘယ်နှကွက်ပိုင်တယ်၊ ကိုရင်မောင်တို့က နွားဘယ်နှရှဉ်းဆိုတဲ့ ပိုင်ဆိုင်မှုတွေအပေါ် သတ်မှတ်ပြီး သူကြီးကို စာရင်းပေးကြတာ။ သူကြီးက အဲဒီအတိုင်း မြို့ပိုင် နယ်ပိုင်ဆီ တင်တာပါ။ အဲဒါ အဲဒီလိုဆိုရင် ရွာခေါင်းပေးတဲ့စာရင်းက အကုန်မှန်ပါ့ မလားဆိုတော့ များသောအားဖြင့်တော့ မှန်တတ်ပါတယ်။ ကိုယ့်ရွာမှာ ဘယ်သူ ဘာပိုင်တယ်ဆိုတာလောက်တော့ ရွာခေါင်းတွေက သိကြတယ်။ မှားတာ လွဲတာလည်း ရှိတာပေါ့။ ဒါပေမဲ့ ရှေးကတော့ မှားပေမဲ့ လူတွေက မှားတဲ့အကြောင်း ဆင်ခြေတက်တာမျိုး မရှိကြဘူး။ အဲဒီဆူကြဲ့ နိမ့်မြင့် သတ်မှတ်ပြီး ကောက်ခံတဲ့ငွေကိုပဲ လူတွေက မပေးဆောင်နိုင်ကြဘူး။ သုံးကျပ်ခွဲ၊ နှစ်ကျပ် မတတ်နိုင်၊ တစ်ကျပ်ခွဲလောက် ပေးဆောင်ရမှာကို မဆောင်နိုင်ကြဘူး။

လူတစ်ယောက် သုံးကျပ်ခွဲဆိုတာ အဲဒီခေတ်ကတော့ အများကြီး။ ဘာကြောင့်လဲဆိုတော့ ဆန်တစ်ပြည်မှ တစ်မတ်သုံးပဲကိုး။ ဆီတစ်ပုံးဆိုတာ ပိဿာတစ်ဆယ်ဝင်တဲ့ ဆီတစ်ပုံးမှ သုံးကျပ်ခွဲ ဒါတောင် ပုံးခွံပါပြီးသား။ လူတွေက ဒီလူခွန်ကို မထမ်းနိုင်ကြဘူး။ ဒါကြောင့် ဆရာစံ သူပုန်ထခဲ့တယ်။ အများပြည်သူက သိပ်စိတ်ဝင်စားကြတာပေါ့။

သဿမေဓ အခွန်တော်ကို သူကြီးစာရေးက လိုက်ကောက်ရတယ်။ အဲဒီလို သွားကောက်ရာမှာ အခုခေတ်လို ပေးသုံးကျပ်ခွဲ၊ ပေးတစ်ကျပ်ခွဲ၊ ရော့ ပြေစာ ဒီလိုလုပ်လို့မရဘူး။ ဆူတယ်လို့ သတ်မှတ်ခံရတဲ့ သုံးကျပ်ခွဲအတန်းအစားက လူတချို့တောင်မှ လူခွန်ကို (၂) ကြိမ်ခွဲပြီး ဆောင်ကြရတာ။ သူကြီးစာရေးက အဲဒီလို (၂) ကြိမ် ခွဲဆောင်တဲ့အခါ ပြေစာရဲ့ နောက်ကျောမှာ မှတ်ထားရတယ်။ ပေးငွေကိုမှတ်ထား ပြန်လာမှ သူကြီးကို စာရင်းနဲ့တကွ ငွေအပ်ရတာကိုး၊ အဲဒီ ပိုက်ဆံမပြည့်မချင်း သူကြီးစာရေးလှည့်နေရတာ။ သူတစ်ယောက်တည်းတော့ မဟုတ်ဘူး။ တစ်ယောက်တည်းဆိုရင် အခွန်ထမ်းက ပေးချင်မှ ပေးမယ်၊ ဒီတော့ ရွာကတင်မြှောက်တဲ့ ရွာလူကြီးကို ခေါ်ပြီး ရှေ့ကသွားစေရတယ်။ လူကြီးက ဒါက မောင်တုတ်အိမ်၊ မောင်တုတ်အိမ်ကပြီးရင် ဒေါ်ဖွေးအိမ် သွားကြမယ်၊ ဒေါ်ဖွေးအိမ်က ခွေးဆိုးတယ်

mgyoe.com

mgyoe.com

သတိထား၊ ပြီးမှ ရက်ကန်းထောင် မှတ်ကြိုးအိမ်သွားမယ်။

အများအားဖြင့်တော့ လူခွန်ကို အရစ်ကျဆောင်ကြတာ များပါတယ်။

အဖေဝယ်ထားတဲ့ မြေစာချုပ်တစ်ခု တွေ့ဖူးတယ်။ ဖယောင်းပိတ်သားအဖြူပေါ်မှာ မင်နက်ကို ကလောင်သွားနဲ့ ရေးထားတာ။ လက်ရေးလက်သား အတော်ကောင်းတယ်။ အဲဒီမြေစာချုပ်မှာ လယ်ပိုင်ရှင်က မောင်တာရဲတဲ့။ ရေးထုံးသတ်ပုံက ရကောက်နောက်ထိုးပစ်ကို ဝစ္စနှစ်လုံးပေါက်နဲ့ ရေးထားတာ။

ဦးတာရဲဆိုတာ ရွှေကြက်ယက်မှာ အခြေချနေထိုင်ခဲ့တဲ့ မဏိပူရအနွယ် ကသည်းလူမျိုးပါ။ သူလည်း အဖေနဲ့အတူ စစ်ထဲလိုက်ခဲ့ဖူးတယ်။ စစ်ကပြန်တော့ သူလည်း မြေတွေရတယ်။ ကသည်းမင်းသားရဲ့ အနွယ်တွေဆိုတော့ ရွှေတွေရှိကြတယ်။ ဒါကြောင့် နောက်တော့ မန္တလေးမြို့ကို တက်နေကြတယ်လို့ ကြားဖူးတယ်၊ မြို့ကို တက်ခါနီးမှာ ဦးတာရဲက မြေတချို့အဖေ့ကို ရောင်းခဲ့တာထင်တယ်။

မန္တလေးမှာရှိတဲ့ ဦးတာရဲဈေးဆိုတာ၊ ရွှေကြက်ယက်က ပြောင်းသွားတဲ့ မောင်တာရဲနဲ့ ပတ်သက်ဆက်စပ်တယ်လို့ ကျွန်တော် ထင်တယ်။ ဦးတာရဲဈေးကို တည်ထောင်သူဟာ အဘွားတို့ပြောဖူးတဲ့ မန္တလေးကို ပြောင်းရွှေ့သွားတဲ့ ကသည်းလူမျိုး၊ မက်ဆိုပိုတေးမီးယား စစ်ပြန် မောင်တာရဲများဖြစ်လေမလား မသိဘူး။

အမရပူရ၊ ရွှေကြက်ယက်ဝန်းကျင်မှာ မဏိပူရ ကသည်းရွာတွေရှိတယ်၊ အလွယ်ခေါ်ကြတာတော့ ပုဏ္ဏားရွာ၊ ပုဏ္ဏားကုန်းပေါ့။ သူတို့ကသူတို့ကိုယ် သူတို့ ဗြဟ္မင်လို့ ပြောကြတယ်။ မြင့်မြတ်ဇာတ်၊ ဇာတ်မြင့်တွေလို့ ဆိုလိုတယ် ထင်ပါရဲ့။ သူတို့နေကြထိုင်ကြတာ သိပ်သန့်ရှင်းတယ်။ အိမ်တွေကတော့ တစ်ထပ်အိမ်တွေပါ။ မြစ်ရေကြီးရင်၊ ရေမဝင်အောင်၊ ရေလွတ်အောင် အုတ်ခုံအမြင့် လုပ်ထားတယ်။ အခင်းကတော့ မြေကြီးခင်းထားတာ၊ ပိုက်ဆံတတ်နိုင်တာတောင် အုတ်မခင်း၊ အုတ်မစီဘူး၊ မြေနီကို နွားချေးနဲ့ ရောနယ်ပြီး ကျံထားတာ။ လက်ရာကတော့ ဘိလပ်မြေနဲ့ ကျံထားသလား ထင်ရလောက်အောင် ချောပြီး ပြောင်နေတာ။ ထမင်းချက်တဲ့နေရာ

mgyoe.com

mgyoe.com

မှာ ပိုပြီး သန့်ရှင်းသေးတယ်။ မြေကြီးကို သရိုးကိုင်ထားတာ ချီးကျူးလောက်တယ်။

မနက်ပိုင်းတော့ နွားနို့နဲ့ ထန်းလျက်နဲ့ ကျို၊ ပြီးတော့ ရို့တီနဲ့ မနက်စာစားကြတယ်၊ ရို့တီကို အိမ်တင် ဘာသာလုပ်ကြတာ။ မနက် ၁၀ နာရီ ၁၁ နာရီကျတော့ ကသည်းအိမ်ရှင်မက ရေချိုးကိုယ်လက်သန့်ရှင်းတယ်။ ရာသီဥတု ဘယ်လောက်အေးအေး ရေချိုးတာပဲ။ ရေချိုးပြီး ထဘီရင်ရှားနဲ့ မီးဖိုချောင် ဝင်တော့တာ။ ရေမချိုးဘဲ ထမင်းမချက်ဘူး။ မီးဖိုချောင်ကိုလည်း ဒီပြင် ဘာသာခြားဝင်ရင် မကြိုက်ဘူး။ သူတို့ချက်ပြုတ်နေတုန်း တခြားဘာသာကွဲဝင်လာရင် အဲဒီထမင်းဟင်းကို သူတို့မစားတော့ဘူးလို့ အယူရှိတယ်။ သားကြီးငါးကြီးလည်း စားလေ့မရှိဘူး။ ပဲနဲ့ ငါးသေးသေးလေးတွေ အစားများတယ်။ ပဲကတော့ အမျိုးစုံ ချက်စားကြတယ်။ နေ့လယ် ၂ နာရီလောက်ကျော်မှ ထမင်းစားကြတာ။ အမျိုးသားတွေက ကြေးလင်ပန်းကြီးတွေထဲ ထမင်းတွေထည့်၊ ပဲဟင်းတွေ ရွှဲရွှဲဆမ်းပြီး ထမင်းလုတ်က လက်ခုပ်နဲ့အပြည့် အားပါးတရ စားကြတာ။ အသုံးပြုတဲ့ ကြေးလင်ပန်း၊ ကြေးခွက်တွေဆိုတာ ပြောင်လက်နေအောင် တိုက်ထားတာ ဝင်းလက်နေတာပဲ။ ယောကျ်ားသားတွေက အပေါ်ပိုင်း အင်္ကျီမပါဘူး။ မြေသရိုး ကိုင်ထားတဲ့ အပေါ် ထိုင်ပြီး စားလိုက်ကြတာ။ မြိန်ရေရှက်ရေပဲ၊ ကသည်းတွေရဲ့ အိမ်ရှေ့မှာ ပင်စိမ်းပင် စိုက်ထားတတ်တယ်။ မြေကြီးကို ခုံလုပ်ပြီး သပ်သပ်ရပ်ရပ်တလေးတစား စိုက်ထားတာ။ ထီးရိုးဝါးနဲ့ အလံတိုင်လိုဟာလည်း ထူထားတတ်တယ်။ ဒီလို နေထိုင်ခဲ့ကြတဲ့ ကသည်းတွေနဲ့ ကျွန်တော်တို့နဲ့ တော်တော်ရင်းနှီးကြပြီး တချို့ဆိုရင် ကျွန်တော့်ဦးကြီးတွေ ဦးလေးတွေနဲ့ အိမ်ထောင်ရက်သားကျပြီး ဆွေတွေမျိုးတွေ တော်ကုန်တာပေါ့။ သူတို့ရိုးရာပွဲလဆိုရင် ကျွန်တော်တို့ကို ဖိတ်ပြီး ကျွေးမွေးတယ်။ ဘာကျွေးတာလဲဆိုတော့ 'ဖော်လားမျက်' ကို ကျွေးတာ။ ငှက်ပျောသီး၊ ပျားရည်၊ ထောပတ်၊ သကာတို့ကို သူ့အချိုးအဆနဲ့ ရောနယ်ပြီး ပေါက်ပေါက်ပွင့်တွေ ဖြူးထည့်ပြီး ကျွေးတာ။ ဖော်လားမျက်ဆိုတာ ပုဏ္ဏားစကားတဲ့။ (ဖော်လား=စားစရာ၊ မျက်=ဖော်စပ်ခြင်း၊ ချက်ပြုတ်ခြင်း)။

mgyoe.com

ငယ်ငယ်တုန်းက ရွာလယ်မှာ မဏ္ဍပ်ကြီးရှိတယ်။ အများပိုင်တဲ့နေရာမှာပေါ့။ အဲဒီမဏ္ဍပ်ကြီးမှာ သူတို့စုပြီး ရာမဇာတ်ကို ကကြတယ်။ ၇ ရက်လောက် ကကြတာ။ ဆိုင်းတွေ ဗုံတွေတီးပြီး ကကြတာ။ ကျွန်တော်တို့လို ကလေးတွေ သွားကြည့်ရင် ငှက်ပျောသီးတို့ ပေါက်ပေါက်ဆုပ်တို့ ဝေတာကိုး။ ကလေးတွေဆိုတော့ ဒီလိုစားလည်းစားရ ပွဲလည်းကြည့်ရတော့ ပွဲရှိရာမဏ္ဍပ်ကို သွားသွားနေတာပေါ့။

သူတို့ကသည်းလူမျိုးတွေ ရွှေကြက်ယက်မှာရှိသလို၊ ဘုံးအိုးတောင်ဖျားက ကုက္ကိုခွမှာလည်း ရှိကြတယ်။ ကုက္ကိုပုဏ္ဏားစုတဲ့၊ တောင်သမန်အင်းရေထွက်ချောင်းရဲ့ ဒီဘက်ရောက်လာပြီး စကျင်ဝမရောက်မီ ကျွန်းလိုအရပ်လေးရှိတယ်၊ အဲဒါဖြတ်ပြီးမှ တံတားတစ်ခုကိုကျော်ပြီး ဟသ်ာဆိုတဲ့ရွာကိုရောက်ရတာ။ ဒီတံတားအလယ်မှာ ပုဏ္ဏားစုတစ်ခုရှိတယ်။ နောက်ပြီး ဦးရာမနတ်စင်ရဲ့ တောင်ဘက်နားမှာ ပုဏ္ဏားစုတစ်ခုရှိတယ်။ အင်းဝဘက်မှာလည်းရှိကြတယ်။ ကြားသိ မှတ်ထားမိတာကတော့ မဏိပူဒေသက ပညာရှင်တွေကို သုံ့ပန်းအဖြစ် ဖမ်းလာရာက ပါလာတဲ့ မဏိပူရကသည်းတွေလို့ မှတ်မိတယ်။

အရင်က ဝက်သားကို မြန်မာတွေ မရောင်းကြဘူး၊ ကသည်းတွေရောင်းကြတာ။ ဦးပုည လက်ဖက်မေတ္တာစာထဲမှာ ဒီလိုရေးဖူးတယ်။

"ကလေကဝ၊ သာမညောင်ည၊ မဏိပူရသူ၊ မုတ်ဆိတ်ထူကသည်းများ၊ ရောင်းစားသည့်ဝက်၊ တောဝက်တို့ကို မဆိုလို..."

အမည်မသိ စာဆိုတစ်ဦးက အမရပူရ ဆင်တိုင်ရပ်ကွက်မှာနေ ကသည်းမလေး "လိတ်ဆာဇျည်း" က အင်းဝမီးသွေးတိုက်ဆိပ်ကမ်းကိုသွားပြီး ဆင်စာပို့ရတဲ့ ကသည်းယောကျ်ားအတွက် ပူပုံပွားပုံ ရေးထားတဲ့ ကဗျာတစ်ပုဒ်လည်းရှိတယ်။

"ဆင်စာပို့သူ"
ဆင်တိုင်နေ လိတ်ဆာဇျည်းက
မြက်စည်းရင်း မှာလိုက်ရှာ

mgyoe.com

mgyoe.com


တောင်ပိန်းအို လေ့ကွဲနှင့်
နေနည်းရင် မပြန်ခဲ့ပါနှင့်
ခွန်းလှဲ့ထပ်ကာ
ကြက်ညီနောင် တောင်တစ်ဝိုက်ဆီက
မီးသွေးတိုက် ဆိပ်သာကို
ဆင်စာပို့ နေ့တိုင်း
ကူးရမယ်
မြစ်လယ်မှာ လှေပွန်းလို့
ရေမွန်းရင် ဘယ်သူသိရှာလိမ့်
ကြီးဘိသည့် လှိုင်း။

"လိတ်ဆာဖျည်း" ဆိုတဲ့ ကသည်းအပျိုမလေးကို ရည်ရွယ်ပြီး မြဝတီမင်းကြီးဦးစ ရေးဖွဲ့တဲ့ ကဗျာတစ်ပုဒ်လည်း ရှိသေးတယ်။

"လိတ်ဆာဖျည်း (ကသည်းအပျိုမ)"
မှုံရထည်း
စုလည်း မြကေသွယ်။
သာဖျာ နှုတ်ချိုနှင့်
စိတ်လို ကိုယ်မနီးနိုင်သည့်
အို သရက်သီးသည်။
ချဉ်မနှောပါမှ
ငွေချောကို ကိုင်မိမယ်
မျိုးနွယ်မှာ
မိတ်ကယ်ပါထင့်
မိလိတ်ဆာဖျည်း။
တစ်နှစ်နှစ်ခါ ကြိမ်ရအောင်
တို့အိမ် ပျော်တော်ရခဲ့
ဟိန္ဒူ့ ပစ္စည်း။

mgyoe.com

"ဘလဲဘ" ဆိုတဲ့ရွာ အင်းဝဈေးချိုနယ်မှာ ရှိတယ်။ အကျိုးဆက်၊ အနှိပ်သည်စတဲ့ ကသည်းသုံ့ပန်းတွေထားတဲ့ရွာပေါ့။ သူတို့မျိုးဆက်တွေက "အကျိုးဆက် ပညာသည်" တွေလေ။ ခုထက်ထိရှိကြတုန်း။ ဘလဲဘဆိုတာ ကသည်းစကား၊ အဓိပ္ပာယ်တော့မသိဘူး။ 'ဘလဲဘ' ဆိုတဲ့ စကားကို အကျိုးဆက်ပညာဆိုတဲ့ အဓိပ္ပာယ်နဲ့ မြန်မာတွေ ယနေ့ထိ သုံးနှုန်းပြောဆိုနေကြတုန်းပဲ။ ပဲချဉ်ပေါင်ရွက်သုပ်ကို ကသည်းဘာသာစကားနဲ့ "ကဆားလီ"လို့ ခေါ်တယ်။

ကျွန်တော်တို့ ရွှေကြက်ယက်ခြံကြီးနားမှာ ရှေးဟောင်း အုတ်တိုက်ကြီးတစ်ခုရှိတယ်တဲ့၊ ကျွန်တော်တို့ သိမီသလောက်တော့ အဆောက်အအုံကြီးရယ်လို့ မရှိတော့ပါဘူး။ နံရံလို အုတ်ပုံကြီးပါ။ အဲဒါကို အစဉ်အဆက်က ရေနံကန်လို့ ခေါ်တယ်။ အဲဒီနေရာဟာ ကသည်းမင်းသားရဲ့ အိမ်နေရာပါ။ ကသည်းမင်းသားက ရေနံအရောင်းအဝယ်လုပ်တော့ ရေနံကန်လို့ ခေါ်ကြတာတဲ့။ အခု ရွှေကြက်ကျာဘုရားပွဲ ကျင်းပတဲ့ဝန်းကျင်ပေါ့။

ကသည်းတွေက ပဲကြီးဟင်း အချက်ကောင်းကြတယ်။ အထူးသဖြင့် ပဲကြီးပေါ်တဲ့အချိန်နဲ့ မရန်းသီးပေါ်တဲ့အချိန် တိုက်ဆိုင်နေလေတော့ သူတို့က ဒီနှစ်မျိုးကို အချိုးကျပေါင်းစပ်ပြီး အရသာရှိအောင် ချက်တတ်တယ်။ ဒီလိုချက်ရာမှာ ငါးပိကို မသုံးကြဘူး။ ဆားကိုပဲသုံးတယ်။ ပဲကြီးဟင်းချို၊ မရန်းသီး၊ ဆားနဲ့ ငရုတ်သီးအခြောက်မှုန့်တွေနဲ့ ပဲကြီးချဉ်စပ်ဟင်းက သိပ်အရသာရှိတယ်။ အဲဒီဟင်းနဲ့ သခွားသီးကို ရောနှောတို့မြုပ်စားရင် ထမင်းသိပ်မြိန်တယ်။ မရန်းသီးခြမ်းကို ဆီသတ်ပြီး နပ်နေအောင် ပြုတ်ထားတဲ့ ပဲကြီးဟင်းနဲ့ ရောနှောတာလေ။ ထန်းနို့ပြာကိုသုံးပြီး ချက်တဲ့ ပဲဟင်းကို ပဲပြာဟင်းလို့ ခေါ်တယ်။

မတ်ပဲပြာဟင်းဆိုတာ ရှိသေးတယ်။ ဗယာကြော်ကြော်တဲ့ မတ်ပဲကို ရေစိမ်ပြီး အခွံတွေကို စင်အောင်ဆေးပစ်ရတာ။ လက်တော့ အတော်ဝင်တာပေါ့။ မီးဖိုထဲက ပြာအနုကို သူတို့ကြေးခွက်ထဲမှာထည့်ပြီး ရေနဲ့ဖျော်လိုက်တာ။ ရေနဲ့ မွှေရင် ပြာနုတွေက ရေထဲမှာပျော်ဝင်ပြီး အချို့က အောက်မှာ အနယ်ထိုင်သွားတယ်။ အပေါ်ယံပြာရည်ကို ယူပြီး အခွံချွတ်ထားတဲ့

mgyoe.com

mgyoe.com

မတ်ပဲကိုပြုတ်တာ။ ပိုပြီး နူးလွယ်တယ်။ အဲဒီပြုတ်ပြီးသား မတ်ပဲကို ဆီသတ်ပြီး ပြန်ချက်တာ။ အဲဒီ မတ်ပဲပြာဟင်းလည်း စားလို့သိပ်ကောင်းတယ်။

ကျွန်တော်တို့အိမ်က အခါးဟင်းစားချင်ရင် ကြက်ဟင်းခါးသီးတို့ ခွေးတောက်သီးတို့ကို ချက်တတ်တယ်။ တော်တော်ကို ခါးတာ။ ကသည်းတွေ ချက်တဲ့ ခွေးတောက်သီးကတော့ ကျွန်တော်တို့ ချက်သလောက် မခါးဘူး။ ခွေးတောက်သီး နုလေးတွေကို ပါးပါးလှီးပြီး ဆားနဲ့နယ်ပစ်လိုက်တာ။ ပြီးတော့ အရည်တွေ ညှစ်ပစ်လိုက်တော့ အခါးဓာတ်ရော အငန်ဓာတ်တွေပါ လျော့ကုန်ထွက်ကုန်ကြတယ်။ ပြီးတော့ ရေတစ်ခါထပ်ဆေးပြီး ပြန်ညှစ်ပြန်ရော။ ပြီးတော့မှ ပုစွန်ခြောက်နဲ့ချက်တာ။ ပုစွန်ခြောက်မသုံးနိုင်သူက ရွှေကြက်ယက်ဘက်မှာပေါတဲ့ ငါးကလေးခြောက်နဲ့ချက်တာ။ ဒီတော့ မကောင်းဘဲ နေရိုးလား။ ကသည်းမဏိပူရတွေ သိပ်ကြိုက်ကြတဲ့ ငါးလပိက တစ်ဇလုံ ၅၀ သားကို ဟိုတုန်းက ၂ ပြားလောက် ပေးရတာ။ အဲဒီငါးလပိတွေ ကျပြီဆိုရင် ကသည်းတွေက ပိဿာတွေ ဆယ်နဲ့ချီပြီး ဝယ်ကြတာ၊ တတ်နိုင်ရင် တတ်နိုင်သလိုပေါ့။ အဲဒါကို ရေစင်အောင်ဆေး၊ ဆားနယ်ပြီး နေလှန်းကြတာ၊ တအားကြီးခြောက်အောင် လှန်းကြတာ မဟုတ်ဘူး။ ဖန့်ရုံလောက် လှန်းကြတာ။ ပြီးမှ မောင်းနဲ့ထောင်းကြတာ ညက်နေအောင် ထောင်းထားတာ။ ကသည်းငါးပိလို့ ခေါ်တယ်။ သူတို့ ဒီငါးပိကို သုံးလည်း သုံးတယ်၊ ရောင်းလည်းရောင်းကြတယ်။ ကျွန်တော်တို့ သူတို့ဆီက ဝယ်သုံးရတာ။ ဒီငါးပိမှာ အရိုးလေးတွေ တစ်ခါတလေ ပါလာတတ်တယ် ထောင်းတာ မညက်လို့။ ဒါပေမဲ့ အန္တရာယ်ဖြစ်လောက်အောင် အရိုးက မစူးတတ်ပါဘူး။ သူ့အနံ့က မျှင်ငါးပိနံ့နဲ့တော့ ဆင်တယ်။ ဒါပေမဲ့ ထပ်တူတော့ မဟုတ်ဘူး၊ ကသည်းငါးပိကို ငရုတ်သီးစိမ်း၊ ခရမ်းချဉ်သီးနဲ့ကြော် သရက်ကင်းမြှုပ်၊ ဒါမှမဟုတ် သခွားသီးနဲ့ တို့မြှုပ်စားရင် သိပ်စားလို့ကောင်းတယ်။ အမေက အိမ်မှာ အဲဒါမျိုးကြော်ပြီး ဖန်ဘူးနဲ့ ထည့်ထားတတ်တယ်။ ကျောင်းသွားခါနီး တစ်ဇွန်းလောက်ကော်ပြီး နယ်ဖတ်စားရင်ဟင်းဖြစ်တယ်။ အရသာရှိပြီး မွှေးလို့ ကြိုက်တာ။ ကျောင်းသွားဖို့ ထရော်လီပေါ်ရောက်ရင် အတူကျောင်းတက်ကြတဲ့ သူငယ်ချင်းတွေက နှာခေါင်းရှုံ့ကြတယ်။ ဟော့ကောင်

mgyoe.com

မင်းဆီက ကသည်းငါးပိစော် နံတယ်ကွာတဲ့။ သူတို့က ကသည်းငါးပိနံ့ကို ချက်ချင်း သိတယ်။

ကသည်းတွေ ချက်ပြုတ်စားကြတဲ့ ဟင်းတစ်မျိုးမှာ အငေါင်းဘားဆိုတဲ့ ဟင်းတစ်မျိုး ရှိသေးတယ်။ အငေါင်းဘားဆိုတာ အရူးဟင်းတဲ့။ ဘာလို့ အရူးဟင်းလို့ ခေါ်တာလဲဆိုတော့ အသီးဟူသမျှ အကုန်ထည့်ချက်လို့တဲ့၊ ကျွန်တော်တို့ ချက်စားတဲ့ သီးစုံချဉ်ရည်ဟင်း သဘောမျိုး ဖြစ်မှာပါ။ ကျွန်တော်တို့ ထည့်မချက်တဲ့ ရောချက်လေ့မရှိတဲ့ အသီးတွေကို သူတို့က ရောချက်တာပါပဲ။ တချို့ကလည်း ငါးနဲ့ ပဲသီးနဲ့ ရောချက်တဲ့ဟင်းကို အငေါင်းဘားလို့ ခေါ်ကြတယ်။

ကျွန်တော့်အစ်မဝမ်းကွဲတစ်ယောက်က ကသည်းကပြားပေါ့။ ပုဏ္ဏားမကြည် ပုဏ္ဏားမကြည်ဆိုပြီး နာမည်ကြီးတယ်။ ရုပ်လည်း တော်တော်ချောတယ်။ ရုပ်ရှင်မင်းသမီး အေဝမ်းမေသန်းနဲ့ ဆင်တယ်။ ကျွန်တော့်ဦးကြီးတစ်ယောက်ရဲ့ ဒုတိယဇနီးက ကသည်းလူမျိုး၊ သူတို့က မွေးတာ။

ရွှေလောင်းရွာရဲ့ အစွန်မှာတော့ နွားတွေ အများကြီးပိုင်တဲ့ ဂိုဘင်းဆင်ဆိုတဲ့ ဟိန္ဒူကုလားကြီး မိသားစုရှိတယ်။ သူ့ဆီမှာ နွားမ အကောင် ၄၀–၅၀ ရှိတယ်။ ဂိုဘင်းဆင်က အသက် ၆၀ လောက်၊ သူ့ဇနီးက လက်ချိမ်းတဲ့၊ အသက် ၃၀ လောက်၊ သူ့ဇနီးက ချောတယ်၊ သူတို့မွေးထားတဲ့ သမီးလေးက ကျွန်တော်နဲ့ အသက်အရွယ် မတိမ်းမယိမ်းပဲ။ ရွှေရင်သိမ်းသစ်လေး၊ သူ့သမီးက မအေထက်လှတယ်။ 'ပရဝါသီး'တဲ့။

ကျွန်တော့်အဖေ သူကြီးကတော့ ဂိုဘင်းဆင်လို့ မခေါ်ဘူး။ သွားဟော့ 'ဂိုဘင်း'ဆီ နွားနို့သွားဝယ်ချေကွယ်လို့ အတိုကောက်ပဲခေါ်တယ်။ သူ့ဆီက နို့က စစ်တယ်၊ ကျွန်တော်လာရင် ဂိုဘင်းဆင်က 'ချွတ်ကရား၊ ဒုပီရေကား၊ ပီ၊ အချားဒုပရေကား'လို့ ဟိန္ဒူလို ပြောတတ်တယ်။

သူတို့ဆီ နို့သွားသွားယူရင်းနဲ့ သူတို့သမီးလေးကို မြင်မြင်နေမိတာကိုး။ အရင်ကတော့ အိမ်ကခိုင်းမှ နွားနို့သွားသွားယူရင်း ပရဝါသီးလေးကို ငေးရတာ၊ နောက်တော့ နေက မြင့်လာတယ်။ ညနေ ကျောင်းဆင်းရင်၊ ဒါမှမဟုတ် ကျောင်းပိတ်ရက်ဆိုရင် အိမ်ကမခိုင်းရင်လည်း ငှက်ပစ်သလိုလို

mgyoe.com

mgyoe.com


ဘာလိုလိုနဲ့ သူတို့ခြံကြီးဘက် ခြေဦးလှည့်မိတယ်။

သူတို့နွားခြံကြီးရဲ့ တစ်ဖက်မှာ မရန်းခြံကြီးရှိတယ်၊ ခင်မောင်ထွေးရဲ့ ယောက္ခမခြံပေါ့။ တေးရေးဆရာ ဝင်းမင်းထွေးရဲ့ အဘိုးအဘွားပိုင်တဲ့ မရန်းခြံကြီးပေါ့။ ပရဝါသီးက တစ်ခါတလေ ဆွဲခြင်းလေးဆွဲပြီး ခြံအပြင်ကို ထွက်လာတတ်တယ်။ မရန်းခြံကြီးနံဘေးက ဖြတ်ပြီး ထွက်လိုက်ရင် မယ်ဇယ်ပင်တွေ တန်းစီပေါက်နေတဲ့ နေရာကို ရောက်ရော။

"ဟေ့ ပရဝါသီး ဘယ်သွားမလို့လဲ" သိလျက်သားရဲ့ တမင်မေးတာ။ "မယ်ဇယ်စေ့ကောက်မလို့" "အေး ငါလည်းလိုက်ခဲ့မယ်" "နင် ကူကောက်မှာလား" "အေး နောက်ထပ် လက်ဆွဲခြင်းတောင်းတစ်လုံး ပါလာရင် ကောင်းမယ်" အဲဒီစကားက အလကားပြောတာ၊ ဒါမှ ကောက်ပြီးသား မယ်ဇယ်စေ့တွေ သူ တောင်းထဲ ခဏခဏ သွားထည့်ရပြီး၊ သူ့အနား ခဏခဏ ကပ်ခွင့်ရမှာ၊ "အံမယ် ဒီခြင်းတောင်းပဲ ပြည့်အောင်ကောက်စမ်းပါဦး" ပရဝါသီးက မျက်စောင်းလေးချီပြီး ပြောရင် ပိုပြီးလှသလိုပဲ။

တကယ်ကောက်ကြတာတော့ မယ်ဇယ်စေ့ကို မနက်စောစောထပြီး ကောက်ကြတယ်။ တစ်ညလုံး ကြွေထားတာတွေကို ကောက်ကြတာ။ မယ်ဇယ်စေ့ မှည့်ချိန်ဆိုရင် လင်းဆွဲကြီးတွေက လာစားတတ်တယ်။ သူတို့က အကာတွေ၊ အပြင်ပိုင်းက အခွံတွေပဲ စားကြတာမို့ မယ်ဇယ်စေ့တွေက အပင်အောက်မှာ ဖွေးနေတာပဲ။ ဒါတွေကို ကောက်ပြီး ပြန်ရောင်းကြတဲ့ လူတွေလည်း ရှိတယ်။ မယ်ဇယ်စေ့တစ်ပြည်ကို တစ်မတ် သုံးပဲရကြတာ၊ ဟိုတုန်းက ရက်ကန်းကို တစ်နေကုန်ခတ်မှ တစ်မတ်ရတာလေ။

ညနေပိုင်းမှာ မယ်ဇယ်စေ့ကောက်တာက မနက်နဲ့ ညနေခင်းမှာ ကြွေတဲ့ မယ်ဇယ်စေ့ကို ကောက်ကြရတာ၊ မနက်စောစော ထကောက်တာ လောက် မရဘူး။ အဲဒီလို ကောက်ကြရင်း၊ စကြ၊ နောက်ကြရင်းနဲ့ သံလမ်းနားရောက်တော့ "ငါမောတယ်၊ လာနားကြရအောင်လို့" ပြောတော့ ပရဝါသီး အရမ်းရှက်သွားပြီး ကျွန်တော့်ကျောကို သူ့လက်သီးဆုပ်နဲ့ ထုတယ်။ "နင် လည်း မောမှာပါ၊ နားရအောင်ပါ"ဆိုရင် ထုပြန်ရော။

နှစ်ရက်လောက်နေတော့ ကျွန်တော့်အစ်မ မမကြည်နဲ့ တွေ့တယ်။

mgyoe.com

mgyoe.com


သူက ကျွန်တော်တို့အိမ်ကို ပေါက်ပေါက်ဆုပ်ဖော်လားမျက်တွေ လာပို့တာ။ "မမကြည် မမကြည်" "ဟဲ့ ဘာတုံး" "ကျွန်တော် မသိတာတစ်ခု မေးချင်လို့" "မေး" "တစ်နေ့ကဗျာ၊ ပရဝါသီးနဲ့ မယ်ဇယ်စေ့လိုက်ကောက်တာ" "အံမယ် ငါတွေ့ပါတယ်၊ နင် နေ့တိုင်း အဲဒီဘက် စက်ကျနေတာ" "မဟုတ်ရပါဘူး၊ နေ့တိုင်းမဟုတ်ပါဘူး တစ်ခါတလေပါ။ အဲဒါဗျာ မောလို့ မယ်ဇယ်ပင်တွေအောက် ခဏနားရအောင်ဆိုတာ ကျွန်တော့် ကျောထုတယ်ဗျ။ ကျွန်တော်က နားရအောင်ပါဆိုရင် သူကထုပြန်ရင်း" "ဟ ကောင်လေး ဘာတွေလျှောက်ပြောနေတာတုံး" "ဘာလို့လဲဗျ" "တယ် ငါမပြောလိုက်ချင်ဘူး။ နားတယ်ဆိုတာ သူတို့ဘာသာစကားနဲ့ မိန်းမနဲ့ယောကျ်ား အတူတူ အိပ်တာဟဲ့"။

## အင်းဒိုင်

သူကြီးဆိုတာ ကိုယ့်ရပ်ကိုယ့်ရွာဝန်းကျင်မှာရှိတဲ့ လူအမျိုးမျိုးနဲ့ ပေါင်းရသင်းရ ဆက်ဆံရတာပါ။ အဲဒီအထဲမှာ တံငါတွေ၊ အင်းသမားတွေလည်း ပါကြတာပေါ့။

ငါးရစ်တက်ချိန်ဆိုရင် ငါးဖမ်းခွင့်မရှိဘူး။ ငါးတွေ ဥချချိန်၊ သားပေါက်ချိန်မို့ ဖမ်းခွင့်မပေးတာပါ။ ရေရှည်ကြည့်ရမယ်လေ၊ ဒီအချိန်မှာဖမ်းရင် ငါးမျိုးတုန်းကုန်မှာပေါ့။ အဲဒါကို စည်းကြပ်ဖို့ အရေးပိုင်က အင်းအင်စပက်တော်ကို ခန့်ထားခဲ့တယ်။ ဒီလူတွေကလည်း ဝင်ငွေကောင်းကြတဲ့လူတွေပေါ့။ ဩဇာလည်း ရှိကြတယ်။ ရေလုပ်ငန်းနဲ့ ဆက်နွယ်ပြီး လုပ်ကိုင်ရှာဖွေစားတဲ့ လူတွေအပေါ်မှာ အင်းအင်စပက်တော်က ဩဇာရှိတယ်။ လာဘ်လာဘရွှင်တဲ့ရာထူးပါ။

ငါးရစ်တက်ချိန်မှာ ငါးမဖမ်းရဆိုမှ ဖမ်းတဲ့သူတွေက ရှိတာကိုး။ ငါးပေါက်ဖွားတာကလည်း အံ့ဩလောက်အောင် ပေါက်ကြတာကိုး။ အင်းအင်စပက်တော်က စစ်မယ်လို့ သတင်းရရင် သူကြီးက လုပ်စားကိုင်စားနေသူကို ကြိုပြီး အကြောင်းကြားတယ်။ ပိုက်ချ၊ ပိုက်တန်းတာတွေ ဖြောင်ကြီးပေါ်ပေါ်ထင်ထင်ကြီး မလုပ်ကြနဲ့။ အင်စပက်တော် လာလိမ့်မယ်။ မိသွားရင်

mgyoe.com

mgyoe.com


တော့ လှေရော၊ ပိုက်တွေရော ကိရိယာတွေရောသိမ်း။ တရားရုံးမှာ ရင်ဆိုင်ရတယ်။ အဲဒါ လက်လုပ်လက်စား တံငါးလေးတွေ နစ်နာတတ်တယ်။ ဒီတော့ သူကြီးက ဘယ်နေ့က ဘယ်နေ့အထိ လက်ရှောင်ကြလို့ ဆင်ခြင်ကြလို့ ပြောတတ်တယ်။

အင်းဒိုင်နယ်နိမိတ်အတွင်း ငါးခိုးဖမ်းရင်လည်း အင်းဒိုင်က အရေးယူတယ်။ အဲဒါ ခိုးဖမ်းတာတွေ မလုပ်ရအောင် တားရတယ်။ လုပ်တာသိရင်လည်း အင်းဒိုင် ကျေနပ်အောင်၊ အဆင်ပြေအောင် သူကြီးတို့က ဆောင်ရွက်ပေးရတယ်။

စစ်ကိုင်း မန္တလေးသွားတဲ့ ကားလမ်းကြီးနံဘေး၊ မန္တလေးဘက်က နေသွားရင် ညာဘက်၊ မီးရထားလမ်းနဲ့ ကားလမ်းကြားမှာ 'ငါးတိုက်အင်း' ဆိုတာ ရှိတယ်။ ရေတက်လာပြီဆိုရင် ဒီအင်းက မီးရထားလမ်းကနေ ကားလမ်းအထိ အရှည်ကြီး ပိတ်ရဆီးရတာ။ ဆည်ပိတ်တယ်လို့ ခေါ်တယ်။ တိုးတဲ့ရေတွေ ပြန်မကျခင်မှာ ဆည်ပိတ်ရတယ်။ ရေတက်လာရင် မြစ်ထဲက ငါးတွေက တက်ရေနဲ့အတူ ပါလာကြပြီး ရေကျရင် ငါးတွေက ကျရေနဲ့ အတူ ပြန်ပါသွားတတ်လို့ ရေမကျခင် ယင်းနဲ့ တားရဆီးရတာ။ ယင်းဆိုတာ ဝါးနဲ့ ရက်ထားတာ၊ စိပ်စိပ်လေးမို့ ငါးသေးသေးလေးတောင် ထွက်မရအောင် စိပ်ရတယ်။ ဒီနယ်မှာတော့ ငါးတိုက်အင်းက ဒုတိယအကြီးဆုံးအင်း၊ တောင်သမန်အင်းက အကြီးဆုံးအင်း။

ဒီပြင်အင်းတွေက အင်းဖွင့်ထားရင် ရေစီးနေသမျှ ငါးက ကျချင်တဲ့ အခါ ကျမယ်၊ မကျချင်ရင် မကျဘူး။ ငါးတိုက်အင်းကတော့ ရေတံခါးနဲ့မို့ ဘယ်အချိန်ဖွင့်ရင် ငါးဖန်းမကျမယ်။ ဘယ်အချိန်ဖွင့်ရင် ငါးကြင်းကျမယ်။ ဝယ်သူရှိမှ ကြိုက်ဈေးရမှ ဖွင့်ရောင်းတာ။ ဈေးကျရင် မဖွင့်ဘူး။ အင်းက ရေတံခါးနဲ့ အရှင်မို့ ဒီအင်းကို အင်းဒိုင်တွေက မက်ကြတယ်။ အလုအယက်ပဲ။

အမရပူရမြို့နယ်ထဲမှာ တောင်သမန်အင်းက အကြီးဆုံးပဲ။ အင်းလေလံပစ်ရာမှာ တောင်သမန်အင်းက ဈေးအမြင့်ဆုံး။ လေလံဆွဲလို့ရတဲ့ သူက အဲဒီအင်းကို တစ်ရာသီပိုင်တယ်။ အင်းကြီးက ကျယ်လို့ တစ်ယောက် ကည်း မလုပ်နိုင်ရင် လက်ခွဲအင်းသူကြီးကို မျှပေးတယ်။ ဒါလည်း နေရာ

mgyoe.com

mgyoe.com


လိုက်ပြီး ဈေးအများဆုံးပေးတဲ့သူက နေရာကောင်းရကြတာ။ အင်းဆိုတော့ မြေကြီးပေါ်လို စည်းသားလို့ရတဲ့အမျိုးမှ မဟုတ်ဘဲ။ အင်းသူကြီးချင်း သူ့အပိုင်း ကိုယ့်အပိုင်း စည်းစောင့်ရတာပေါ့။

အင်းလေလံကို အရေးပိုင်ရုံးမှာ ပစ်လေ့ရှိတယ်။ လေလံကြော်ငြာပြီ ဆိုကတည်းက အင်းသမားတွေ လှုပ်လှုပ်ရွရွဖြစ်နေကြပြီ။ လေလံကြော်ငြာကို အရေးပိုင်ရုံးရယ် မြို့ပိုင်ရုံးတွေမှာ ကပ်တယ်။ ဆိုင်ရာသူကြီးတွေဆီလည်း လေလံကြော်ငြာပို့ရတယ်။ အင်းနဲ့ အသက်မွေးတဲ့လူတွေ၊ အင်းလုပ်စားသူတွေက သူတို့ရာသီ သူတို့သိကြတယ်။ ထုံးစံရှိလို့သာ ကြော်ငြာကပ်ရတာပါ။ အင်းလေလံဆိုတာ အင်းလုပ်ငန်းမစခင် တော်တော် စောစောကတည်းက လေလံပစ်ရတယ်။ ဒီလို လေလံကို စောစောပစ်ထားမှ။ သူ့မှာ မျောတိုင်တွေ ဝါးတွေ ကြိမ်တွေ ဝယ်ရဦးမှာ၊ ယင်းတွေကျစ်ရဦးမှာ။ ဒီပစ္စည်းတွေက အထက်အညာ သွားဝယ်ကြရတာလေ။ အရင်းအနှီးက မသေးဘူး။ ကိုယ် မဝယ်နိုင်ရင် ကိုယ်စားလှယ်လွှတ်ပြီး အဝယ်ခိုင်းရတာ။ လုပ်ငန်းခွင်မတိုင်ခင် လုပ်ချိန်ကိုင်ချိန် ပြင်ဆင်ချိန်ရအောင် အင်းစမလုပ်ခင်ကတည်းက လေလံကို ခပ်စောစော ပစ်ထားရတာ။

အင်းမပိတ်သေးခင် အင်းထဲ ရေစဝင်ပြီဆိုရင် ယင်းကျစ်ကြရတယ်။ ကားလမ်းနံဘေး အရိပ်ကောင်းကောင်းမှာ ယင်းကျစ်နေကြသူတွေကို ကားပေါ်ကနေ မြင်ဖူးကြမှာပါ။ ယင်းကလည်း တစ်ခါကျစ်ထားလို့ ရိုရိုသေသေ သုံးရင် သုံးလေးနှစ်တော့ ခိုင်းစားလို့ရတယ်။ ဝါးတွေကို ကလေး လက်သန်းလုံးလောက် ချောနေအောင် သပ်ရတယ်။ ပြီးမှ တစ်ချောင်းနှင့် တစ်ချောင်း ကြိမ်နဲ့ ကွပ်ကြရတာ။ အဲဒီမှာ အတတ်ပညာ ပါလာပြီ။ တတ်ကျွမ်းသူက ယင်းကျစ်ရင် အကြောလည်းလှတယ်။ ခိုင်လည်း ခိုင်တယ်။ အစိပ်အကျဲညီပြီး တောင့်တင်းတယ်။

အင်းလေးလံပစ်ရင် ကိုယ့်အုပ်စုနဲ့ကိုယ် အုပ်စုဖွဲ့နေတတ်ကြတယ်။ စီးပွားရေးအရ လေလံကို အပြိုင်အဆိုင်ဆွဲရမှာ မဟုတ်လား။ တချို့က အင်းတကယ်မလုပ်ဘဲ ခြောက်ပြီး စားရအောင်လာတဲ့ ခြောက်စားတွေလည်း ရှိတယ်။ ဒီလိုလူမျိုးတွေကို ကာကွယ်ဖို့ နောင်ကျတော့ အင်းလေလံဆွဲမယ်

mgyoe.com

mgvoe.com


ဆိုရင် စပေါ်ကြိုတင်ရတယ်။ ခြောက်စားတဲ့လူက အင်းကို တကယ်လုပ်မှာ မဟုတ်ဘူး။ အင်းလေလံ ဈေးမြင့်အောင် တမင်လိုက်ပြီး ဈေးပြိုင်လိုက်အော် နေတာ။ (သူအဲဒီလို မအော်အောင်၊ မလိုက်အောင် ပိုက်ဆံပေးအောင်လို့၊ ကျေနပ်တဲ့ငွေရရင်တော့ ပြန်တာပဲ။) တချို့က ပိုပြီး လူလည်ကျသေးတယ်။ အဲဒီလို ပေးခဲ့တဲ့ ပိုက်ဆံကိုပဲ ကိုယ့်မိတ်ဆွေပေးခဲ့ပြီး လိုက်ခြောက်ဖို့ ခိုင်းခဲ့သေးတယ်။ ငါ့တော့ ပိုက်ဆံရပြီ၊ ဒီပိုက်ဆံနဲ့ မင်းဟိုကောင်တွေကို လိုက်ခြောက်၊ ဘယ်လိုလုပ် ဘယ်ဝါလုပ်နဲ့ သင်ပေးခဲ့သေးတာ၊ မခံချင်စိတ်ဖြစ်လာအောင် လုပ်ကြရင်း ဈေးမြင့်လာတော့မှ ဆက်မလိုက်ဘဲ ထိုင်ပစ်လိုက်တာ၊ ကလိမ်ကျပေါက်၊ ညစ်ပေါက်တွေပေါ့၊ အဲဒီလိုနေ့ မန္တလေးရုံးကြီးခေါက်ဆွဲဆိုင်၊ မြီးရှည်ဆိုင်၊ လက်ဖက်ရည်ဆိုင်တွေ ကြိတ်ကြိတ်တိုးပေါ့။

နောက်ပိုင်းတော့ လေလံကို လိုက်ခြောက်တဲ့လူတွေမရှိအောင် စပေါ်တင်ကြရတယ်။ ငွေတွေကို အထုပ်လိုက်တင်လိုက်တာပဲ။ ရေတွက်မနေဘူး။ ဒီတော့ မပြည့်ဘူးလေ။ နောက်တော့ ငွေပြည့်မှ စပေါ်အတင်ခံတယ်။ အဲဒီတော့ ခြောက်စားတဲ့လူ လုံးဝကင်းသွားတာတော့ မဟုတ်ဘူး၊ နည်းသွားတာ။ ပိုက်ဆံရှိတဲ့ မျက်နှာကြီး ခြောက်စားသမားတွေတော့ ကျန်သေးတာပဲ။ သူတို့လောကသားတွေက ဒီလိုလူကို 'စပ်ဖား' လို့ခေါ်တယ်ထင်တယ်၊ သိပ်မမှတ်မိတော့ဘူး။

အင်းလေလံဆွဲရာမှာ ကိုယ်နဲ့ပြိုင်ဘက်ကိုတိုက်ဖို့ ကိုယ့်လူတစ်ယောက်နဲ့ ညှပ်ပြီး အပြုတ်တိုက်တာတို့၊ အင်းလေလံ ဈေးမမြင့်အောင် အချင်းချင်းညှိထားကြတာတို့လည်း လုပ်ကြတယ်။ အဲဒီလိုလုပ်ရင် အကင်းပါးတဲ့ အရေးပိုင်က အဲဒီအင်းလေလံကို ချမပေးဘူး။ ဒီနှစ်ပေးတဲ့ကြေးက မနှစ်ကပေးတဲ့ကြေးမမီဘူး။ သူက ကြေးတိုင်နဲ့တွက်တယ်။ သုံးနှစ် လေလံပစ်လို့ရတဲ့ လေလံကြေးတွေပေါင်းပြီး ပျမ်းမျှတွက်လိုက်တယ်။ အဲဒါမီရင် လေလံချပေးလိုက်တယ်၊ မမီရင် နောက်တစ်ခါထပ်ချိန်းပြီး လေလံထပ်ပစ်ကရော။ အဲဒါကတော့ အစိုးရနဲ့ အင်းဒိုင်တွေနဲ့ တိုက်ပွဲ။ တစ်ခါတလေလည်း အင်းဒိုင်တွေဘက်က အနိုင်ရသွားကြတာလည်း ရှိတယ်။ အဲဒီအချိန်မှာ အင်းဒိုင်တွေနဲ့ အရေးပိုင်မင်းနဲ့ ငွေပေးငွေယူတွေလည်း ရှိတော့တာပေါ့။

mgvoe.com

mgyoe.com


ဘုံးအိုးက အင်းဒိုင်ဟာဂျီစောဆိုတာ အလွန်ချမ်းသာပါတယ်။ မန္တလေး ၂၇ လမ်းမှာ တိုက်ဆောက်ထားတယ်။ ခပ်ဝဝဖိုင့်ဖိုင့်ကြီး၊ အသက် ၇၀ မှာ တော်တော်ကျော်တဲ့အထိ အင်းအခြေကို ရေငုပ်ပြီး အင်းစမ်းနိုင်သေးတယ်။ ယင်းတွေကို စစ်တာပေါ့။ အင်းအခြေမှာ ယင်းတွေ ကာထားတာ တန်းထားတာ တစ်ထွာ တစ်မိုက် လစ်နေဟာနေလို့မရဘူး။ အဲဒီလို ဟစ်ဟာ ပေါက်နေရင် ငါးတွေ ထွက်ကုန်ရော၊ အင်းဒိုင်ရှုံးသွားမယ်။ တကယ်တော့ ဒီအလုပ်ကို အင်းလုပ်သားတွေက လုပ်ရတာပါ။ တချို့ အင်းသူကြီး အင်းဒိုင်က သူတို့ အလုပ်သမားကို မယုံတဲ့အခါ ကိုယ်တိုင်ဆင်းစစ်တတ်တယ်။ ဟာဂျီစောကတော့ သူ့ကိုယ်သူ ကြံ့ခိုင်သေးတာသိရအောင်လို့၊ အင်းလုပ်သားတွေကို အဟန့်သဘောမျိုး ဆင်းစမ်းတာဖြစ်ပါလိမ့်မယ်။ ကိုယ့်အပေါ်မှာ သစ္စာရှိတဲ့ အင်းလုပ်သားတွေနဲ့ လူယုံတွေနဲ့ အလုပ်လုပ်ကြတာပါ၊ ဟာဂျီစောလို ကိုယ်တိုင်ဆင်းတော့ အလုပ်ကို ပိုလေးစားကြတာပေါ့။

ဟာဂျီစော အင်းဒိုင်လုပ်နေတဲ့ နေရာမှာ ရေတွေကျသွားတော့ နှစ်စဉ် ယာလုပ်နေကျသူတွေရဲ့ ယာကွက်တွေပေါ်လာတော့တာပေါ့။ ဒီတော့ ထွန်လို့ယက်လို့ကောင်းတဲ့ မြေအနေအထားရောက်ရင် ယာသမားတွေ လာပြီး ထွန်ကြယက်ကြရော။ တချို့ ယာသမားတွေက မြေပေါ်မှာ ဆောက်ချုံတွေရှိတော့ ခုတ်ပြီး စုပုံမီးရှို့ပါလေရော။ အဲဒီလို ဆောက်ချုံကို မီးပုံရှို့တာကို အင်းဒိုင်ဟာဂျီစောက မီးမရှို့ဖို့ ကန့်ကွက်တယ်။

ဟာ ဘယ့်နှယ်ဗျာ၊ အင်းအခါမှာ ခင်ဗျား အင်းလုပ်ခွင့်ရှိတာပဲ အင်းလုပ်ငန်းလုပ်ခဲ့တယ်။ အခု ရေတွေကျသွားလို့ ကုန်းတွေပေါ်နေမှတော့ သူတို့မြေသူတို့ ထွန်ပါစေ၊ ထယ်ပါစေ၊ သူတို့စိုက်ပျိုးခွင့်ရှိတာပဲ၊ ဆောက်ချုံ မီးရှို့တာလည်း သူ့လုပ်ငန်းခွင်မှာ အနှောင့်အယှက်ပေးတာမို့ မီးရှို့တာပဲ၊ ရှို့ပါစေ။

မဟုတ်ဘူး၊ ယာလုပ်တာ၊ ထွန်တာ၊ ထယ်တာလုပ်ကြပါ၊ မလုပ်ပါနဲ့လို့ ကျွန်တော်မပြောဘူး၊ ဒါပေမဲ့ ဆောက်ချုံတွေစုပြီး မီးတိုက်ပစ်တာကို ကန့်ကွက်တာ၊ တားတာပါ။ ဒါကြောင့် တရားစွဲတာပါ။ အဲဒီ ဆောက်ချုံ မီးရှို့တဲ့နေရာရဲ့အောက်မှာ မြေကြီးထဲ ငါးမျိုးတွေရှိတယ်၊ ဒါကြောင့် တားတာ

mgyoe.com

mgyoe.com


ပါတဲ့။

ဟ အားလုံး အံ့အားသင့်ကုန်ကြတယ်။ ရေမှမရှိတော့တာ၊ ထယ်စိုင်ခဲပဲရှိတာ၊ ဘယ်ကဘယ်လို ငါးကရှိနေရတာလဲ။ ဒါဆိုရင်လည်း ကျွန်တော် သက်သေပြပါမယ်၊ ဒီအမှုအတွက် နယ်ပိုင်ဝန်ထောက်၊ တရားသူကြီးတွေ၊ အရာရှိတွေ ကွင်းဆင်းကြရတယ်။ အဲဒီတော့မှ သူက လက်တွေ့ပြတာ၊ သူက မြေစိုင်ခဲတစ်ခဲကို အတူးခိုင်းပြီး အင်တုံကြီးထဲ ထည့်ထားလိုက်တယ်၊ ပြီးမှ ရေတွေချည်းလောင်းထည့်တယ်။ လောင်းထည့်တဲ့ရေထဲမှာလည်း ဘာမှမပါကြောင်း ကွင်းဆင်းလာကြတဲ့လူအားလုံး အမြင်ပဲ။

မြေစိုင်ခဲက ရေတွေဝပြီး တအိအိနဲ့ အရည်ပျော်သွားတယ်။ နေ့တစ်ဝက်သာသာကြာတော့ ငါးပေါက်လေးတွေ အင်တုံကြီးထဲမှာ လှုပ်စိ လှုပ်စိနဲ့ ကူးခပ်နေကြတယ်။ ဟာဂျီစောက လက်တွေ့ပြနိုင်လို့၊ သူ့ကို အနိုင်ပေးလိုက်ကြရတယ်။

## ၃၂

ငယ်ငယ်က အဖေတို့ အမေတို့ပိုင်တဲ့ လယ်တွေမှာ ကောက်စိုက်ချိန်ဆိုရင် ကျွန်တော် လယ်ထဲကို လိုက်ရတယ်။ အရှေ့တောမှာရှိတဲ့ လယ်တွေဆီကိုပေါ့။ ကောက်စိုက်ချိန် ကောက်စိုက်သမတွေ နားထောင်ဖို့ အိမ်က ဓာတ်စက်ယူသွားရတယ်။ အဖေက အဲဒီဓာတ်စက်ကို ကျွန်တော့် အဖွင့်ခိုင်းတယ်။ ကျွန်တော်တို့နဲ့အတူ အဖေ့လက်စွဲ ဦးမြို့ပါလာတယ်။ သူက အဖေ့ လယ်တွေကို ကြီးကြပ်ရတဲ့သူ။

သူက လယ်တောမရောက်ခင် လမ်းမှာကတည်းက ကျွန်တော့်ကို ပြောထားတာရှိတယ်။ "ဟေ့ကောင်စောမောင် လယ်ထဲရောက်ရင် ဟိုသွား ဒီသွား လျှောက်မသွားနဲ့နော်" "ဘာလို့တုံးဗျ" "ဟိုကောင်မတွေက သိပ်ဆိုးတာ ကောင်းတဲ့ကောင်မတွေမဟုတ်ဘူး" "ဘယ်ကောင်မတွေ"လဲ။ "ကောက်စိုက်သမတွေလေ မင်းမကြားဘူးလား" "ဘာဖြစ်လို့တုံး" "မင်း ဒီအရွယ်ကြီး ကျမှတော့ နို့မစို့ချင်တော့လောက်ပါဘူး" "ဟောဗျာ ဦးမြို့ကလည်း ကြုံကြုံဖန်ဖန်" "အေး အဲဒါကြောင့်ပြောတာ။ မင်းကို ကောင်မတွေက လယ်ရှင့်သား

mgyoe.com

mgyoe.com


ဆိုပြီး ဖမ်းမယ်လို့ချောင်းနေကြတယ်။ တိုင်ပင်နေကြတာ ငါကြားခဲ့တယ်” “တကယ်လား” “ဩော်–သူတို့က မိရင် မင်းကို နို့တိုက်ကြမှာ။ ပြီးတော့ ပြီးတော့ ကိုယ်တုံးလုံးချွတ်ပြီး ဒါမျိုးဖြစ်လာရင် နှီးဖျားနဲ့ ရိုက်ကြမှာ” “ဟာ ဒုက္ခ” ပဲ။

ဦးမြို့က အဲဒီလိုပြောထားလို့ ဓာတ်စက်ဖွင့်ရင်း ဟိုနားဒီနားသွားဖို့ မပြောနဲ့ အပေါ့သွားချင်တာတောင် မသွားရဲဘူး။ ကောက်စိုက်သမတွေရဲ့ ရန်ကြောက်လို့။ တကယ်ပဲ သူတို့တိုင်ပင်ကြတာကို ဦးမြို့ ကြားလာတာ လား။ ဦးမြို့ကပဲ သူတို့ကို စကားထည့်ထားတာလား၊ တစ်ခုခုတော့ တစ်ခု ခုပဲ။ ကျွန်တော်မှ တစ်ခုလုပ်ချင်လို့ နည်းနည်းလှုပ်လိုက်ရင် ကောက်စိုက်ရာ မှာ အစွန်းဆုံးစည်းခေါင်း မည်းမည်းတုတ်တုတ်ကြီးက အဟင်း အဟင်းနဲ့ ချောင်းဟန့်တတ်တယ်၊ ပြီးတော့လည်း ကောက်စိုက်ရာကနေ ကျွန်တော့်ကို လှမ်းလှမ်းကြည့်တတ်ကြတယ်။ ကျွန်တော့်မှာ သူတို့ကြောက်လွန်းလို့ အသာလေး ငြိမ်နေရတာ၊ ဓာတ်ပြားသံပတ်ပေး၊ ဓာတ်ပြားလဲ ဒါပဲ ကျွန်တော် လုပ်ဝံ့တယ်။ ဒါအပြင် ဘာမှမလုပ်ဝံ့ဘူး။ ကြာလာတော့ ဆီးက သွားချင် လှပြီ။ သူတို့ကလည်း ချောင်းဟန့်လိုက် လည်ချောင်းရှင်းလိုက်၊ မကြား တကြားနဲ့ ဘာတွေပြောကြမှန်း မသိဘူး။ ဆီးကသွားချင်တာ လွန်လာတော့ ဆက်ပြီး မအောင့်နိုင်တော့ဘူး။ ပုဆိုးထဲ ပေါက်ချလိုက်ရရော။ အဲဒီလို ပေါက်ချလိုက်မှလည်း နေသာထိုင်သာရှိတာ၊ ပုဆိုးသုံးပုံနှစ်ပုံလောက် ရွှဲစို ပူနွေးကြီးဖြစ်သွားတာ။

ဓာတ်စက်ဖွင့်နေရင်းနဲ့ ပုဆိုးလဲရအောင် တဲထဲ အသာဝင်လိုက် တယ်။ ဓာတ်စက်က မဟာပဒုမဓာတ်ထုပ် ဖွင့်ထားခဲ့တာ။ ပုဆိုးကို ချက်ချင်း လဲဝံ့တာ မဟုတ်ပါဘူး။ တဲတံခါး ပုဏ္ဏားကွယ်က အသာချောင်းကြည့် ရသေးတာ၊ 'ဘဂဝါဆုပန်ကာ သေရမှာ မကြောက်ပါဘူး' လည်း ရောက် ကရော ဓာတ်စက်သံပတ်ကလျော့သွားတော့ အသံက အာလေးလျှာလေး ကြီး ဖြစ်သွားကရော။ အဲဒီတော့ ဓာတ်စက်နား ကျွန်တော်မရှိတာ သူတို့ သိသွားကြရော။ ဦးမြို့က ခပ်လှမ်းလှမ်းကနေ ဟ ဘယ်သွားလဲစောမောင်ကြီး လို့ အော်လိုက်တာနဲ့ စည်းခေါင်းက ထဘီတစ်ချက် ပြင်ဝတ်ပြီး တဲဆီ

mgyoe.com

mgyoe.com


လျှောက်လာလိုက်တာ ဘယ်ရမလဲ ကျွန်တော်ကလည်း တဲနောက်က ကာထားတဲ့ သက်ငယ်တွေတိုးဖွေပြီး ထွက်ပြေးတော့တာ။ အဲဒီလောက်ကြောက်တာ။

အဖေက တမုဆိုးမှာ စပါးကျီတစ်လုံး၊ ရွှေကြက်ယက်မှာ စပါးကျီတစ်လုံး ဆောက်ထားတယ်။ ရွှေကြက်ယက်က ကျီထဲမှာတော့ စပါးအတော်အသင့်ပဲထားတယ်။ အဖေက သူ့စပါးကျီကိုကြည့်ပြီး ပြန်လာတော့ ခတ်စက်အနားမှာ ကျွန်တော်ကိုမတွေ့ဘူး။ ဒါနဲ့

ဟိုအကောင် ဘယ်သွားလဲလို့ မေးတော့ ဦးမြို့က ရယ်ပြီး ဖြစ်ကြောင်းကုန်စင်ပြောတော့တာပေါ့။ အဖေကလည်းရယ်ပြီး ဟာကွာ မင်းတို့က ငါ့သားကိုလို့ပြောပြီး ကျွန်တော့်ကို ပြန်ခေါ်တယ်။ ကျွန်တော်ကလည်း အဖေရှိတော့ ကောက်စိုက်သမတွေကို မကြောက်ဘူး။ အဖေက ခတ်စက်ကို ဆက်အဖွင့်ခိုင်းတယ်။

ဦးမြို့က ကျွန်တော့်ကို ပြန်ချော့တယ်။ "မကြောက်ပါနဲ့ကွာ။ ငါ့မှာ ကောက်စိုက်သမတွေကို နိုင်တဲ့ဂါထာရှိတယ်" လို့ပြောတော့ ကျွန်တော်တော်တော်စိတ်ဝင်စားသွားတယ်။ ကျွန်တော် စိတ်ဝင်စားတာကို ဦးမြို့က အကဲခတ်မိတယ်။ "အဲဒီဂါထာကို ဉ၊ခံပြီး မန်းလိုက်ရင် ကောက်စိုက်သမတွေ မင်းကို ဘာမှလုပ်လို့ မရတော့ဘူး" "တကယ်လား ဦးမြို့" "တကယ်ပေါ့ ငါ ဆိုသလိုလိုက်ဆို။ ပြီးတော့ အလွတ်ကျက်ထား" သူ့စကား မဆုံးသေးဘူး၊ ကျွန်တော်က နှုတ်ခမ်းတပြင်ပြင်နဲ့ အဆင်သင့်ဖြစ်နေပြီ။

ဉ၊။ ဉ၊။ ကောက်စိုက်သမ ေ...ဘက်...တ် ကောက်စိုက်သမ ေ...ဘက်... ပတ်။ ပလတ်တတ်တတ်...။ ပလတ်တတ်တတ်...။ အပေါ်က နာနာခွ။ အပေါ်က နာနာခွ။ ဦးမြို့ဆိုတဲ့လူ အလွန်နောက်တဲ့လူ။

လယ်တစ်ကွက်ကနေ နောက်လယ်တစ်ကွက်ကို ရေပေးတဲ့အခါ ကန်သင်းတွေက မြေမျက်နှာပြင် အနိမ့်အမြင့်မညီ ရေကျနေရာမှာ တစ်ပေခွဲ နှစ်ပေသာသာ ရေတံခွန်လေးလို ဖြစ်နေတတ်တယ်။ အဲဒီအခါ ဦးမြို့က နိမ့်တဲ့အပိုင်း ရေကျတာရဲ့ အောက်နားဆီမှာ တွင်းတူးပြီး စဥ့်အိုးတစ်လုံး မြှုပ်ထားတယ်။ ရေကျရာမှာ ရေနဲ့အတူပါလာတဲ့ငါးက ဆတ်ခနဲ အခုန်လိုက်မှာ စဥ့်အိုးထဲကျသွားရော။ ညနေ လယ်သိမ်းချိန်မှ အဲဒီငါးတွေကို

mgyoe.com

mgyoe.com

ဦးမြို့က ဖော်တယ်။ ငါးကျည်းတို့ ငါးရံ့တို့ အတော်ရတာ၊ မနက်လည်း တစ်ခါဖော်သေးတယ်။

ငါးစုံကျတာမို့ ကျတဲ့ငါးကို ကြော်စားချက်စားတာထက် အဖိုးနည်း ဝန်ပါအောင် "သုံးဦးစပ် ငါးပိရည်ကျို" လုပ်စားကြတယ်။ ကျထားတဲ့ ငါးအစုံကို ချေးတွေအူတွေထုတ်၊ ကောက်ညှင်းထမင်းရည်လေးနဲ့ စိမ်ထား လိုက်တာပဲ။ များသောအားဖြင့်တော့ ငါးကျည်း ငါးခူ ငါးစင်ရိုင်းကို သုံးဦးစပ် ငါးပိရည်ကျို လုပ်ကြတာ။ လယ်ထဲယာထဲကရတဲ့ လယ်ပတူတို့၊ ကနဖော့ တို့နဲ့ တို့မြှုပ်စားကြတယ်။ အိမ်ကချက်ယူလာတဲ့၊ လယ်ရှင်က ချက်ကျွေးတဲ့ ပဲပြုတ်၊ ပဲကြော်နဲ့ နယ်ဖတ်စားကြတာ။ သိပ်အရသာရှိပြီး ထမင်း မြိန်တာ ပေါ့။ တစ်ခါတလေ စားရတာဆိုတော့ အိမ်ထမင်း အိမ်ဟင်းလောက် မကောင်းပေမဲ့ စားလို့မြိန်တယ်။

## သမက်လောင်း

အဖေ ဦးဘဂျမ်းက သူကြီးဆိုတော့ အိုင်စီအက်စ် ဦးချမ်းသာတို့ အိုင်စီအက်စ် ဦးစိုးတင့်တို့နဲ့ သိပ်ရင်းနှီးတယ်။ ဦးချမ်းသာနဲ့ကတော့ တော်တော် စောစောကတည်းက ရင်းနှီးတာ၊ သရေစည်သူ အိုင်စီအက်စ် ဦးချမ်းသာပေါ့။

ဦးချမ်းသာကို ချပ်သင်းသူဌေး ဦးဘတင်က သူ့သမီးနဲ့ လက်ထပ်စေ ချင်တယ်။ အရပ်ပြောပြောရရင် ဦးချမ်းသာကို ဝယ်ယူတယ်ပေါ့။ ဒီကိစ္စမှာ အဖေတို့ အမေတို့ ကြားကနေ သွားလာဆောင်ရွက်ပေးရတယ်။ တော်တော် အရေးကြီးတဲ့နေရာက ကူညီရတာပါ။ အဲဒီလိုကူညီရင်း သူကြီးဦးဘဂျမ်းက လည်း သူ့သမီးအကြီး ကျွန်တော့်အစ်မအတွက် အိမ်ထောင်ဖက်တစ်ယောက် ဝယ်ယူချင်လာတယ်။ ဒါနဲ့ ဦးစိုးတင့်ကို တိုင်ပင်ပုံရတယ်။ ဦးစိုးတင့်က လူပျိုကြီး၊ ခပ်ပျော်ပျော်နေတတ်တယ်။

"အံမယ်ဗျာ သူကြီးရယ် တော်ရာအဝေးကြီးရှာမနေရပါဘူး၊ ကျုပ်မှာ ညီရှိတယ်" "ဘယ်မှာတုံးဝန်ထောက်မင်း" "ဟ–တက္ကသိုလ်တက်နေတယ် လေ။ သတင်းစာဆရာအဖြစ်နဲ့ အရွေးခံရလို့ နိုင်ငံခြားသွားတော့မယ်လို့၊

mgyoe.com

mgyoe.com

သူရေးတဲ့စာအုပ်တွေ စာစောင်တွေဖတ်ပြလိုက်တာ နံပါတ်တစ်ကအအောင် ပေးရရော” “ဟုတ်လား၊ ကျွန်တော်ဘာလုပ်ပေးရမလဲ” “နေဦး နေဦး ခင်ဗျား တို့ကြည့်ရအောင် ကျုပ်ညီသိန်းတင်ရဲ့ ဓာတ်ပုံပို့လိုက်မယ်” တကယ်လည်း ဦးစိုးတင့်က သူ့ညီသိန်းတင်ခေါ် ကိုညိုမြ (အိုးဝေဦးညိုမြ) ရဲ့ဓာတ်ပုံ ပို့လိုက် တယ်။

အမေကတော့ အလွန်ရိုးသားတာဟုတ်လား။ အဖေ့လောက်တော့ ဘယ်ပွင့်လင်းမလဲ၊ ရက်တာ အားနာတာတွေပါ့မှာပေါ့။ မင်းတို့ ယောက်ဖ လောင်းပုံကြည့်စမ်းပါဦး ဘယ်နှယ့်လဲ။ အဲဒီတုန်းက ကိုညိုမြက အရွယ် ကောင်း နှုတ်ခမ်းစုစုနဲ့ ဆံပင်ကို ပိနေအောင် နောက်လှန်ဖြီးထားတယ်။ ကင်မရာကို ကြည့်နေတဲ့ သူ့မျက်လုံးတွေက မထိတရီနဲ့။

အမှန်ကတော့ ဒီကိစ္စကို ကာယကံရှင် ကိုညိုမြတောင်မှ သိချင်မှ သိမှာပါ။ အစ်ကို အိုင်စီအက်စ်နဲ့ ဖအေသူကြီးတို့ ကာယကံရှင်တွေသဘော မသိကြဘဲနဲ့ ကျိတ်တိုင်ပင်ကြံစည်နေကြတာလေ။ ဦးစိုးတင့်နဲ့ ဦးချမ်းသာတို့ က ဘိလပ်မှာ ကျောင်းတက်ကြရင်း တက္ကသိုလ်လှေလှော်အသင်းမှာ ပါခဲ့ ကြတော့ ရုံးပိတ်ရက်တွေမှာ ရွှေကြက်ယက်ကိုလာပြီး ရေလာကူးကြ၊ လှေ လာလှော်ကြတယ်။ ဦးချမ်းသာ အမရပူရ နယ်ပိုင်ဝန်ထောက်လုပ်နေတုန်းက ပေါ့။ ရွှေကြက်ယက်သူကြီးအိမ်မှာပဲ စတည်းချသောက်စားကြတော့ ရင်းနှီး ပြီး ကျုပ်မှာ ညီရှိတယ်တွေ ဘာတွေ ဖြစ်လာကြတာလေ။

“ကဲကဲ သူ့ကျောင်းစရိတ် ကျွန်တော်တာဝန်ယူရမှာပေါ့” အဖေက ပြောတော့၊ သူက “အစိုးရလွှတ်တဲ့ ပညာတော်သင်မို့ ကျောင်းစရိတ်တော့ ကုန်မှာမဟုတ်ဘူး။ သုံးဖို့ စွဲဖို့လေးလောက်ပဲ ကုန်မှာပါ။ သူကြီးက ချပ်သင်း သူဌေး ဦးဘတင်လောက် မကုန်ပါဘူး။ ပြီးတော့ သူကြီးလည်း ဦးဘတင် လောက် မချမ်းသာဘူးဟုတ်လား။ ကျုပ်ညီ ဝိစကီဖိုးလောက်ဆိုရင် ဖြစ်ပါပြီ” တဲ့။

ကိုညိုမြက ပထမ အင်္ဂလန်ကို သွားရတယ်။ နောက်တော့ အမေရိ ကန်ကို ဆက်တယ်။ အဲဒီမှာ ဒုတိယကမ္ဘာစစ်ဖြစ်လို့ သောင်တင်နေသေး တယ်။ ကျွန်တော့်အစ်မခမျာ ဂျပန်ခေတ်မှာ ပလိပ်ရောဂါနဲ့ ကွယ်လွန်ရှာ

mgyoe.com

mgyoe.com

တယ်။ အဖေ့ကိုတော့ မပြောရဲပါဘူး။ စိတ်ထဲမှာတင် ပြောမိတာပါ။ အဘ တော့ ဘိလပ်ပြန်သမက်နဲ့ လွဲရပြီလို့။

## သူကြီးသားအတွက် သင်ခန်းစာ

အဖေ့ဆီမှာ လက်စွဲကျော် နှစ်ဦးရှိတယ်။ ကိုမြို့နဲ့ ကိုမာမူဝတဲ့။ နှစ်ယောက်စလုံး စစ်ပြန်တွေပါပဲ။ မက်ဆိုပိုတေးမီးယား စစ်ပြန်တွေပါ။ သူတို့က သေနတ်ပစ် လက်တည့်ကြတယ်။ အဖေတောလည်ရင် သူတို့ ခေါ်သွားတတ်တယ်။ အဖေ့ဆီမှာ ၂ လုံးပြူးတစ်လက်ရှိတာကိုး၊ အဖေက တောကောင်ကြီးတွေ မပစ်ကြပါဘူး၊ ဝမ်းဘဲ၊ ဟသ်ာ၊ စနိုက်လောက်ပါပဲ။ သူကြီး က ကိုယ်တိုင်မသွားနိုင်ရင်တော့ မောင်မြို့ရေ၊ မာမူဝခေါ်သွားကွာ ဆိုပြီး နှစ်လုံးပြူးကို ပေးလိုက်တာပဲ၊ ကိုမြို့တို့၊ ကိုမာမူဝတို့ကတော့ တစ်ခါ တလေ ဆတ်တို့၊ ချေတို့ သွားပစ်တတ်တယ်။ အဖေကလည်း သူတို့ကို ယုံလို့ သေနတ်ပေးလိုက်တာပါ။

ရွှေကြက်ယက်ဝန်းကျင်၊ အမရပူရဝန်းကျင်မှာရှိတဲ့ အင်းတွေထဲကို ဆောင်းတွင်းဆိုရင် ဘဲတွေ စနိုက်တွေလာကြတယ်။

ဒီဇင်ဘာ ၂၀ ဝန်းကျင်၊ ခရစ္စမတ်နားနီးရင်တော့ အဖေကိုယ်တိုင် သေနတ်ဆွဲပြီး တောလည်တယ်။ စနိုက်အပစ်ထွက်တာပါ။ စနိုက်ပစ်ရင်း တစ်ခါတလေ ဘဲတွေ ဟသ်ာတွေလည်းရတတ်တယ်။ ရလာတဲ့ စနိုက်တို့ ဘဲတို့ကို ခရစ္စမတ်လက်ဆောင်အဖြစ်နဲ့ တိုင်းမင်းကြီးတို့ အရေးပိုင်တို့ကို အဖေက လက်ဆောင်သွားပေးတတ်တယ်။ မျက်နှာဖြူတွေက ဘဲထက် စနိုက်ကို ပိုသဘောကျတယ်။ စနိုက်က ကျန်းမာရေးအတွက် ပိုကောင်း သတဲ့။ စနိုက်ရလေ မျက်နှာကြီးလေပါပဲ။

လတော်တော်စောစောကတည်းက အိမ်မှာ ဂန္ဓမာပင်တွေ စိုက်ထား တယ်။ အခင်းနဲ့ စိုက်တာတော့မဟုတ်ပါဘူး။ အိုးနဲ့စိုက်တာ။ ဒီဂန္ဓမာတွေ ပွင့်ရင် သူကြီးအိမ်တော့ လှပနေတော့မှာပဲလို့ ဧည့်သည်တွေ အမှုသည်တွေ က ထင်ကြတယ်။ အဖေစိုက်တာ အိမ်အတွက်မဟုတ်ဘူး။ သူ့ဆရာ မျက် နှာဖြူအရေးပိုင်တို့ တိုင်းမင်းကြီးတို့ လက်ဆောင်ပေးရအောင် စိုက်ထားတာ။

mgyoe.com

mgyoe.com

ခရစ္စမတ်နီးလို့ စနိုက်တို့၊ ဘဲတို့ ရလာပြီဆိုရင် ဂန္ဓမာတွေကို မြေသပိတ်တွေထဲ ပြောင်းထည့်။ စနိုက်တွေ လက်ကဆွဲ၊ မြင်းလှည်းတစ်စင်းနဲ့ မန္တလေးသွားတော့တာပဲ။ မြေသပိတ်တွေက အင်းဝ လှမ်းမှာထားရတာ။ တိုင်းမင်းကြီးကရွှေကြက်ယက်သူကြီး ဦးဘဂျမ်းရဲ့ ခရစ္စမတ်လက်ဆောင်ဆိုရင် သိပ်သဘောကျတာပေါ့။ အဖေ လက်ဆောင်ပေးတဲ့ မြေသပိတ်ကို အင်္ဂလန်ထိရောက်အောင် သယ်တဲ့လူတွေ။

သူတို့ကလည်း ခရစ္စမတ်လက်ဆောင် ပြန်ပေးတာ နှစ်လုံးပြူးကျည်ဆန်တွေ ပြန်ပေးတယ်။ တစ်ခါပေးရင် နှစ်သေတ္တာ သုံးသေတ္တာပေးလိုက်တာ။ တစ်သေတ္တာကို ၂၅ တောင့်ဆံ့တဲ့ဂျပ်ဘူးနဲ့။ ဒီတော့ ကျွန်တော်တို့အိမ်မှာ နှစ်လုံးပြူးကျည်ဆန်တွေများနေတာပေါ့။ အဖေ ကွယ်လွန်ပြီးတဲ့နောက်ကို ဖောဖောသီသီပစ်ရတဲ့အပြင် ဘုံးအိုးကမိတ်ဆွေတွေ လာဝယ်လို့တောင်တချို့ ရောင်းစားရသေးတယ်။

အင်္ဂလိပ်လူမျိုးများ အဲဒီလောက် လူလည်ကျကြတာ။ အဖေတို့ကို နှစ်လုံးပြူးကျည်ဆန် လက်ဆောင်ပေးလိုက်ရင် သူတို့အတွက် ဘဲတွေ၊ စနိုက်တွေ ပြန်ရမယ်မဟုတ်လား။

ကျွန်တော်က အဖေ့ကိုနောက်တယ်။ အဖေ စနိုက်ပစ်ပြီး ပြန်လာရင့်နောက်တာပါ။ "ကျေးဇူးရှင် စနိုက်တွေပါလာပြီ။ ဒီစနိုက်တွေက ငွေဖလားတွေဖြစ်လာဦးမှာ" လို့။ "ဟေ့ကောင် ဒါတွေနဲ့မဆိုင်ဘူး။ ငွေဖလားရတာ ငါ့အုပ်ချုပ်ရေးကောင်းလို့ရတာ" တဲ့။ မန္တလေးမှာ ဒါဘာက နှစ်တိုင်းလုပ်လေ့ရှိတာကိုး။ ဒါဘာလုပ်တာ ခရစ္စမတ်ရက်နဲ့ သိပ်မကွာဘူး။ သူကြီးမှမဟုတ်ပါဘူး။ မြို့အုပ်၊ တောအုပ်၊ ရုံးအုပ်၊ စာရေးကြီးတွေ သူ့အဆင့်နဲ့သူတော်ရင် အမှုထမ်းကောင်းရင် ဆုချတာပါ။ ဝန်ထမ်းတွေ၊ အရာထမ်းတွေ အင်္ဂလိပ်အစိုးရဆီမှာ အလုပ်ကို စိတ်ဝင်စား စွဲမြဲအောင်၊ အလုပ်လုပ်ချင်အောင်၊ ကျိုးနွံအောင် တစ်နှစ်တစ်ခါ မြှောက်စားတဲ့ မင်းပွဲစိုးပွဲပါ။ ဒါဘာပြီးရင် တက်ရောက်တဲ့ပုဂ္ဂိုလ်တွေကို တစ်ခုခုနဲ့ ညှော်ခံတတ်တယ်။ ဒီပွဲမှာ မင်းကြီးတွေ အရေးပိုင်တွေက မိန့်ခွန်းတွေ ခြွေမနေကြပါဘူး။

ဒိစတြိတ်ကောင်စီ ဝန်ထောက်ဦးသန်းဖေက အခမ်းအနားမှူးလုပ်

mgyoe.com

တာ တွေ့ဖူးတယ်။ သူက ဒိစတြိတ်ကောင်စီချယ်ယာမင်းကိုး။ ဒိစတြိတ် လူကြီး ရွေးရတာ ရွေးကောက်ပွဲလုပ်တာတော့ မဟုတ်ဘူး။ အရေးပိုင်က တိုက်ရိုက်ခန့်တာ။ သမာဓိမြို့ဝန်လို့လည်းခေါ်တယ်။ အဖေလည်း အဲဒီ အထဲမှာပါတယ်၊ မြို့ရဲ့ရေ၊ မိလ္လာသန့်ရှင်းရေး ကိစ္စတွေလည်းပါတယ်။ အမှိုက်ကား မရှိသေးတော့ လှည်းနဲ့ အမှိုက်ကျုံးရတာပေါ့။

ဒိစတြိတ်ကောင်စီဝန်ထောက် ဦးသန်းဖေတစ်ယောက် နယ်ပြောင်း ရတယ်လို့ကို မရှိဘူး၊ မင်းပွဲစိုးပွဲဆိုရင် သူ့အခမ်းအနားမှူးလုပ်တာပဲ။ ထိုင်ရ တာက သူ့ခုံနံပါတ်နဲ့ သူ့အတန်းနဲ့သူ ထိုင်ရတယ်။ အရာရှိတွေက တစ် တန်း၊ မြို့အုပ်တွေက တစ်တန်း၊ သူကြီးတွေ၊ ရဲအုပ်တွေ၊ ရုံးအုပ်တွေ ကိုယ့် အတန်းနဲ့ ကိုယ်ထိုင်ကြရတယ်။ ပြီးတော့မှ ထိုက်သင့်သလို ဆုချတာပါ။

ငွေနာရီ၊ ဖောင်တိန်၊ ငွေကွမ်းအစ်၊ ငွေဖလား စတာတွေ ဆုချလေ့ ရှိတယ်။ သူကြီးတွေကိုတော့ ငွေကွမ်းအစ်၊ ငွေဖလား ဆုချလေ့ရှိတယ်။ အဲဒီငွေကွမ်းအစ်၊ ငွေဖလားမှာ စာတန်းထိုးပေးလိုက်သေးတာ။ သူကြီးဆယ် ယောက်မှာ နှစ်ယောက်လောက် ရတတ်တာ။ တော်တော်ကို ထူးချွန်မှ ရတဲ့ ဆုပါ။ ရဲတွေလည်း အမှုကြီးတွေပေါ်အောင် ဖော်ထုတ်နိုင်ရင် သူ့နယ်ထဲ မှာ အမှုအခင်းဖြစ်တာ အနည်းဆုံးဆိုတာမျိုးကို ဆုချတာ။

သူကြီး ဦးဘဂျမ်းက သူ့ရဲ့နှလုံးပြူးသေနတ်ကို သူ့သား ကျွန်တော့်ကို လည်း ကိုင်ခွင့်ပေးတယ်။ သူကြီးသားဆိုပြီး နှစ်လုံးပြူးသေနတ်တကားကား နဲ့ လုပ်နေတာတော့ မဟုတ်ဘူး၊ တစ်ခါတလေမှ ယူပစ်တာပါ။ တစ်နေ့ တော့ ကျွန်တော့်အဖေရဲ့ နှစ်လုံးပြူးယူပြီး စနိုက်ပစ်ရအောင်ထွက်လာခဲ့ တယ်။ အင်းအစပ်မှာ စနိုက်တွေကျနေတယ်လေ။ ကျွန်တော် စနိုက်တွေနဲ့ အနီးဆုံးရောက်အောင် ကုန်းကုန်းနဲ့သွားလိုက် လေးဖက်ထောက်သွားလိုက် နဲ့ တရွေ့ရွေ့ ချဉ်းကပ်လိုက်တယ်။ အနီးဆုံးစိတ်ကြိုက်အနေအထား ရောက် တော့မှ ဝမ်းလျားမှောက်ပြီး စနိုက်တွေကို သေသေချာချာချိန်လိုက်တယ်။ သေနတ် ခလုတ်ကွင်းထဲ လက်ညှိုးလျှိုပြီး ခလုတ်ပေါ်လက်တင်ပြီး မောင်းကို ဖြုတ်မယ်အလုပ်မှာ လူတစ်ယောက်က ကျွန်တော့်ဖင်ကို ခြေထောက်နဲ့ ပိတ်ကန်တာခံလိုက်ရလို့ လန့်သွားတယ်၊ ယောင်ပြီး မောင်းကိုဖြုတ်မိတော့

mgyoe.com

mgyoe.com


မယ်လို့ ကံကောင်းလို့ ကျည်တွေ ထွက်မကုန်တာလေ။

လှည့်ကြည့်လိုက်တော့မှ ကျွန်တော့်ဖင်ကို ခြေနဲ့ကန်တာ တခြားသူ ဟုတ်ရိုးလား၊ အဖေဖြစ်နေတာပေါ့။အဖေဒီလိုလုပ်လို့ တချို့စနိုက်တွေတောင် လန့်ပျံပြေးကုန်တယ်။ "မင်းဘာလုပ်တာလဲ" "စနိုက်ပစ်မယ်လို့အဘာ၊ ခုနက စနိုက်တွေအများကြီး မတွေ့ဘူးလား" "ဟာ မဟုတ်တာ၊ အဲဒီလိုမပစ်ရဘူး ကွ၊ ကြည့် ငါပစ်ပြမယ်" ဆိုပြီး ကျွန်တော့်လက်ထဲက ၂ လုံးပြူးကို သူယူ သွားပြီး စနိုက်တွေပြန်အဆင်းစောင့်တယ်။ ကျည်ဆန်လည်း ကျွန်တော် ထိုးထားတဲ့ကျည်က စနိုက်ပစ်တဲ့ကျည်ဟုတ်ရဲ့လား စစ်သေးတယ်။ အဘက ဝမ်းလျားထိုး ချောင်းတာချင်းတူပေမယ့် စနိုက်တွေလဲများလာရော မြေစိုင် ခဲတစ်ခဲနဲ့လှမ်းပစ်လိုက်တယ်။ ဒီတော့ ငှက်တွေက လန့်ပြီး ထပျံကြတာပေါ့။ အဲဒီလိုထပျံတော့မှ အဖေက သေနတ်မောင်းကိုဖြုတ်၊ ထိတော့ထိပါတယ်။ ဒါပေမဲ့ အကောင်ရေနည်းနည်းလေးပဲရလိုက်တယ်။ နောက်ကို ငှက်ပစ်ရင် အဲဒီလိုပစ်ရမယ်တဲ့။

ကျွန်တော် ဘဝင်သိပ်မကျဘူး။ ကျွန်တော်သာပစ်ရင် စနိုက်တွေဒီ ထက်များမှာလို့လည်း တွေးမိတယ်။အဖေလုပ်ပုံက နားမလည်ဘူးလေ။ အဘက ဆက်ပြီး ရှင်းပြတယ်။"သူတို့ခမျာ အေးအေးဆေးဆေး အစာစား နေတာ စားကြပါစေ။ သူတို့ကို သေနတ်နဲ့ပစ်မယ်ဆိုရင် ချောင်းပြီးမပစ်ရဘူး ကွ။ တောကောင်တွေပစ်ရင်လည်း ကိုယ်ဝန်ဆောင်တဲ့ သားကောင်ကို မပစ် ရဘူး။ အိပ်နေတဲ့ တောကောင်ကိုလည်း ချောင်းမပစ်ရဘူး။ နိုးအောင်နှိုး Beating လုပ်ခြောက်လှန့်ပြီးမှ ပစ်ရတယ်တဲ့။ သူတို့မှာ အခွင့်အရေးရှိ တယ်။ သူတို့အခွင့်အရေးပေးလိုက်ပါ။ ပြေးပါစေ၊ ပျံပါစေ၊ သူတို့ပြေးတော့ ပျံတော့မှ မင်းပစ်ပါ၊ မှန်ရင်လည်း မင်းရတာပေါ့ မမှန်ရင်လည်း အသက် ချမ်းသာခွင့်ပေးလိုက်၊ ဒါမှ သတ္တဝါချင်းမျှတမှာပေါ့၊ တရားမှာပေါ့၊ သူ့မှာ လည်း အသက်ရှိတာပဲ။ ပြီးတော့ အမြင့်ကိုပျံမှ လေထဲကိုလှမ်းပစ်တာ မြေကြီးဝပ်ပစ်တာထက် အန္တရာယ်ကင်းတယ်" တဲ့။ အဲဒါ သျှောင်ထုံးကြီးထုံး ထားတဲ့ ရွှေကြက်ယက်သူကြီးက သူ့သားကိုသင်ပေးတဲ့ သင်ခန်းစာလေး တစ်ခုပါ။

mgyoe.com

mgyoe.com

အနောက်နိုင်ငံတွေမှာ သေနတ်ပစ်ကြတယ်ဆိုတာ သူ့အသားစားချင်လို့ ပစ်ကြတာထက် စိတ်အာရုံကိုထိန်းချုပ်အပန်းဖြေတဲ့ ကစားနည်းတစ်နည်းအနေနဲ့ ပစ်ကြတာပါ။ ဦးနှောက်၊ မျက်လုံးနဲ့ ခန္ဓာကိုယ်၊ လက်တို့ရဲ့ စည်းချက်ညီ ချိန်ကိုက်လှုပ်ရှားမှုကို ခံစားကြတာလေ။

လေက ဘယ်ဘက်ကနေ ဘယ်ဘက်ကိုတိုက်နေသလဲ။ တစ်နာရီ ဘယ်နှမိုင်နှုန်းနဲ့ တိုက်နေသလဲ။ ကိုယ်ပစ်မယ့်သားကောင်က ဘာအကောင်လဲ။ ဒီလိုဆိုရင် ကိုယ်က ဘယ်လိုသေနတ်၊ ဘယ်လိုကျည်ဆန်နဲ့ ပစ်မလဲ။ သားကောင်ပြေးမယ့်ဦးတည်ရာက ဘယ်အရပ်ဖြစ်မလဲ။ သူ့ရဲ့ပြေးနှုန်း ပျံနှုန်းကရော ဘယ်လောက်ရှိမလဲ။

အဲဒီအချက်တွေကို တွက်ချက်စဉ်းစားပြီး ပစ်ခတ်ကြတဲ့ ကစားနည်းလေ။

## တည့်တည့်ပြောမှ ရိပ်မိတဲ့သူကြီး

မန္တလေးကို အိန္ဒိယဘုရင်ခံချုပ်လာတယ်။ တိုင်းမင်းကြီးက ဘုရင်ခံချုပ်ကို ကြိုဆိုဖို့ အခမ်းအနားပြင်ဆင်ရတယ်။ သူကြီးဦးဘဂျမ်းကို ဘာတာဝန်ပေးသလဲဆိုတော့ မြောက်ဘက်ကျုံးထဲမှာ ကရဝိက်ဖောင်လုပ်ပေးရမယ်၊ လှေပြိုင်ပွဲ ကျင်းပပေးရမယ်တဲ့။ ဒီအလုပ်တွေက အမရပူရမြို့နယ်မှာ ဦးဘဂျမ်း လုပ်နေကျအလုပ်တွေကိုး။

အဖေက အဲဒီအလုပ်တွေလုပ်ဖို့ မန္တလေးမှာ သွားနေရတယ်။ ပေအစိတ်ရှည်တဲ့ ပိန်းကောမကြီး ၂ ခင်းပေါ်မှာ ကရဝိက်ဖောင် ဖြစ်အောင်လုပ်ရမှာ။ အဖေနဲ့ အင်းလုပ်သားတွေက အလယ်ကောင်မှာ ပေတစ်ပျဉ်ခင်းပြီး ဖောင်ဖြစ်အောင် လုပ်နေကျ။ ကရဝိက်ပုံနဲ့ မဏ္ဍပ်တွေကို မန္တလေး ဗဟိုအမျိုးသားကျောင်းနားက စပ်ပန်းချီဆရာ ဆရာဖုးက လုပ်ပေးတယ်။ သူက အဖေ့လက်စွဲ စပ်ပန်းချီဆရာကြီး။ အဲဒီအချိန်က ကျွန်တော့်အသက် အလွန်ရှိလှ ၉ နှစ် ၁၀ နှစ်ပေါ့။ ငယ်ပေမယ့် ဝဝ လူကောင်ထွားထွားပေါ့။

အဖေ အဲဒီလို သွားနေချိန်မှာ အဖေမရှိရင် အိမ်မှာကျန်ရစ်တဲ့ သူကြီးသား သူကြီးကိုယ်စား ဆောင်ရွက်စရာရှိတာတွေကို ဆောင်ရွက်ရတယ်။